# မောင်မျိုး

စီစဉ်သည်

**မေး** ဦးဦးမော်ဆရာခင်ဗျား...

ကျွန်တော် ဦးဦးမော်ဆရာရဲ့ လူငယ်ရေးရာ အမေးအဖြေကဏ္ဍကို အမြဲတမ်း စိတ်ဝင်တစား စောင့်ဖတ်သူဖြစ်ပါတယ်။ ''နှလုံးသားစာမျက်နှာ''လို့ ရေးထိုးထားတဲ့အတွက်ကြောင့် များသောအားဖြင့် ချစ်ရေးချစ်ရာတွေကို ဆွေးနွေးထားတာ တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့လည်း ဦးဦးမော်ဆရာဆီမှာ ချစ်ရေးချစ်ရာ မေးခွန်းတစ်ခုကို မေးလိုပါတယ်။ ဖြေကြားပေးပါ ဦးဦးမော်ဆရာ ခင်ဗျား။

ဒီလိုပါ...။ ''ချစ်ခြင်းအစ မျက်စိက''ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ကျွန်တော်က မျက်စိမှုန်ပါတယ်။ ချစ်သူအရွေးမှားမိမှာကို ကျွန်တော် စိုးရိမ်ပါတယ်။ မျက်မှန်အထူကြီးတပ်ရပါတယ်။ ကျွန်တော့်ဘဝကို စာနာသနားသောအားဖြင့် ချစ်သူကို ဘယ်လိုရွေးချယ်သင့်တယ်ဆိုတာ ဖြေကြားပေးပါ ဦးဦးမော်ဆရာခင်ဗျား။

**ဖြေ** တူမောင်ရဲ့ ဘဝကို ဦးဦးစာနာမိပါတယ်ကွယ်။ ဦးဦးအနေနဲ့ အကောင်းဆုံးအကြံဉာဏ်ကို ပေးပါ့မယ်။ ''အသားဖြူမြင်းတစ်ပြေး''၊ ''အသားညိုကွမ်းတစ်ပေး''ဆိုတဲ့ ဆိုရိုးစကားလည်း ရှိပါတယ်။ အသားဖြူတဲ့ ကောင်မလေးတွေဟာ မြင်းတစ်ပြေးအကွာအဝေးက ကြည့်ရင်လှတယ်။ အသားညိုတဲ့ ကောင်မလေးတွေဟာ ကွမ်းတစ်ပေးအကွာအဝေးကကြည့်ရင် လှတယ်လို့ ဆိုလိုတာပါ။ တူမောင်လည်း သိပြီးသားဖြစ်မှာပါ။

တူမောင်ရဲ့ မျက်စိက အနီးမှုန်လား၊ အဝေးမှုန်လားကွဲ့။ အနီးမှုန်ဆိုရင်တော့ အဝေးကို လှမ်းကြည့်ရင် လှတာမြင်ရမယ့် အသားဖြူမလေးကို ယူပါကွယ်။ အဝေးမှုန်ဆိုရင်တော့ အနီးကို ငုံ့စောင်းကြည့်ရင် လှတာမြင်ရမယ့် အသားညိုမလေးကို ရွေးယူပါကွယ်။ ဒီနည်းဟာ အကောင်းဆုံးလို့ ဦးဦးထင်ပါတယ်။

**မေး** အစ်ကိုကြီးမှော်ဆရာခင်ဗျား...

ကျွန်တော်ဟာ အစ်ကိုကြီးမှော်ဆရာတို့လို စာပေရေးသားမှုမှာ မကျွမ်းကျင်ပါ။ ကျွန်တော့်ရဲ့ ချစ်ရသူလေးထံ ရည်းစားစာရေးသားပေးပို့လိုပါတယ်။ ဘယ်လိုရေးရမလဲဆိုတာကို ညွှန်ကြားပေးပါခင်ဗျား။

**ဖြေ** စာရွက်ပေါ်မှာ ဘောလ်ပင်ကို ထောက်လိုက်ပါ။ ပြီး... ဘယ်ဘက်ကနေ ညာဘက်ကို ရေးပါ။





**မေး** ဦးဦးမှော်ဆရာရှင့်...။

သမီးက အလွန်လှပသူဖြစ်ပါတယ်။ သမီးရဲ့ အသားအရည်ဟာ ရွှေရောင်ဝင်းပါတယ်။ မျက်ခုံးလေးတွေကဆို စင်ယော်တောင်လို ပါပဲ။ မျက်ဝန်းကတော့ စာတွေထဲမှာ ပြောနေကြတဲ့ 'သမင်မမျက်ဝန်း' ဆိုတာမျိုးပေါ့။ နှုတ်ခမ်း၊ နှာတံ၊ ကိုယ်လုံးကိုယ်ပေါက် အို...လှတာကတော့ ပြောမနေပါနဲ့ဦးရယ်။

ဒါ့အပြင် သမီးရဲ့ ကိုယ်က ကြာညိုနံ့ဆိုတာလည်း သင်းသေးတယ်။ သမီးကို ဝိုင်းကြိုက်နေကြတဲ့ ကောင်လေးတွေကတော့ တစ်မြို့လုံးအပြည့်ပါပဲ။ ဒါပေမယ့် သမီးကို မနာလိုတဲ့ မိန်းကလေးတွေကလည်း အများကြီးရှိတယ်။ သူတို့က သမီးကို မောက်မာတယ်။ အမြဲတမ်းကိုယ့်ဘက်ကိုယ်ယက်တဲ့လိပ်မလို့ ပြောကြတယ်။ အဲဒါကို သမီး မခံနိုင်ဘူးရှင့်။

သူတို့ဘာသာ မီးယပ်ခြောက်၊ မီးယပ်နာရုပ်မျိုးဖြစ်နေပြီး သမီးကို လာယှဉ်ချင်လို့ ဘယ်ရမလဲ။ ပျင်းတောင်ပျင်းသေးတယ်။ သူတို့ရဲ့ ရည်းစားကောင်လေးတွေကတောင် သမီးမျက်လုံးတစ်ချက်ဝင့်ကြည့်လိုက်တာနဲ့ သူတို့ကို ပစ်ပြီး သမီးနောက်ကို ကောက်ကောက်ပါအောင် လိုက်နေကြတာ။

သူတို့ရည်းစားတွေကို သမီးက ကိုယ့်ဘက်ပါအောင် ယက်ယူမိတာလား။ သူတို့ပြောသလို သမီးက လိပ်မလား။ သမီးကတော့ မဟုတ်ဘူးထင်တယ်။ ဦးဦးမှော်ဆရာကလည်း သမီးထင်သလိုပဲ ထင်မှာ သေချာပါတယ်။ ဒါပေမယ့် ဦးဦးပြောတဲ့ စကားကို ကြားချင်တယ်။ ဖြေပါဦးရှင့်။

မသန္တာ
၅၃ လမ်း၊ ရန်ကုန်။

**ဖြေ။** ပထမစာနှစ်စောင်ကတော့ လိပ်စာမပါဘူးကွဲ့။ အခုစာကတော့ လိပ်စာပါတယ်။ ဒါဟာ ထည့်သွင်းဖော်ပြပေးစေချင်တဲ့ သဘောပဲ။ အဲဒါကြောင့် လိပ်စာကိုပါ ဖော်ပြပေးလိုက်ပါတယ်။

သမီးရေ ဦးကလည်း သမီးနဲ့ သဘောချင်းတူမျှပါတယ်ကွယ်။ သမီးဟာ လိပ်မ မဟုတ်ပါဘူး။ လိပ်ဆိုတာက ကိုယ့်ဘက်ကို ဖြည်းဖြည်းချင်းပဲ ယက်တတ်ပါတယ်။ သမီးကတော့ မြန်မြန်ဆန်ဆန် ယက်တတ်ပုံရတယ်။ အဲဒါကြောင့် သမီးဟာ လိပ်မ မဟုတ်ကြောင်း ဦး အခိုင်အမာ ပြောရဲပါတယ်ကွယ်။





**မေး။** ကိုကြီးမှော်ရှင့်။

ကျွန်မနဲ့ တစ်ဌာနတည်း အတူလုပ်နေသူတစ်ယောက်က ကျွန်မကို အသည်းအသန် ကြိုက်နေပါတယ်။ ကျွန်မကြောင့် ညညတွေလည်း အိပ်လို့မပျော်ဘူးလို့ ပြောပါတယ်။ ဘေးလူတွေကလည်း ''ဟုတ်တယ်၊ ဒီကောင် ညည တကယ်ကို အိပ်မရနိုင်တဲ့ ဘဝရောက်နေတယ်''လို့ ပြောပါတယ်။

ကျွန်မ သူ့ကို ပြန်ပြီး မေတ္တာမျှသင့်သလားလို့ ကိုကြီးမှော် ဖြေကြားပေးပါ။

မိုးယဉ်ယဉ်အောင်
၃၉ လမ်း၊ ရန်ကုန်။

**ဖြေ** သေသေချာချာ ထပ်စဉ်းစားကြည့်ပါဦး ညီမရယ်။ ညီမကြောင့် သူ ညဘက် အိပ်မပျော်နိုင်အောင်ဖြစ်ရတယ်ဆိုတာက ဘယ်လောက်မှ ကြီးမားလှတဲ့ အချက်မဟုတ်သေးပါဘူး။ ပြီး ညဘက်တွေ အိပ်လို့ မရလောက်အောင် နေ့ဘက်တွေမှာများ အိပ်အိပ်နေတာလားမှ မသိတာ။ သေသေချာချာ လေ့လာပါဦးဗျာ။ တစ်ဌာနတည်းလုပ်ကြတာပဲ၊ စားပွဲချင်းနီးရင် ဟောက်သံတောင် ကြားရနိုင်ပါတယ်။

မေး။ ကိုကိုမော် ရှင့်။

ညီမလေးရဲ့ချစ်သူဟာ အရက်သောက်တတ်ပါတယ်။ ညီမလေးကလည်း အဲဒါကို နည်းနည်းမှသဘောမကျပါဘူး။ အစပိုင်းမှာတော့ သူ အရက်သောက်ထားရင် ညီမလေးရိပ်မိတာများပါတယ်။ ခုနောက်ပိုင်းမှာ သူက ဘယ်လိုဆေးကောင်းဝါးကောင်းတွေရထားလဲ မသိဘူး၊ သူ အရက်သောက်ထား–မထားဆိုတာကို ညီမလေး ဘယ်လိုမှ အကဲခတ်လို့ မရတော့ဘူး။

တတ်သိနားလည်သူ ကိုကိုမော်က ညီမလေးအတွက် ဖြေကြားပေးပါဦးရှင့်။

ခင်မာချို
မြောင်းမြ။

ဖြေ။ ညီမလေးရေ...

ညီမလေးရည်းစားက အတော်ကို နေတတ်ထိုင်တတ်ရှိသွားပုံရတယ်။ မသောက်တဲ့ အချိန်မှာလည်း မူးသလိုလိုနေပြမယ်။ သောက်ထားတဲ့အချိန်ကျတော့ မမူးသလိုနေပြမယ်။ သူ့ရေချိန်နဲ့သူတော့ ဣရိယာပုဒ်မှန်နေပုံရပါတယ်။ ဘေးလူကလည်း ခန့်မှန်းရခက်နေနိုင်ပါတယ်။

ညီမလေးအနေနဲ့တော့ စမ်းသပ်ကြည့်ပါဦး။ သူ့ကိုယ်သူ မမူးဘူးလို့ ပြောလာခဲ့ရင် ''တောင်ပေါ်က ရှမ်းကလေး၊ လျှော်ထမ်းလို့ပြေး။ ရှည်တဲ့လျှော်ကရှည်၊ တိုတဲ့လျှော်ကတို''ဆိုတာကို ခေါက်တုံ့ခေါက်ပြန် ရွတ်ခိုင်းလိုက်ပါကွယ်။ ဇာတိရုပ်က ဘွားဘွားကြီး ပေါ်လာပါလိမ့်မယ်။





ရေးပြီးသား အမေးအဖြေများကို ပြန်လည်စစ်ဆေးလိုက်သည်။ အယ်ဒီတာချုပ် ဦးတင်ကိုကိုက ရောက်မလာသေး။ 'ရည်ညွှန်း'မစောင့်နိုင်တော့။ တာဝန်ခံအယ်ဒီတာ ကိုမျိုး၏ လက်ထဲကိုသာ ထည့်ပေးလိုက်သည်။ ကိုမျိုးက...

''ဒါ ဘယ်လအတွက်လဲ''

''စက်တင်ဘာအတွက်''

''ဟင်...အစေးကြီးလိုသေးတာပဲ''

''ဟုတ်တယ်၊ ကြိုပေးထားတာ၊ ကျွန်တော် ခရီးသွားစရာရှိလို့''

''ဘယ်သွားမလို့လဲ''

''ဟဲဟဲ...တစ်နေရာပေါ့ဗျာ''

ကိုမျိုးက မချိုမချဉ်အပြုံးနှင့် မေးသည်။

''ဘာသွားလုပ်မှာတုန်း''

''စာပေတိုက်တစ်တိုက်က ကျွန်တော့်ကို လုံးချင်းဝတ္ထုထုတ်ပေးမယ်ဆိုလို့ဗျာ၊ ဘယ်စာပေတိုက်လဲလို့ ထပ်မေးမနေနဲ့တော့၊ 'ကြောင်နှစ်ကောင်'ဗျာ။ အဲဒီတိုက်က ကျွန်တော့်လုံးချင်းဝတ္ထုကို ထုတ်ပေးမယ်တဲ့။ တို့မှာ ပိုက်ဆံပေါ်ပါတယ်လို့ ပြောတယ်။ အဲဒါကြောင့် လုံးချင်းဝတ္ထုသွားရေးမလို့''

''ဝတ္ထုနာမည်က ဘာတဲ့တုန်းဗျ''

ကိုမျိုးက မေးဖြစ်အောင် ဆက်မေးသေးသည်။ ရည်ညွှန်းက မပွင့်တစ်ပွင့်ပြုံးရင်း ပြန်ဖြေလိုက်သည်။

''နာမည်က ရိုးရိုးလေးပါဗျာ''

''ပြောပါဦး၊ ဘယ်လိုပေးထားလဲ''

''မော်ဆရာရဲ့ ကျောင်းစာအုပ် တဲ့''

(၁)

ဤမြို့ရောက်ပြီး သုံးရက်မြောက်သောနေ့မှာ ထူးခြားချက်ပေါင်းစုံကို ရည်ညွှန်း ကြုံတွေ့ရတော့၏။

တစ်နေ့မှာ ထိုမြို့ကလေး၏ မြို့ပတ်လမ်းအတိုင်း သူ လမ်းလျှောက်ထွက်ခဲ့မိ၏။ မြို့ကလေး၏ ရှုခင်းရှုကွက်များကို လေ့လာရင်း တစ်ကိုယ်ရည်လမ်းလျှောက်ထွက်ခဲ့ခြင်းဖြစ်သည်။

သူ တည်းခိုနေသည့် ကိုဝင်းအောင်တို့ မိသားစုမှတစ်ပါး ဤမြို့ကလေးမှာ သူ့ကို သိသူမရှိပါ။ သူကလည်း မည်သူ့ကိုမှ မသိပါ။ ထိုသို့ အေးအေးလူလူ လမ်းလျှောက်နေရင်း တစ်နေရာအရောက်မှာ

''ဟင်''

ကိုယ့်အပေါ်သို့ တစ်စုံတစ်ရာ ကျလာဟန်ရှိသဖြင့် လက်ဖြင့် ဖော့ရမ်းကာကွယ်လိုက်သည်။ သူက ကျန်ကျောင်းမဟုတ်ချေ။ ကျွတ်ကျွတ်အိတ်နံရံမှာလည်း ဓားကြီးထောက်ပြီး ထိုင်မနေချင်ပေ။ သို့သော် သိုင်းသမားပမာ သူ့လက်ထဲမှာ တစ်စုံတစ်ရာကို ဖမ်းမိလိုက်၏။ သေသေချာချာကြည့်လိုက်တော့ စာရွက်တစ်ရွက်။

စာရွက်ပေါ်မှာ စာလေးလုံးကိုသာ ရေးထားသည်။ 'ကျောဘက်ကိုကြည့်'။ သူ လန့်သွားမိသည်။ သူသည် ကျန်ကျောင်းမဟုတ်ကြောင်းကိုလည်း ပြောခဲ့ပြီးပြီ။

နောက်မှ ဝင်ရိုက်လျှင်လည်း ခံရလိမ့်မည်။

"ဘာလဲဟ"

သူ့နောက်မှာ သူ့ကို အန္တရာယ်ပေးမည့်သူ တစ်ယောက်မှ မရှိချေ။ စာရွက်ကို ပြန်ကြည့်တော့လည်း 'ကျောဘက်ကိုကြည့်'ဟု ရေးထားသည်ကို ထင်ထင်ရှားရှား ထပ်တွေ့ရသည်။

ဘာပဲပြောပြော နောက်သို့ တစ်ခါပြန်လှည့်ကြည့်မိပြန်သည်။ အန္တရာယ်ပေးဖို့မဟုတ်ဘဲ တစ်စုံတစ်ခုကို မြင်စေချင်လို့လည်း ဖြစ်နိုင်သည်။ စိတ်ရှည်လက်ရှည် ကြည့်ရှုအကဲခတ်လိုက်၏။

လမ်းက လူသူရှင်းလင်းနေသည်။ လမ်းဘေးမှာ ဈေးသည်တချို့။ လမ်းပေါ်မှာ စက်ဘီးတချို့။ ပြီး သူ့လိုပဲ လမ်းလျှောက်နေသူ သုံးလေးငါးဦး။ ထို့ထက်ပို၍ ဘာကိုမှ မတွေ့ရချေ။

"......"

စာရွက်ကို လုံးထွေးလွှင့်ပစ်လိုက်ပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်လိုက်၏။ ကိုယ့်ဆီကို ဘယ်က လွင့်လာသော စာရွက်မှန်းလဲမသိ။ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ပြီး ဆယ့်လေးငါးလှမ်းလောက်အရောက်မှာ ပြဿနာက နောက်မှနေ စိတ်ကောက်ခြေဆောင့်ပြီး လိုက်လာလေသည်။

"ဒီမှာ...ဒီမှာ ဟိုလူ...ရှေ့ကလူ"

"ဗျာ"

သူမ၏ ချိုသာသော အသံစွာကျယ်ကျယ်လေးကြောင့် ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။ ခေတ်မီလှပသော တစ်မြို့သူကလေးကို "ရွှေမိုးညိုဒီဇိုင်း"နှင့် တွေ့ရ၏။ သူမ၏ မျက်နှာကလေး အလိုမကျဟန်နှင့် ညိုနေသည်။

"ဗျာ...ဘာ...ဘာကိစ္စရှိလို့လဲ"

"ခုနက စာရွက်ကို ရှင် ဘာဖြစ်လို့ လုံးထွေးပြီး လွှင့်ပစ်လိုက်ရတာလဲ"

"အဲ..."

ရည်ညွန်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ အိုးတိုးအတ ဖြစ်သွားသော သူ့ပုံစံကို ကြည့်ပြီး ကောင်မလေးက...





"ဘယ်လိုလူမှန်းမသိဘူး၊ အူတူတူနဲ့"ဟု ရေရွတ်သည်။ ပြီး တဆက်တည်း...

"ပြောလေ၊ ဘာဖြစ်လို့ အဲလိုလုပ်လိုက်ရတာလဲ"

"နေပါဦး၊ ခင်ဗျားကရော ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလိုလာလုပ်နေတာတုန်း"

"ရှင် ဘာဖြစ်လို့ အဲလိုလုပ်တာလဲ"

"ခင်ဗျား ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ"

"ရှင်...ဘာလဲ"

"ခင်ဗျားကရော ဘာလဲ"

သူမက ရည်ညွန်းကို မျက်လုံးပြူးနှင့် တစ်ချက်ကြည့်ပြီး...

"အောင်မာ စွာလိုက်တာ"

"အောင်မာ၊ ခင်ဗျားကပဲ ပြောရတယ်ရှိသေး"

"ရှင့်လိုလူကိုမှမပြောရင် ကျွန်မက ဘယ်သူ့ကို ပြောရမှာလဲ"

"ဟောဗျာ ခက်ပြီ"

ရည်ညွန်း စိတ်အိုက်အိုက်နှင့် ခေါင်းကို ကုတ်လိုက်မိသည်။ ကောင်မလေးကိုလည်း စေ့စေ့ကြည့်လိုက်မိသည်။ ကောင်မလေးက လှတပတလေးဖြစ်၏။ မျက်နှာကို သနပ်ခါးဘဲကြားသာရိုက်ထားသည်။ တီရှပ်ပွပွကြီး ကပိုကရိုနှင့် လှနေသည်။ (ထိုသနပ်ခါးလိမ်းထားသည့်ပုံသဏ္ဌာန်ဖြစ်သော ဘဲကြားဆိုသည်ကို သေသေချာချာရှင်းမပြတတ်ပါ။ ဘာအဓိပ္ပါယ်မှန်းလည်း မသိပါ)

"ရှင်...ကျွန်မကို ဘာကြည့်တာလဲ"

"မမြင်ဘူးလို့ ကြည့်တာပေါ့ဗျ၊ ဘာလဲ မြင်ဖူးပါတယ်ဆိုပြီး ကြည့်ရမှာလား"

"တော်...တော်...ရှင်နဲ့ စကားဆက်မပြောချင်တော့ဘူး။ သက်သက်သူများအလုပ်ကို ဝင်နှောင့်ယှက်တယ်"

"ဟင်...ဘာနှောင့်ယှက်လို့လဲ၊ ခင်ဗျားရဲ့ စာရွက်ကထောင် ကျွန်တော့်ကို အနှောင့်အယှက်ပေးသေးတယ်။ 'ကျောဘက်ကိုကြည့်' ဆိုလို့ ကမန်းကတန်း နောက်ဘက်ကိုတောင် လှည့်ကြည့်ရတယ်"

ကောင်မလေးက နှာခေါင်းရှုံ့ပြပြီး…

“ဒါကြောင့်၊ ရှင့်ကို အူတူတူလူလို့ပြောတာ”

“ဘာ အူတူတူလဲ၊ ကျုပ်က မီးခိုးထွက်နေလို့လား”

“ဒီစာရွက်က ကျွန်မ သေသေချာချာစီစဉ်ထားတဲ့ စာရွက်ရှင့်၊ လမ်းသွားလမ်းလာတွေကို နှောက်တာ”

“နှောက်တာ ဟုတ်လား”

“ဟုတ်တယ်၊ အဲဒီစာရွက်ကို ကောက်ရတဲ့သူက ‘ကျောဘက်ကိုကြည့်’ဆိုတဲ့ စာလုံးကို တွေ့မယ်။ စာရဲ့ကျောဘက်ကို လှည့်ကြည့်မယ်”

“အဲဒီတော့ ကျောဘက်မှာ ဘာရေးထားလဲ”

“အဲဒီမှာလည်း ‘ကျောဘက်ကိုကြည့်’လို့ပဲ ရေးထားတယ်။ ကျောဘက်ကို ပြန်လှန်တော့ တစ်ခါ ‘ကျောဘက်ကိုကြည့်’ဆိုတာပဲ တွေ့ပြန်ရော၊ ရယ်ရတယ်ရှင့် သိလား”

ရည်ညွှန်းက လေကို မှုတ်ထုတ်လိုက်ရင်း…

“အဓိပ္ပါယ်မရှိလိုက်တာ”

“ဘာ…”

ကောင်မလေးရဲ့ ကိုယ်က ဆတ်ခနဲ ကြွတက်လာတယ်။

“ဘာအဓိပ္ပါယ်မရှိတာလဲ”

“ခင်ဗျားက စာရွက်ရဲ့ နှစ်မျက်နှာလုံးကို ကျောလို့ထင်နေတာကိုး။ တစ်ခုက ကျောဖြစ်ရင် တစ်ခုက ရင်ဘတ်ဖြစ်ရမှာပေါ့ဗျ။ ရင်ဘတ်မပါဘဲ နှစ်ဘက်လုံး ‘ကျော’ချည်းသက်သက်နဲ့ ခင်ဗျားဆို နေမလား”

“အဲ…ဟို…ရှင်”

သူ့စကားကြောင့် ကောင်မလေး မီးခိုးမထွက်ဘဲ အူတူတူ ဖြစ်သွားသည်။ မကျေမနပ်နှင့်…

“ရှင် တော်တော်စကားကပ်တာပဲ”

“စကားဆိုတာ ဘယ်တော့မှ မကပ်ဘူး၊ တစ်လုံးချင်းထွက်တာ၊ ကဲ…တော်လောက်ပြီဗျာ၊ ဟိုလူကြည့် ဒီလူကြည့်နဲ့ ကျွန်တော် ရှက်လာပြီ”





“လာလာချည်သေး၊ သူ့အမှားကို သူမတောင်းပန်တဲ့အပြင် အထက်စီးကြီးနဲ့”

“ဟာဗျာ”

ရည်ညွှန်း တကယ်စိတ်ညစ်လာသည်။ ကောင်မလေးက တော်တော်လှသဖြင့် သည်းခံ၍တော့ ရသေးသည်။

“အထက်စည်းတွေ အောက်စည်းတွေ လုပ်မနေပါနဲ့ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့က ထုတ်စည်းထိုးနေတာလည်းမဟုတ်ဘူး။ ကုလားမစည်းနင်းနေတာလည်း မဟုတ်ဘူး။ ခင်ဗျားနဲ့ ကျွန်တော် ကြားမှာ ဘာစည်းမှ တားမထားဘူး။ ကဲ…လိုရင်းကို ကျွန်တော် ပြောမယ်”

ကောင်မလေး၏ မျက်နှာမှာ သရော်တော်တော်အရိပ်အငွေ့တွေ ဖြတ်သန်းသွားသည်။

“အင်း…ပြောစမ်းပါဦး”

“ခင်ဗျားရဲ့ စာရွက်ကဖြင့် ရိုးရိုးဗလာစာရွက်ကြီး ရော့… ယူသွား”

ရည်ညွှန်းက စကားအဆုံးမှာ အိတ်ထဲမှ ငွေတစ်ကျပ်ကို နှိုက်ပေးလိုက်သည်။

“ကဲ…အဲဒီမှာ တစ်ကျပ် လောက်တယ်မဟုတ်လား”

“ဘာ…ဘာ…”

ကောင်မလေး ဆွေ့ဆွေ့ခုန်သွားသည်။ ဆွေ့ဆွေ့ခုန်သည် ဆိုသော်လည်း အမှန်တကယ်တော့ မြောက်မြောက်တက်မသွားပါ။

“မရဘူးလား၊ မရသေးဘူးလား၊ ဒါဆိုရင် နှစ်ကျပ်ယူဗျာ၊ ရော့ ဒီမှာ နောက်တစ်ကျပ်”

ကောင်မလေးက ပိုက်ဆံကို လှမ်းမယူဘဲ လေသံဟာဟာဖြင့် သူ့ကို ပြန်ပြောသည်။

“ရှင် ကျွန်မကို နှောင့်ယှက်နေတာ၊ ဒီနေ့ပါဆို သုံးရက်ရှိသွားပြီ”

“ဗျာ”

ရည်ညွှန်း မျက်လုံးပြူးသွားမိ၏။ ဤမြို့သို့ သူရောက်သည်ကမှ

သုံးရက်ပဲရှိသေးသည်။ ကားပေါ်မှာ တစ်လမ်းလုံး အိပ်လိုက်လာပြီး ဤမြို့သို့ မနက်အစောကြီး ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုနေ့မနက်မှစ၍ ဤနေ့မနက်အထိ ယခုလမ်းကို သုံးကြိမ်သာ ဖြတ်လျှောက်ဖူးသေးသည်။ မနက်စောစော လမ်းလျှောက်ခြင်းမျှသာ ဖြစ်ပြီး ဘာရှုပ်ရှုပ်ယှက်ယှက်မှုလည်း မရှိခဲ့ပါ။

ဘယ်လိုများ ဖြစ်ရတာပါလိမ့်။

''ပြော...ပြော ပြောပါဦးဗျာ၊ ဒီနေ့ကတော့ ထားပါတော့၊ အရင်နေ့တွေက ဘာလုပ်မိလို့လဲ''

''ဘာ အခုမှ မသိချင်ယောင်ဆောင်တာလဲ၊ ဒီစာရွက်ကိုပဲ ရှင်လုပ်လုပ်သွားတာ''

''ဟင်...ဒီစာရွက်က ခုမှ ကျွန်တော့်ခေါင်းပေါ်ဝဲကျလာလို့ ကျွန်တော် ဖမ်းထားလိုက်တာ''

''ဟုတ်ပါပြီ၊ အရင်နေ့က တခြားစာရွက်တွေ ဒီလိုမျိုးပဲ ရေးထားတာ''

''အဲဒါတွေရော ကျွန်တော်က ဘယ်လိုလုပ်လိုက်မိလို့လဲ''

''ပထမတစ်နေ့က ရှင့်ဖိနပ်ကြီးနဲ့ တက်နင်းသွားတယ်။ ဒုတိယနေ့က ရှင် ကွမ်းမြို့လာပြီး ကွမ်းတံတွေးတွေနဲ့ ထွေးသွားတယ်။ ဒီနေ့ကျတော့ ဖမ်းပြီး လုံးထွေးလွှင့်ပစ်တယ်''

''ဟင်...ဟုတ်လား၊ ဒီကိစ္စမျိုးရှိသလား''

ကောင်မလေး ခေါင်းခါခါ လည်ခါခါနှင့် စိတ်ပျက်သွားသည်။

''တော်ပါတော့ရှင်၊ ကျွန်တော်မျိုးမကြီးပဲ သေသင့်ပါတယ်။ ရှင့်ကို အကျိုးအကြောင်းလာပြောနေမိတာကိုက ကျွန်မ အမှားပါ''

ရည်ညွှန်းက ပိုက်ဆံတစ်ကျပ်ကို အိတ်ထဲ ပြန်ထည့်လိုက်သည်။ ငါးကျပ်တန်တစ်ရွက်ကို ထပ်ဆွဲထုတ်လိုက်၏။ ကျပ်တစ်ကျပ်နှင့်ပေါင်းလိုက်ပြီး...

''ဒါဖြင့်လည်း ခြောက်ကျပ်ယူသွားလေဗျာ၊ ရပါတယ်၊ ခင်ဗျားကလည်း ဒါလေးများ''

ကောင်မလေးဆီက ပိဿာလေးပမာဏရှိသော စကားလုံးတွေ





အပြေးအလွှားထွက်မလာခင်မှာ ရည်ညွှန်းက ဦးအောင်ထပ်ပြောလိုက်သည်။

''နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကို သုံးရက်ဆက်တိုက် ကျောဘက်ကို ကြည့်ခိုင်းနေရတာလဲ''

''အဲ...''

ကောင်မလေး အမ်းတမ်းတမ်းဖြစ်သွား၏။ သူမက ရည်ညွှန်းပြောချင်သော စကားကို ကြိုပြောလိုက်သည်။ လက်ညှိုးလေးထိုးပြီး

''ရှင် ဇာတ်လမ်းလာရှာမနေနဲ့နော်''

ရှာမှာပဲ။ ဒီမြို့ကို လာတာကိုက ဇာတ်လမ်းရှာပြီး ဝတ္ထုရေးမလို့။

''ကဲ...ထားပါတော့ဗျာ၊ ထားပါတော့၊ ကျွန်တော်ကပဲ တောင်းပန်ပါတယ်။ ခင်ဗျား ကျေနပ်အောင် ကျွန်တော် ဘာလုပ်ပေးရမလဲ ပြော''

အဲဒီစကားအဆုံးမှာ တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်မိသည်။

''ဘာမှန်းလည်းမသိဘူး''

ထိုအချိန်မှာပဲ...

ကောင်မလေး၏ မျက်လုံးအစုံက သူ့နောက်ကျောဘက်ကို ရောက်သွားပြီး...

''ကျွတ်''

အလိုမကျသလို စုတ်သပ်လိုက်သည်။

ပြီး သူ့ကို ပြန်ကြည့်ကာ...

''ဒီမှာ...''

''ပြော...''

''ကျွန်မ ရှင်နဲ့ ဆက်စကားပြောဖို့ အချိန်မရှိတော့ဘူး၊ ရှင့်ကိုယ်ရှင် ဆင်ခြင်ပါ၊ ဒါပဲ''

''အဲ...''

မသက်သာဖြင့် နောက်ကျောဘက်ကို ရည်ညွှန်းပြန်လှည့်ကြည့်

ရပြန်သည်။ မျက်မှန်နှင့် လူတစ်ဦး စက်ဘီးစီးလာသည်ကို တွေ့ရ၏။ ထိုသူကလည်း သူတို့ကို လှမ်းကြည့်နေသည်။

ကောင်မလေးဘက်ကို ပြန်လှည့်လိုက်တော့...

"ဟင်"

ကောင်မလေးက မရှိတော့ချေ။

ရည်ညွှန်း တစ်ကိုယ်တည်း ရေရွတ်မိပြန်၏။

"တယ် မြန်ပါလား၊ ကိုယ်ဖျော့ပညာနဲ့ ပြေးသွားတာ ထင်တယ်၊ သိုင်းလောကသားတော့လည်း ဟုတ်ပုံမပေါ်ပါဘူး"

သည်ဘက်ပြန်လှည့်၍ ကိုယ့်လမ်းကိုယ်ဆက်လျှောက်ရန် ကြံသောအခါ စက်ဘီးစီးလာသူနှင့် တိုး၏။ ထိုသူကလည်း မျက်မှန်တဝင်းဝင်းနှင့် သူ့ကို အကဲခတ်သလို ကြည့်သွားသည်။

ထိုသူ၏ အကြည့်ကတော့ တင်းမာခြင်း သိပ်မရှိပါ။ ပျော့ပျောင်းသည်ဟုလည်း မဆိုသာ။ ထိုသူလည်း သိုင်းလောကသား ဟုတ်ပုံမပေါ်။

သိုင်းလောကသားများက မြင်းစီးလာသည်ကိုသာ ကြားဖူးသည်။ စက်ဘီးစီးလာသည်ဟု မကြားဖူးချေ။ ကျွန်ကျောင်း၊ ကောကျင့်၊ ကိုးရှင် တစ်ယောက်မှ စက်ဘီးစီးလာသည်ကို မတွေ့ဖူးချေ။

ကိုယ့်လမ်းကိုယ်ဆက်လျှောက်ပြီး မြို့ကို ပတ်လိုက်၏။ မြို့လယ်ခေါင်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ မထင်တာတွေ ဖြစ်ရပြန်သည်။





(၂)

အမှန်တော့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ရည်ရွယ်ချက် မရှိပါ။ မထင်မှတ်ဘဲ မိုးက တဖွဲဖွဲကျလာသည်။ ထီးမပါသူအတွက် မိုးတစ်စက်နှစ်စက်ကလည်း အနှောင့်အယှက်ဖြစ်လေ၏။ ခြေလွတ်လက်လွတ်ဆိုလျှင်လည်း အကြောင်းမဟုတ်။ အခု ကိုယ့်လက်ထဲမှာက စာအုပ်တစ်အုပ်ပါလာသည်။ ဆိုင်တစ်ဆိုင်မှ ဝင်ဝယ်ခဲ့ခြင်းဖြစ်သည်။

စာအုပ်ကို ရေမစိုစေချင်သဖြင့် သပ်သပ်ရပ်ရပ်ရှိသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ ပြေးဝင်လိုက်၏။

"အစ်ကို ဘာသောက်မလဲ"

စားပွဲထိုးလေးက ပြေးလာပြီး မေး၏။

"ကော်ဖီမစ်ပလိန်းတစ်ခွက်ကွာ"

"ဟုတ်ကဲ့"

"နို့ဆီ လုံးဝ မထည့်နဲ့နော်"

တချို့ဆိုင်တွေက မှားမှားချတတ်လွန်း၍ ထပ်သတိပေးရခြင်းဖြစ်သည်။

"ဟုတ်ကဲ့ပါ"

"ပြီး ရေနွေးပူပူလေးချ"

စားပွဲထိုးလေး ပြန်လှည့်ထွက်သွားသည်။ ရည်ညွှန်းလည်း စာအုပ်ကို ဖွင့်ဖတ်နေလိုက်သည်။

ခဏကြာတော့ ကော်ဖီမစ်ရောက်လာသည်။ စာအုပ်ကို ဘေးချထားပြီး ကော်ဖီမစ်ကို အရင်သောက်လိုက်သည်။ ထို့နောက် ရေနွေးပူပူကို တစ်ခွက်ချင်း ငုံ့သောက်ရင်း ကိုယ်ရေးမည့် ဝတ္ထုအတွက် စဉ်းစားခန်းဝင်နေလိုက်သည်။

မင်းလူတို့၊ နီကိုရဲတို့လို ရေးချင်သည်။ ဆွေလှိုင်ဦးလို ရေးချင်သော်လည်း မရေးတတ်။ ဂျူဒိုတွေ၊ ကရာတေးတွေကိုလည်း ကိုယ်က နားမလည်။ ကျန်တဲ့အမျိုးအစားတွေကိုလည်း ကိုယ်က မခွဲတတ်။

ဆရာမင်းလူတို့၊ ဆရာနီကိုရဲတို့က ဝတ္ထုကို ပေါ့ပေါ့ပါးပါးနှင့် လှအောင် ရေးတတ်သည်။ တာရာမင်းဝေလိုတော့ မရေးချင်။ သူ့ဝတ္ထုဖတ်ရတာ ဘာတွေမှန်းမသိ။ ခေါင်းစားသည်။

အတွေးတွေက ဆက်လက်ပျံ့လွင့်နေသည်။ ဒီစာအုပ်ရေးပြီးရင် သူကရော စာမူခမည်မျှရမည်နည်း။ နာဘီဂါဗီယာဆိုသူ ကဗျာဆရာတစ်ဦးကတော့ ကဗျာတစ်ပုဒ်အတွက် ကုလားအုပ်အကောင်တစ်ရာနှင့် တဲများ၊ ကုန်ပစ္စည်းများအပြင် ကုလားအုပ်မောင်းနှင်သူများကိုပါ ရရှိခဲ့ဖူးသည်။ သို့သော် ထိုစာမူခကို ပေးသည့်သူက ဘုရင်ဖြစ်၏။ ထုတ်ဝေသူမဟုတ်ချေ။ ထားပါတော့။ ဝတ္ထုကို ဘယ်လိုရေးရမည်လဲ။ သူများ တကာတွေ ဘယ်လိုရေးသည်မသိ။ ကိုယ်ကတော့ ရေးမည့်ဝတ္ထုအတွက် အခက်နေသည်။

''ညီလေးရေ၊ ရေနွေးနောက်တစ်အိုးပေးကွာ''

စားပွဲထိုးလေးကို လှမ်းခေါ်တော့ ကြောင်နှင့်ဆော့နေသည့် စားပွဲထိုးလေးက အပြေးထလာသည်။ ကြောင်ကိုမြင်တော့ သတိရလာပြန်သည်။ ကမ္ဘာကျော်စာရေးဆရာကြီး အဂ္ဂါအယ်လင်ပိုးဆိုလျှင် ဝတ္ထုရေးသည့်အခါ ပခုံးပေါ်မှာ ကြောင်တစ်ကောင်တင်ထားတတ်သည်တဲ့။

သူတည်းသည့် ကိုဝင်းအောင်တို့အိမ်မှာ ကြောင်မရှိချေ။ ဤဆိုင်မှ ကြောင်ကို ငှားသွား၍လည်း ရမည်မထင်။ ထိုသို့ စဉ်းစားနေဆဲမှာပဲ ပြဿနာက ကြောင်ယောင်ဆောင်ကာ သူ့ပခုံးပေါ်သို့ လွှားခနဲ ခုန်တက်လာတော့သည်။

သတိထားမိသည်က ကောင်တာဆီမှ ပျံ့လွင့်လာသော အချီအချ





အငြင်းပွားသံများကြောင့်ဖြစ်သည်။ ယောက်ျားသံတစ်သံနှင့် မိန်းမသံတစ်သံတို့ အပြန်အလှန် ပစ်ခတ်မှုကို ပြုနေကြ၏။

''ခင်ဗျား ကျွန်တော့်ကို မရစ်နဲ့နော်''

''ဘယ်မှာရစ်လို့လဲ''

''ဒါ ရစ်တာပေါ့ဗျ''

''ဘာမှမရစ်ဘူး၊ ကောင်းကောင်းမွန်မွန်ပြောနေတာ''

ဖျတ်ခနဲ ငုံ့ကြည့်မိသည်။ ကြားဖူးသော အသံမို့ ငုံ့ကြည့်မိခြင်းဖြစ်၏။ မြင်ဖူးသော မျက်နှာလေးကို ထပ်မြင်ရ၏။ ဒီတစ်ကြိမ်မှာတော့ သူမက ကိုယ်နှင့်မဟုတ်ဘဲ အခြားတစ်ယောက်နှင့် ရန်ဖြစ်နေသည်။

''မဟုတ်ဘူး၊ ခင်ဗျားကို ကျွန်တော် မေးနေတယ်၊ ဘာကို မကျေနပ်တာလဲ''

''မဟုတ်ဘူးလေ၊ ကျွန်မကလည်း ရှင့်ကို ပြောနေတယ်၊ ကျေနပ်ပါတယ်လို့''

''ကျေနပ်ရင် ဘာဖြစ်လို့ လာရစ်နေတာလဲ၊ ကျွန်တော်က ရစ်လုံးမဟုတ်ဘူးဗျာ''

''အေး...ရှင်ကလည်း ရစ်လုံးမဟုတ်ဘူး၊ ကျွန်မကလည်း စွန်လွှတ်နေတာ မဟုတ်ဘူး၊ မကျေနပ်တာမရှိဘူး၊ ကျေနပ်ပါတယ်လို့ပဲ ရှင့်ကို ရှင်းရှင်းလေးပြောနေတာ''

''ခင်ဗျားဟာက ဟုတ်မှမဟုတ်တာဗျ''

''ဘာမဟုတ်တာလဲ''

''ဟာဗျာ ခင်ဗျား...''

ဆိုင်ရှင်လူရွယ်က အတော်စိတ်ရှုပ်နေပုံပေါ်သည်။ ကောင်တာမှာ ထိုင်နေပြီး ကောင်မလေးနှင့် ထွေးလုံးရစ်ချည် စကားများနေခြင်းဖြစ်သည်။ ဘယ်သူက ဘယ်သူ့ကို ရစ်နေသလဲတော့မသိ။

ကောင်မလေးက ရည်ညွှန်းကို မြင်သည်လား၊ မမြင်ဘူးလား မပြောတတ်ချေ။ ကောင်မလေးက သူ့ကို ကျောပေးထား၏။ ကျောဘက်ကိုကြည့်ဟု သူတစ်ပါးကို ညွှန်ကြားတတ်သော မချောလေးသည် သူမကိုယ်တိုင်ကတော့ ရှေ့တည့်တည့်ကိုကြည့်ပြီး ရန်ဖြစ်နေလေသည်။

''ကဲ…ပြော၊ ခင်ဗျားက ဘယ်လိုဖြစ်ချင်တာတုန်း''

''အဲဒီလေသံနဲ့ ကျွန်မကို လာမမေးပါနဲ့''

''ဘယ်လိုလေသံနဲ့ မေးရမှာလဲ''

''နေပါဦး၊ ရှင်ကရော ဘယ်လိုဖြစ်ချင်လို့လဲ''

အခြေအနေက တစ်စထက်တစ်စ တင်းမာနေပြီဖြစ်သည်။ စားပွဲထိုးကလေးက ခပ်လှမ်းလှမ်းမှ မျက်လုံးအပြူးသားဖြင့် ငေးကြည့်နေသည်။ ဆိုင်ထဲမှာကလည်း လက်ဖက်ရည်သောက်သူဟူ၍ ရည်ညွှန်း တစ်ယောက်တည်းရှိနေ၏။ မနေသာသဖြင့် ရည်ညွှန်း ထိုင်ရာမှ ထလိုက်သည်။ သူတို့ နားသို့ ချဉ်းကပ်သွားလိုက်ပြီး…

''စိတ်လျှော့ကြပါဗျာ၊ ပြေပြေလည်လည် ပြောကြတာပေါ့''

နှစ်ယောက်လုံးက သူ့ကို လှည့်မကြည့်ချေ။ ခဏစကားတိတ်သွားကြသည်။ ပြီးမှ ဆိုင်ရှင်လူရွယ်က စိတ်ကို တစ်ထစ်လျှော့လိုက်ဟန်နှင့် သူ့ကို လှည့်ကြည့်ပြီး…

''အေးဗျာ၊ ခင်ဗျားကို အားနာစရာဖြစ်နေပြီ''

''ရပါတယ်ဗျာ၊ ခင်ဗျားတို့ ဆက်ရန်မဖြစ်ကြရင် ပြီးတာပါပဲ''

''ကျွန်တော်က မဖြစ်ပါဘူး''

မချောလေးက ကက်ကက်လန်အောင် တုံ့ပြန်၏။

''ဘယ်သူကရော ဖြစ်နေလို့လဲ''

''ခင်ဗျားပဲ၊ လာဖြစ်နေတာ''

''အောင်မာ၊ ရှင် လျှာကို အရိုးတပ်ပြီး လျှောက်မမွှေနဲ့''

သူမ၏ စကားကို ရည်ညွှန်း သဘောကျသွား၏။ ''လျှာကို အရိုးတပ်ပြီး လျှောက်မွှေမနေနဲ့''တဲ့။ ထိုသို့သော အလင်္ကာမျိုးကို မင်းလူတို့ တာရာမင်းဝေတို့ သုံးတတ်သည်။ ထိုအသုံးအနှုန်းမျိုးများနှင့် သူတို့တွေ လုပ်စားနေကြခြင်းဖြစ်သည်။

ရည်ညွှန်းက…

''ကဲ…တော်ကြပါတော့ဗျာ၊ တော်ကြပါတော့''

ဆိုင်ရှင်လူရွယ်က ခေါင်းခါရမ်းပြီး…

''ကျွန်တော်က တော်ပါတယ်''





ကောင်မလေးကလည်း တစ်လုံးမှ အကျောမခံ။

''ဘယ်သူက မတော်လို့လဲ''

ရည်ညွှန်း ခေါင်းကို ကုတ်မိသည်။

''ဟာ…ခင်ဗျားတို့ကလည်းဗျာ ပြောကာမှ''

ဆိုင်ရှင်လူရွယ်က…

''မဟုတ်ဘူးအစ်ကို၊ ကျွန်တော် သူ့ကို အေးအေးဆေးဆေး ဆွေးနွေးနေတာ။ မကျေနပ်တာရှိရင် ပြောပါ။ ကျေနပ်အောင် စီစဉ်ပေးမယ်၊ အဲဒီလို''

ကောင်မလေးက ရည်ညွှန်းကို တစ်ချက်မျက်လုံးဝင့်ကြည့်ပြီး ဆိုင်ရှင်လူရွယ်ကို…

''ကျွန်မကလည်း ရှင့်ကို ရိုးရိုးရှင်းရှင်း ပြောနေတာ။ မကျေနပ်တာမရှိဘူး။ ကျေနပ်ပါတယ်လို့ လာပြောနေတာ''

''ဟ…အဲဒါ အစိပ္ပါယ်မှမရှိဘဲဗျ''

''ဘာအစိပ္ပါယ်မရှိတာလဲ''

''ကျေနပ်ရင် ဘာမှ လာပြောစရာမလိုဘူး''

ရည်ညွှန်း နားရှုပ်လာသည်။ သူတို့၏ ပြဿနာကို ဘာမှန်းမသိသော်လည်း ပြေရာပြေကြောင်း ပြောသည့်အနေနှင့် ဆိုင်ရှင်လူရွယ်ကို

''ကဲဗျာ ခင်ဗျားကပဲ စိတ်လျှော့လိုက်တော့ သူက ကျေနပ်ပါတယ်လို့ ပြောနေပြီပဲ''

ဆိုင်ရှင်လူရွယ်က ထိုစကားကို လက်မခံချေ။

''ဟာ မဟုတ်သေးဘူးလေဗျာ''

''ဟုတ်ပါတယ်ဗျ၊ သူက ကျေနပ်ပါတယ်လို့ ပြောတာ။ ခင်ဗျားက ထပ်ပြဿနာရှာသလို ဖြစ်နေတယ်''

ကောင်မလေးက သူ့စကားကို ထောက်ခံ၏။

''အင်းလေ…''

ဆိုင်ရှင်လူရွယ်က…

''ဟာ မဟုတ်ဘူး၊ ခင်ဗျားမသိဘူး၊ ပြဿနာက အဲဒီလို မဟုတ်ဘူး''

ရည်ညွှန်း သက်ပြင်းချလိုက်မိ၏။ စိတ်ရှည်လက်ရှည်ထားပြီး…

"ကဲ ဒါဖြင့် ပြောပါဦး၊ ပြဿနာက ဘယ်လိုလဲ"

တဆက်တည်းမှာ ကောင်မလေးကိုပါ လက်ကာပြလိုက်သည်။

"ခဏ သူပြောတာနားထောင်လိုက်ပါဦး၊ ကဲကဲ သူ့ကို ကြည့်မနေနဲ့၊ သွား ကျောဘက်ကိုကြည့်နေ"

"ဘာ…"

ကောင်မလေး၏ မျက်နှာဖြစ်သွားပုံကို ရည်ညွှန်းအတော်ရယ်ချင်သွား၏။ သို့သော်လည်း ကောင်မလေးက တစ်ပူပေါ်တစ်ပူဆင့်လိုဟန်မတူ။ သူ့ကို ဘာမှ ပြန်မပြောဘဲ စူပွပွမျက်နှာကို တစ်ဖက်သို့လွှဲထားလိုက်သည်။

"ပြဿနာက ဒီလိုဗျာ"

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော့်ဘာသာ ကောင်တာမှာ ထိုင်နေတယ်၊ သူက နွားနို့လာဝယ်တာ"

"ဟုတ်ကဲ့"

"စားပွဲထိုးလေးက သူ့ကို နွားနို့ပေးတယ်၊ သူက ပိုက်ဆံပြန်အမ်းတာကိုယူပြီး ကျွန်တော့်ကို ပြောတယ်"

"ဘာပြောတာလဲ"

"ကျေနပ်ပါတယ်၊ ကျေနပ်ပါတယ် တဲ့"

"အဲ…ဘာဖြစ်လို့လဲ"

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒါကို မေးနေတာ"

ဆိုင်ရှင်လူရွယ်က စားပွဲကို လက်နှင့်ပုတ်ပြီး အသံကျယ်ကျယ်နှင့် ပြောလိုက်ခြင်းဖြစ်သည်။ တဆက်တည်း…

"ခင်ဗျား စဉ်းစားကြည့်၊ သူ ကျေနပ်ပါတယ်လို့ ပြောတာက အကောင်းပြောတာမှ မဟုတ်တာ။ ရွဲ့နေတဲ့ဟာ၊ အဲဒီတော့ ကျွန်တော်က မေးရတော့တာပေါ့"

"ဒီမှာ…"

ဒီမှာဆိုပြီး ကောင်မလေးက တစ်ခုခုကို ပြခြင်းမဟုတ်ပါ။





[ဆိုင်]ငင်းခုံပွဲကို ဆက်လက်ရင်ဆိုင်ရန်အတွက် စကားဝိုင်းထဲသို့ အသင့်အနေ[အ]ထားဖြင့် ဝင်ရောက်လာခြင်းသာဖြစ်သည်။ ကောင်မလေးကို လှည့်[ကြ]ည့်မိတော့ သူမက ဆိုင်ရှင်လူရွယ်ကို…

"ရှင့်ကို ကျွန်မ ရွဲ့ပြောနေတာ မဟုတ်ဘူး။ တည့်တည့်ပြော[နေ]တာ"

"ဘာတည့်တာလဲ"

"ရှင်ပဲ မကျေနပ်ရင် ကောင်တာမှာ ဆွေးနွေးပါလို့ ဆိုပြီး[ရ]ေးထားတယ်လေ"

"ဟုတ်တယ်လေ၊ အဲဒါက မကျေနပ်တာကို ဆွေးနွေးဖို့ပဲ၊ [မ]ကျေနပ်ပါတယ်လို့ပြောပြီး လာရိဖို့မှ မဟုတ်တာ"

"ရှင့်ဘာသာ ရိုးရိုးရေးထားရင် အကြောင်းမဟုတ်ဘူး၊ ဘာကိစ္စကျွန်မနာမည်ကို တပ်ရေးထားရတာလဲ"

"ဘာ ခင်ဗျားနာမည်တပ်ရေးတယ် ဟုတ်လား"

"ရှင် စိတ်မှကောင်းသေးရဲ့လား၊ ရှင့်ဘာသာရှင်ပဲ ပြန်ဖတ်ကြည့်ဦး"

ကောင်မလေး လက်ညှိုးညွှန်ပြတဲ့ Whiteboard ကို ဆိုင်ရှင်လူရွယ်နှင့်အတူ ရည်ညွှန်းကပါ လိုက်ကြည့်လိုက်သည်။ Whiteboard ပေါ်မှာက…

**"မဆွေ**

**မကျေနပ်တာရှိလျှင် ကောင်တာမှာ ဆွေးနွေးပါ"**

"ဟင်…"

ဆိုင်ရှင်လူရွယ် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ရည်ညွှန်းကလည်း ဆိုင်ရှင်လူရွယ်ကို နားလည်ရခက်သွားသည်။ ကောင်မလေးကို

"ခင်ဗျားနာမည်က မဆွေ လား"

ကောင်မလေးက ရည်ညွှန်းကို မကြည့်ဘဲ…

"ကျွန်မက မဟုတ်ဘဲ ပြောပါ့မလား"

ဆိုင်ရှင်လူရွယ်၏ မျက်နှာကို ရည်ညွှန်းက စေ့စေ့ကြည့်လိုက်[သ]ည်။ ဒင်းက မျက်စိပျက်၊ မျက်နှာပျက်ဖြင့်…

''မဟုတ်ဘူးဗျ''

''ဘာမဟုတ်တာလဲ''

''ဒီလိုကြီး မဟုတ်တာ''

''အဲဒါဆိုလည်း ရှင်းအောင်ပြောလိုက်လေဗျာ''

''ဒါ တစ်ယောက်ယောက် လက်ဆော့သွားတာဗျ''

''ခင်ဗျားရေးတာ မဟုတ်ဘူးပေါ့''

''မဟုတ်ဘူး၊ ရေးထားတာတော့ ကျွန်တော် ရေးထားတာပဲ''

''ဟာ ခင်ဗျားဟာက ရှုပ်နေပြီဗျာ''

''ဒီလိုဗျာ၊ ကျွန်တော် ရေးထားတာက မဆွေ မဟုတ်ဘူး၊ မိတ်ဆွေလို့ ရေးထားတာ။ ဘယ်သူက လက်ဆော့ပြီး 'မဆွေ'ဖြစ်အောင် ဖျက်သွားတာလဲ မသိဘူး''

ရည်ညွန့်း တဟားဟားအော်ရယ်လိုက်မိတော့သည်။ ဆိုင်ရှင်လူရွှယ်ကလည်း ရှက်ရှက်နှင့်လိုက်ရယ်၏။ ကောင်မလေးက 'ဟွန်း'ဟု မကျေနပ်သံပြုကာ သူတို့နှစ်ယောက်လုံးကို မျက်စောင်းထိုး၏။

ရည်ညွန့်းက...

''ကဲကဲ...ဒီက မဆွေကိုလည်း ကျွန်တော်ကပဲ ကြားဝင်တောင်းပန်ပါတယ်ဗျာ၊ ကျေပါတော့''

မဆွေဆိုသော ကောင်မလေးက ချာခနဲ လှည့်ထွက်သွားသည်။ ရည်ညွန့်း၏ ရင်ထဲမှာ...





(၃)

★ *ခြေဖဝါးတွေသက်သက်နဲ့မရောက်ဘူး၊*
*လက်ချောင်းတွေရဲ့ အောက်စီဂျင်ကိုလည်း ဖောက်ယူရမယ်။*
*သူတို့ချင်း အကျိုးတူ ပူးပေါင်းပြီးလျှောက်မှ*
*.....................အဲဒီကျောက်ဂူဆီရောက်မယ်။*
*(ရှင်းရှင်းပြောရင် လေးဘက်ထောက်ပြီးသွားရမယ်။)*

★ *ကျောက်ဂူအဝက...*
*လမင်းလိုပတ်လည်လိမ်ပျပျကြီး၊ ကျဉ်းတယ်။*
*ဦးခေါင်းကိုပဲ ဝတ်သွားပြီး ဦးထုပ်ကို ချွတ်ထားခဲ့။*

★ *အဲဒီမှာ ရွှေစင်တို့နဲ့ အတိပြီးရာ*
*အဲဒါကို ခင်ဗျားရဲ့လျှာနဲ့ လိပ်ယူလို့မရဘူး။*
*ခံတွင်းကို ဖွင့်,မပြီး သေချာတဲ့ သွားနဲ့ ကိုက်ဆွဲယူရမယ်။*

★ *ပြီး လေးဘက်ထောက် အနေအထားနဲ့*
*ဖြည်းဖြည်းချင်း တွားလျှားပြန်ထွက်ရမယ်။*
*အဲဒါမှ အဲဒီ ''ရွှေအမဲရှိုးကြီး''ကို ခင်ဗျားရမယ်။*

✷ ***စိတ်ဝင်စားရင်***
***မာတ်တိုင်အောက်က ဦးအောင်နက်ကြီးဆီမှာ***
***.............လိပ်စာ သွားယူပါ။***
***(သူ့အတွက်က အသုံးမဝင်ဘူး တဲ့)။***

ကဗျာကို ပြန်ဖတ်ကြည့်လိုက်သည်။ လူတွေကို သရော်သော ကဗျာတစ်ပုဒ်လောက်ရေးရမည်ဟု ရည်စူးပြီး ရေးလိုက်ခြင်းဖြစ်သည်။ ရေးပြီးပြီးချင်းမှာပဲ ကိုယ့်ကဗျာ၏ အခြေအနေကို ကိုယ်သိလိုက်၏။ မည်သည့်မဂ္ဂဇင်းကမှ ထည့်ပေးလိမ့်မည်မဟုတ်။

မည်သို့ပင်ဖြစ်စေ ရေးပြီးသော ကဗျာကိုတော့ မှတ်မှတ်ရရ သိမ်းထားရဦးမည်ဖြစ်သည်။

နေ့လည်ခင်းသည် နေကျဲကျဲပူနေသည်။ အပြင်ဘက် လမ်းမပေါ်မှာ တံလျှပ်တွေ ရိပ်ရိပ်ပြေးနေတာကို မြင်ရ၏။ စာကြည့်ခန်းထဲမှာတော့ ပန်ကာတွေ ဖွင့်ထားသဖြင့် လေအေးလှိုင်းကိုရနေသည်။

ဤမြို့ကလေး၏ စာကြည့်တိုက်ထဲသို့ ‘ရည်ညွှန်း’ ရောက်ရှိနေခြင်းဖြစ်သည်။ လက်ဖက်ရည်ဆိုင်ကနေ တည်းခိုရာအိမ်သို့ ပြန်ရောက်တော့ ကိုဝင်းအောင်မရှိ။ ‘စာကြည့်တိုက်သွားသည်’ဟု စာရေးပေးခဲ့ပြီး။ ချက်ချင်း ပြန်ထွက်ခဲ့သည်။ လွယ်အိတ်တစ်လုံးကိုပဲ ဆွဲယူလာခဲ့၏။

စာကြည့်တိုက်မှူး ကိုဝင်းကျော်က သူ့ကိုတွေ့တော့ အပြုံးနှင့် ဆီးကြိုနှုတ်ဆက်သည်။ (ဤနေရာတွင် ‘ဆီးကြိုသည်’ဆိုသည်က ခရီးဦးကြိုပြုခြင်းကို ဆိုလိုသည်။ လုံးကောက်အဓိပ္ပါယ်အတိုင်း မှတ်ယူရန် မဟုတ်ပါ)။

‘‘တစ်ယောက်တည်းလား’’

‘‘ဟုတ်ကဲ့’’

‘‘ကိုဝင်းအောင်က ဘယ်သွားလဲ’’

‘‘မသိဘူးဗျ’’

ကိုဝင်းကျော်က တဟားဟားရယ်၏။

‘‘ဘယ်လိုလဲ၊ စာလာရေးတာလား’’





‘‘အဟဲ...ဟုတ်ကဲ့’’

‘‘ရေးဗျာ၊ ကြိုက်တဲ့စားပွဲမှာသာ ထိုင်ရေးပေတော့’’

‘‘ဟုတ်ကဲ့’’

စာကြည့်တိုက်တို့၏ ထုံးစံအတိုင်း အထဲမှာ လူသူတစ်ဦးတစ်ယောက်မှမရှိချေ။ စာအုပ်ဗီရိုကြီးများကသာ နံရံမှာကပ်ပြီး ငိုမဲ့မဲ့ မတ်တတ်ရပ်နေကြ၏။

ရည်ညွှန်းက ပြတင်းပေါက်ဘေးမှာ စားပွဲကို ရွေးထိုင်လိုက်သည်။ လွယ်အိတ်ထဲမှ စာအုပ်များကို ထုတ်၍ စာရေးရန်ပြင်သောအခါ ကိုဝင်းကျော်က အလိုက်တသိဖြင့် သူ့စားပွဲမှာ သူစာထိုင်ဖတ်နေတော့သည်။

ကိုဝင်းကျော်က သူတည်းသော ကိုဝင်းအောင်တို့ အိမ်နှင့် တစ်ခြံကျော်မှာ နေထိုင်သူဖြစ်သည်။ ရောက်ရောက်ချင်းနေ့မှာပင် ကိုဝင်းအောင်က သူ့ကို ကိုဝင်းကျော်နှင့် မိတ်ဆက်ပေးခဲ့သည်။

‘‘ကျွန်တော် ငယ်ငယ်တုန်းက အရမ်းဆိုးတာဗျ’’

ကိုဝင်းကျော်က သူနှင့် မိတ်ဆက်အပြီးမှာ တဟဲဟဲရယ်ပြီး ပြော၏။ ‘စာရေးဆရာကို ရေးကွက်ပေးစရာတွေ ကျုပ်မှာ အများကြီး ရှိပါ့ဗျား’’ဟု ဆက်ပြော၏။

ထို့နောက် ရယ်စရာတွေချည်း ပြောပြနေတော့သည်။ သူ၏ ဖော်ရွေမှုကြောင့်ပင် ဤစာကြည့်တိုက်သို့ ရည်ညွှန်းလိုက်လာခြင်း ဖြစ်သည်။

ထိုကဲ့သို့ ရည်ညွှန်းစာထိုင်ရေးနေဆဲ စာကြည့်တိုက်ထဲသို့ လူတစ်ယောက် ဝင်လာသည်။

‘‘ဩော်...ကိုကျော်သီဟ ပါလား’’

‘‘အေးဗျာ’’

‘‘မလာစဖူး အလာထူးလို့၊ ဘာများ ဖတ်မလို့လဲဗျ’’

‘‘ဟိုဗျာ’’

‘‘အင်း...ပြော’’

‘‘နေဦးဗျ။ ကျွန်တော် ကက်တလောက်သွားကြည့်လိုက်ဦးမယ်’’

"ကြည့်...ကြည့်"

ဟိုဟိုသည်သည် ရွေးချယ်နေရာမှ ငဲ့စောင်းကြည့်လိုက်မိသည်။ မြင်မြင်ချင်း မှတ်မိလိုက်၏။ သူနှင့် မဆွေတို့ လမ်းပေါ်မှာ စကားများနေစဉ် နံဘေးမှ ဖြတ်သွားသော စက်ဘီးနှင့် လူဖြစ်သည်။

'ကိုကျော်သီဟ'ဆိုသည့် ထိုလူကလည်း ကက်တလောက် ဖတ်နေရင်းက သူ့ကို မသိမသာ လှည့်လှည့်ကြည့်သည်။

ခဏအကြာမှာ ထိုသူက...

"ကိုဝင်းကျော်"

"ဗျာ"

"ဒီစာအုပ်ရှိသလား"

"ကက်တလောက်ထဲရှိရင်တော့ ရှိမှာပေါ့ဗျာ၊ ဘာစာအုပ်လဲ ပြော"

"ကြားခဲ့ဖူးသော ယုံတမ်းစကားများ တဲ့"

"အင်း...အင်း ရှာပေးမယ်"

ထိုလူလိုချင်သောစာအုပ်ကို ကိုဝင်းကျော်က ဗီရိုထဲမှ ထုတ်ပေးလိုက်၏။ စားပွဲတစ်လုံးမှာ သွားထိုင်ပြီး ဖတ်နေ၏။

ယုံတမ်းစကားတွေဖတ်ပြီး မကြီးမငယ်နှင့် ဘာလုပ်ဦးမည်မသိ။

ထိုစဉ်မှာပဲ ကိုယ်လုံးကိုယ်ထည် ခပ်ပြည့်ပြည့်နှင့် လူငယ်လေးတစ်ယောက်ဝင်လာသည်။ ဝတ်စားဆင်ယင်ပုံအရ ဤမြို့သားမဟုတ်ကြောင်း ရန်ကုန်သားဖြစ်ကြောင်း သိသာသည်။

သူကတော လည်လည်ဝယ်ဝယ်ရှိ၏။ ဘာမှမပြောဘဲ သူ့ဘာသာ ကက်တလောက်ကို ဆွဲဖွင့်ပြီး ရှာသည်။ ကိုဝင်းကျော်ကလည်း ဘာသိဘာသာထိုင်နေ၏။

ခဏအကြာမှာ ထိုလူငယ်က...

"အစ်ကိုကြီး"

ကိုဝင်းကျော်ကို လှမ်းခေါ်ခြင်းဖြစ်သည်။

"ဆို..."

"ဒီစာအုပ်ရှိလား မသိဘူး၊ နံပါတ်က ၁၂/၃၁၉ တဲ့"





"စာအုပ်နာမည်က ဘာတုန်း"

"ကြားခဲ့ဖူးသော ယုံတမ်းစကားများ တဲ့"

"အာ...အဲဒါက"

လူငယ်က ပျာပျာသလဲ ပြန်မေး၏။

"ဘာဖြစ်လို့လဲ၊ အစ်ကိုကြီး မရှိဘူးလား"

"ရှိတော့ရှိတယ်၊ အခုပဲ သူများငှားဖတ်နေတယ်"

လူငယ်၏ မျက်လုံးက ရည်ညွှန်းဆီရောက်လာ၏။ ရည်ညွှန်းငှားဖတ်သည်ဟု ထင်နေပုံရသည်။

"ရတယ်လေ၊ ကျွန်တော် တစ်ခေါက်ပြန်လှည့်လာခဲ့လိုက်မယ်"

စကားအဆုံးမှာ ကိုကျော်သီဟကို မြင်သွား၏။ မျက်နှာတစ်မျိုးဖြစ်သွားသည်။ ကိုကျော်သီဟကတော့ သူ့ကို ဂရုမစိုက်ဟန်ဖြင့် စာကိုဆက်ဖတ်နေ၏။

လူငယ်က စိတ်ပြောင်းသွားသည်။

"အင်း...မထူးပါဘူး၊ ထိုင်ပဲစောင့်နေလိုက်တော့မယ်"

ပြီး စားပွဲတစ်လုံးမှာ ခြေချိတ်ပြီး ဝင်ထိုင်နေတော့သည်။ ဟိုဟိုသည်သည် ငေးလိုက် ကိုကျော်သီဟကို လှမ်းကြည့်လိုက်။ ဟိုတွေးသည်တွေး တွေးလိုက်၊ ကိုကျော်သီဟကို လှမ်းကြည့်လိုက်၊ ဖင်ကုတ်ခေါင်းကုတ်လုပ်လိုက်၊ ကိုကျော်သီဟကို လှမ်းကြည့်လိုက်။

တအောင့်အကြာမှာ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာန တီရှပ်ကို ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ထပ်ရောက်လာသည်။ ရည်ညွှန်းတို့လိုပင် ရန်ကုန်သားမှန်းသိသာလွန်းလှသည်။

သူကတော့ မျက်နှာပြုံးချိုနေ၏။ ပထမလူငယ်ကို 'ဖိုးဝ'ဟု အမည်ပေးပြီး ဒုတိယလူငယ်ကို 'ဖိုးပြုံးချို'ဟု အမည်ပေးထားလိုက်သည်။

ဖိုးပြုံးချိုက ကိုဝင်းကျော်ဆီ တည့်တည့်လျှောက်လာခြင်းဖြစ်သည်။

"ဆို ဘာကူညီရမလဲ"

ဖိုးပြုံးချိုက အပြုံးချိုချိုနှင့်ပင်...

"ဒီလို အစ်ကိုကြီး၊ စာအုပ်တစ်အုပ် ခဏငှားဖတ်ချင်လို့"

"ဖတ်လေ ဘာစာအုပ်လဲ"

"ဟို ယုံတမ်းစကားနဲ့ ပတ်သက်တာ ဘာစာအုပ်များရှိလဲ"

ပထမတော့ ကိုဝင်းကျော် မျက်မှောင်ကြုတ်သွားသည်။ ဒုတိယကတော့ ခေါင်းကုတ်သည်။ တတိယအနေနှင့် ဘာမှမဆိုင်ဘဲ ရည်ညွှန်းကို တဟဲဟဲနှင့် လှမ်းရယ်ပြသည်။

ရည်ညွှန်းလည်း စိတ်ဝင်စားလာမိသည်။ ဘာကိစ္စ ယုံတမ်းစကား စာအုပ်ကို ဒီလောက် ဖတ်ချင်နေကြတာလဲ။ ညှော်သည်ဖြစ်သော သူသာမက မြို့ခံဖြစ်သော ကိုဝင်းကျော်လည်း နားမလည်နိုင်လောက်အောင် ဖြစ်နေပုံရသည်။

ကိုဝင်းကျော်က ဖိုးပြုံးချိုကို…

"အဲဒီစာအုပ်က ဒီစာကြည့်တိုက်မှာ တစ်အုပ်တည်းရှိတာ"

"ဟုတ်ကဲ့၊ ခဏလောက်ဖတ်ကြည့်ချင်လို့"

"အခု တစ်ယောက်ဖတ်နေတယ်၊ အဲဒါကို တစ်ယောက်က စောင့်နေတယ်။ သူတို့ပြီးမှ ငါ့ညီဖတ်လို့ရမယ်"

ဖိုးပြုံးချိုက စာကြည့်တိုက်ထဲသို့ လှည့်ပတ်အကဲခတ်သည်။ ရည်ညွှန်းကို သာမန်ကာရှန်ကာကြည့်ပြီး ဖိုးဝနှင့် ကိုကျော်သီဟကိုတော့ သေသေချာချာအကဲခတ်သည်။

"ရပါတယ်၊ ကျွန်တော် စောင့်ပါ့မယ်"

သူတို့အစား ရည်ညွှန်းပင် ပျင်းမိ၏။ သူတို့ဘာသာ ဘာတွေဖြစ်နေကြသလဲတော့မသိ။ သူတို့ချင်းကလည်း တစ်ယောက်နှင့်တစ်ယောက် သိသလိုလို၊ မသိသလိုလို။

ဖိုးပြုံးချို ဝင်ထိုင်သော စားပွဲက ဖိုးဝနှင့် ကိုကျော်သီဟတို့ကြားမှ စားပွဲဖြစ်သည်။ ဤစားပွဲမှလွဲ၍ တခြားစားပွဲလည်း ထိုင်စရာမရှိတော့ချေ။

ဖိုးပြုံးချိုက စီးကရက်တစ်လိပ်ကို မီးညှိပြီး ဖွာ၏။

"ဟေ့ကောင်၊ ဆေးလိပ်မသောက်နဲ့"

ကိုဝင်းကျော်က လှမ်းတားခြင်းမဟုတ်ပါ။ ဖိုးဝက လှမ်းတားခြင်းဖြစ်သည်။ ထို့ကြောင့် ဖိုးပြုံးချိုကလည်း ထိုစကားကို လက်မခံ။





"ငါ့ဘာသာ ငါသောက်တာ မင်းနဲ့ ဘာဆိုင်သလဲ"

"မင်း ဆေးလိပ်သောက်တာ ငါ့ကိုပါထိခိုက်တယ်ကွ"

"ဘယ်လိုဖြစ်လို့လဲ"

"ဒီလောက် မီးခိုးတွေထွက်နေတာ မင်းသောက်တဲ့ စီးကရက်ရဲ့ သုံးပုံတစ်ပုံက ငါ့အဆုတ်ထဲ ရောက်တယ်ကွ"

ဖိုးပြုံးချိုက သောက်လက်စ စီးကရက်ကို ထောင်ပြလိုက်ပြီး

"ဒီစီးကရက်က တစ်လိပ်ကို ဆယ့်ငါးကျပ်ပေးရတယ်ကွ။ သုံးပုံတစ်ပုံ မင်းအဆုတ်ထဲ ရောက်တယ်ဆိုတော့ မင်းက ငါ့ကို ငါးကျပ်ပြန်ပေး"

"အောင်မာ လာလာချည်သေး"

"သူများ အကြွေးပြန်မပေးရင် မင်းငရဲရောက်မှာပေါ့ကွ"

"အေး ဆေးလိပ်သောက်တာကို တားရင်း ငရဲရောက်မယ်ဆိုရောက်ပါစေ။ ငါသွားမယ်၊ မင်းသာ နိဗ္ဗာန်ကို အဆုတ်နာရောဂါနဲ့သွားချေ"

"ဝုန်း"

ကိုကျော်သီဟက သူ့စားပွဲကို လက်သီးနှင့် ထုလိုက်ခြင်းဖြစ်သည်။

"ဘာကောင်တွေလဲကွာ၊ ဆူညံနေတာပဲ၊ စာကောင်းကောင်းဖတ်လို့ မရဘူး"

ဖိုးဝနှင့် ဖိုးပြုံးချိုတို့ ငြိမ်သွားကြ၏။ ကိုကျော်သီဟကိုတော့ ဘုကြည့်ကြည့်နေကြသည်။ ကိုကျော်သီဟက ထိုင်ရာမှ ထရပ်လိုက်၏။

"ကိုဝင်းကျော်"

"ဗျာ"

"ဒီစာအုပ်က အိမ်ကို တစ်ပတ်ငှားလို့ရတယ် မဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့ ရပါတယ်"

"ဒါဖြင့် စာရင်းမှတ်ဗျာ၊ ကျွန်တော် ငှားသွားတော့မယ်"

ကိုကျော်သီဟက စာအုပ်ကို တစ်ခါတည်း အိမ်ငှားသွားတော့သည်။ ဖိုးဝနှင့် ဖိုးပြုံးချိုတို့ အကြံအိုက်ပြီး ကျန်ရစ်ခဲ့ကြသည်။

ကိုဝင်းကျော်က…

“ဟော့…စာရေးဆရာ”

သူ့ကို လှမ်းခေါ်ခြင်းဖြစ်သည်။

“ဗျ”

“စာကော ရေးလို့ရရဲ့လား”

ပြောပြောဆိုဆို ရည်ညွှန်းအနားသို့ရောက်လာသည်။ ရေးထားသော ကဗျာကို ဆွဲယူဖတ်၏။ ကဗျာအဆုံးမှာ ပြုံးသည်။

“သရော်ထားတာပေါ့ ဟုတ်လား၊ စတိုင်ယာပေါ့၊ ကောင်းသားပဲ၊ ဒါ့ထက်…”

“ဘာတုန်း”

“ကဗျာခေါင်းစဉ်ကို ဘယ်လိုပေးထားသလဲ”

“ခေါင်းစဉ်ကို ကြားလိုက်ရင် ခင်ဗျား စိတ်ညစ်သွားဦးမယ်”

“ဟုတ်လား”

ကိုဝင်းကျော်က ပြုံးဖြဲဖြဲနှင့် ဆက်မေးသည်။

“ပြောပါဦး၊ ဘာတဲ့လဲ”

“ကဗျာခေါင်းစဉ်က ယုံတမ်းစကား တဲ့”

“ဗျာ”

အာမေဋိတ်သံပြုပြီးမှ ကိုဝင်းကျော်က တဟားဟားရယ်သည်။ ဝေါင်စင်းစင်းထိုင်နေကြသည့် ဖိုးဝနှင့် ဖိုးပြုံးချိုတို့၏ မျက်လုံးများက ရည်ညွှန်း၏ မျက်နှာပေါ်သို့ တည့်တည့်မတ်မတ်ရောက်ရှိလာတော့သည်။





(၄)

ဖိုးဝက ထိုင်ရာကထပြီး ကိုဝင်းကျော်ကို တစ်ချက်ကြည့်သည်။

“အစ်ကိုကြီး”

“အေး ပြော”

“ခုနက လူကြီးစာအုပ်လာအပ်ရင် ကျွန်တော် ဆက်ငှားမယ်နော်”

“အေး…အေး ရတယ်”

“သူက ဒီစာအုပ်ကို တစ်ပတ်လုံး ယူထားမှာလား”

“မပြောတတ်ဘူးလေကွာ၊ ဒါလေးဖတ်တာက ဘယ်လောက်မှ မကြာဘဲ။ နှစ်ရက်သုံးရက်နဲ့ ပြန်လာအပ်ချင်လည်း အပ်မှာပေါ့”

“အင်း…အဲဒါဆိုရင်တော့ ကောင်းပါတယ်၊ ကျွန်တော်က တစ်ပတ်ပြည့်တာတောင် သူလာမအပ်ဘဲ နေမှာကို စိုးရိမ်တာ”

ကိုဝင်းကျော် တစ်ချက်တွေသွားသည်။

“အေး…လာအပ်ပြီး သူက နောက်တစ်ပတ် ဆက်ငှားမယ်ဆိုရင်တော့ ပေးလိုက်ရမှာပဲကွ”

ဖိုးဝက သက်ပြင်းကြီးချ၏။

“အေးဗျာ၊ ဒီလူကြီးကလည်း နာမည်ကိုက ကျော်သီဟ တဲ့”

“ဟင်…မင်းဟာကလဲ ဘာမှ မဆိုင်ပါလား”

ထိုအချိန်မှာပင် ဖိုးပြုံးချိုကလည်း ထိုင်ရာမှ ထသည်။ ဖိုးဝကို

''ဟော့ကောင်၊ မျှော်လင့်မနေနဲ့၊ အဲဒီစာအုပ်ကို မင်းအရင် ငါဖတ်ရမှာပါ''

ဖိုးဝက မျက်လုံးပြူးနှင့် ပြန်ကြည့်ပြီး…

''ဘာဆိုင်လို့လဲ''

''ဘာဆိုင်ဆိုင်လေ''

''မင်းက ငါ့နောက်မှရောက်တာပဲ၊ ငါက မင်းထက် စီနီယာကျတာပဲ''

''ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းမသိတာတွေလည်း ရှိသေးတယ်''

''ဘာလဲ''

ဖိုးပြုံးချိုက ဖိုးဝကို ဆက်မပြောတော့ဘဲ ကိုဝင်းကျော်ဘက် လှည့်ကာ…

''အစ်ကိုကြီး''

''အင်း…''

''ခုနကလူကြီးပြန်လာပြီး ကျွန်တော့်ကို တွေ့ချင်တယ်ဆိုရင် ဒီလိပ်စာအတိုင်း လာတွေ့လို့ပြောလိုက်ပါ''

ကိုဝင်းကျော်ဆီ လိပ်စာရေးထားသော စာရွက်တစ်ရွက်ကမ်းပေးသည်။ ကိုဝင်းကျော်က မျက်မှောင်ကြုတ်ပြီး လိပ်စာစာရွက်ကို လှမ်းယူသည်။

ဖိုးဝက ဖိုးပြုံးချိုကို…

''သူက မင်းဆီကို ဘာဖြစ်လို့ လိုက်တွေ့ရမှာလဲ''

''ငါ ဒီမှာ ကြာကြာမနေအားတော့ဘူး၊ သွားစရာရှိသေးတယ်''

''အဲဒါနဲ့ပဲ သူက မင်းအိမ်ကို လိုက်တွေ့ရမှာလား''

''ငါ့အိမ်မဟုတ်ပါဘူး၊ ငါတည်းတဲ့အိမ်''

''ဘာဖြစ်ဖြစ်ပါ၊ သူက ဘာကိစ္စ မင်းဆီကို လိုက်လာရမှာလဲ''

ဖိုးပြုံးချိုက ဖိုးဝကို ပြန်မဖြေဘဲ ကိုဝင်းကျော်ကို ကြည့်ပြီး ပြောပြသည်။

''အစောကြီးကတည်းက ကျွန်တော် သူ့ဖိနပ်တစ်ဖက်ကို





မှာထားလိုက်တယ် အစ်ကို၊ သူ့ဖိနပ်တစ်ဖက်နဲ့ ကျွန်တော့်ဖိနပ်တစ်ဖက်ကို စီးပြီး သူပြန်သွားတာ ပြန်လာလဲရလိမ့်မယ်။ အဲဒီအခါကျမှပဲ သူ့ဆီကနေ ကျွန်တော် အဲဒီစာအုပ်ကို တောင်းဖတ်လိုက်ပါ့မယ်''

စကားအဆုံးမှာ ဖိုးပြုံးချို လှည့်ထွက်သွားတော့သည်။ ဖိုးဝပဲ အိုးတိုးအတနှင့် ကျန်ရစ်ခဲ့၏။ ရည်ညွှန်းနှင့် ကိုဝင်းကျော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးမိသည်။

ဖိုးဝက ရည်ညွှန်းအပါးသို့ ချဉ်းကပ်လာပြီး…

''အစ်ကိုကြီးက စာရေးဆရာလား''

''ဒီလောက်ကြီးတော့ မဟုတ်သေးပါဘူးကွာ''

''အစ်ကိုကြီးကလည်း ရန်ကုန်ကပဲထင်တယ်''

''အေး…ဟုတ်တယ်''

ဖိုးဝရော၊ ဖိုးပြုံးချိုရော ရည်ညွှန်းထက် ငါးနှစ်ခန့်ငယ်နိုင်သည်။ သူတို့ချင်းကတော့ ရွယ်တူတွေဖြစ်၏။

''အစ်ကိုကြီးက စာရေးဆရာဆိုတော့ စာပေဗဟုသုတတွေ အတော်စုံမှာပေါ့နော်''

ထိုစကားကြောင့် ရည်ညွှန်း ရယ်လိုက်သည်။

''ဘာလဲ၊ မင်းက ငါ့ကို ယုံတမ်းစကားပြောခိုင်းမလို့လား''

ဖိုးဝက ရှက်ပြုံးပြုံးရင်း…

''ဟုတ်ကဲ့၊ အစ်ကိုကြီးက အကွက်မြင်သားပဲ''

''မင်းနဲ့ ထွက်သွားတဲ့ ကောင်လေးနဲ့က ပြိုင်ဘက်တွေလား''

''ဟုတ်တယ်၊ ဒါပေမယ့် အခုတော့ သူတင်မကတော့ဘူး၊ ကျော်သီဟဆိုတဲ့ လူတစ်ယောက်ပါ ကန့်လန့်ကန့်လန့် ပါနေပြီ။

ကိုဝင်းကျော်က ဝင်မေးသည်။

''နေပါဦး၊ မင်းတို့တွေ ဘာတွေဖြစ်နေကြတာလဲ''

''ဘာဖြစ်လို့လဲ၊ အစ်ကိုကြီးရဲ့''

''ယုံတမ်းစကားရယ်၊ မင်းတို့သုံးယောက်ရယ် တစ်ခုခုတော့ ဖြစ်နေပါတယ်''

''ဩော်…ဒါလား''

ဖိုးဝက လျှို့ဝှက်သလိုပြုံးပြီး ဆက်ပြောသည်။

"အဲဒီကိစ္စကိုတော့ ထားလိုက်ပါဦး အစ်ကိုကြီးရယ်၊ နောက်တော့ သိလာမှာပါ"

"ဟိုကောင်လေးကတော့ လည်တယ်နော်၊ ကိုကျော်သီဟ ဖိနပ်ကို သူညာစွပ်သွားတယ်"

"အလကားပါ အစ်ကိုကြီးရာ၊ သူ့ကိုယ်သူ လည်သလိုလို ပတ်သလိုလိုနဲ့"

"ဘာပဲပြောပြော မင်းထက်တော့ တစ်ကွက်သာသွားပြီ မဟုတ်လား"

"ဘယ်ကလာ သာရမှာလဲ"

"မသာဘူးလား"

"မသာပါဘူး၊ သူစွပ်သွားတာ အဲဒီလူကြီးရဲ့ ဖိနပ်မှမဟုတ်ဘဲ၊ ကျွန်တော့်ဖိနပ်ကြီး"

"ဟေ..."

ကိုဝင်းကျော် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဒါဖြင့် မင်းခုနက ဘာလို့မပြောလိုက်တာလဲ"

"ဖိနပ်က အသစ်ဝယ်လို့ ရပါတယ်။ သူ့ရွှေ့ကွက်မှားနေတာကို တော့ ဒီအတိုင်းပဲ ထားထားလိုက်ချင်တယ်"

"မင်းတို့ဟာကလည်း မလွယ်ပါလားကွာ"

ဖိုးဝက ကိုဝင်းကျော်ကို ဆက်မပြောတော့ဘဲ ရည်ညွှန်းကို စူးစူးကြည့်လျက်...

"အစ်ကိုကြီး၊ ကျွန်တော့်ကို ကူညီပါဗျာ၊ ထူးဆန်းတဲ့ ယုံတမ်း စကားလေးတစ်ပုဒ်လောက် ကျွန်တော့်ကို ပြောပြပါ"

ရည်ညွှန်းက ခေါင်းကို ခပ်လေးလေးညိတ်လိုက်ပြီး...

"အေးလေ၊ ပြောပြရသေးတာပေါ့"

"အိုကေ၊ ကျေးဇူးပဲ အစ်ကိုကြီး"

"ဒီလိုကွာ နားထောင်"

ရည်ညွှန်းက သူတို့ကြားဖူးမည်မဟုတ်သော ယုံတမ်းစကား





တစ်ပုဒ်ကို တဖွဲ့တနွဲ့ပြောပြလိုက်သည်။ ကိုဝင်းကျော်ကပါ စိတ်ဝင်တစား နားထောင်သည်။

ရည်ညွှန်း၏ စကားများကို နားထောင်မှတ်သားရင်း ဖိုးဝ၏ မျက်လုံးများက အရောင်တလက်လက်တောက်လာသည်။

ရည်ညွှန်း၏ စကားအဆုံးမှာ...

"ဟာ...ကောင်းလိုက်တာ အစ်ကိုကြီးရာ၊ ကျွန်တော် တစ်ခါမှ မကြားဖူးဘူး"

"မင်းကြားဖူးရင်လည်း ငါ့နာမည်က 'မော်ဆရာ'ဘယ်ဟုတ်ပါ တော့မလဲ"ဟု ရည်ညွှန်း ရင်ထဲက ကြိတ်ပြောလိုက်သည်။

"ကဲ...မင်္ဂလာပါ အစ်ကိုကြီးတို့၊ ကျွန်တော် လစ်လိုက်ဦး မယ်"

နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ပင် ဖိုးဝပြန်ထွက်သွားသည်။ စာကြည့်တိုက်ထဲမှာ ရည်ညွှန်းနှင့် ကိုဝင်းကျော်သာ မူလအတိုင်း ကျန်ရစ် ခဲ့သည်။

"ကိုဝင်းကျော်"

"ဗျ"

"ဘာတွေတုန်းဗျ၊ ဘာတွေဖြစ်နေကြတာလဲ"

"သိဘူးလေ၊ ကျုပ်လည်း မပြောတတ်ဘူး"

"တစ်ခုခုတော့ တစ်ခုခုပဲဗျ"

"အင်း...ဟုတ်တယ်၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ပြောပြီး နှစ်ယောက်သား ရယ်ဖြစ်ကြသည်။ ဘာမှန်းညာမှန်း မသိဘဲ ရယ်ကြရခြင်းဖြစ်သည်။

"ကဲ...ကိုဝင်းကျော်၊ ကျွန်တော်လည်း ပြန်လိုက်ဦးမယ်ဗျာ"

"ဘာလဲ၊ စာရေးပျက်လို့ စိတ်ညစ်သွားပြီလား"

"မဟုတ်ပါဘူးဗျာ၊ အိမ်ပြန် ရေမိုးချိုးပြီး ခဏနားမလို့"

ရည်ညွှန်း စာကြည့်တိုက်မှ ပြန်ထွက်လာတော့ နေက အတော် ပင် မွန်းတိမ်းနေပြီ။ အပူကတော့ မလျော့လှသေး။ မြို့လယ်အဝိုင်းကြီး ကို ဖြတ်ကူးဖို့ ယာဉ်အသွားအလာကို ကြည့်နေချိန်မှာပဲ...

''အစ်ကိုကြီး''

ရည်ညွှန်း၏နောက်မှ အသံထွက်လာသည်။ လှည့်ကြည့်လိုက်တော့ ဖိုးပြုံးချို။

''ဩော်...မင်းကိုး''

''ဟုတ်ကဲ့ အစ်ကိုကြီး၊ ကျွန်တော် အစ်ကိုကြီးကို စောင့်နေတာ။ ကျွန်တော် အစ်ကိုကြီးကို တွေ့တွေ့ချင်း ရန်ကုန်ကမှန်း သတိထားမိတယ်''

''အင်း...ဟုတ်တယ်''

''စာပေသမားတစ်ယောက်မှန်းလည်း သိတယ်''

''ဩော်...''

''လာပါဗျာ၊ လက်ဖက်ရည်ဆိုင် လိုက်ထိုင်ပါဦး၊ ကျွန်တော့် အစ်ကိုကြီးကို အကူအညီတစ်ခု တောင်းစရာရှိလို့''

''ဘာလဲ၊ ယုံတမ်းစကား တစ်ခုခုပြောခိုင်းမလို့ မဟုတ်လား''

''အဟင်း...ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော့်ကို ကူညီနိုင်မှာပါ''

နီးရာလက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်းသို့ ဖိုးပြုံးချိုနှင့်အတူ ဝင်ထိုင်ရပြန်သည်။ လက်ဖက်ရည်သောက်ပြီးမှ ရည်ညွှန်းက မေးလိုက်သည်။

''နေပါဦး၊ ငါ ဒီလမ်းက ပြန်မယ်ဆိုတာ မင်းက ဘယ်လိုလုပ်သိလဲ''

''အစ်ကိုကြီး ဘယ်မှာတည်းတည်း စာကြည့်တိုက်ကနေ ပြန်မယ်ဆိုရင်တော့ အစ်ကို ဒီအဝိုင်းကြီးကို ဖြတ်ရမှာပဲ''

''ဩော်...အဲလိုလား''

''ဟုတ်တယ်၊ အဲဒါကြောင့် ကျွန်တော် အစ်ကို့ကို ဒီနေရာကထိုင်စောင့်နေတာ''

ပြီး ဖိုးပြုံးချိုကပဲ ဆက်ပြော၏။

''စာကြည့်တိုက်ထဲမှာ အစ်ကို့ကို ဟိုကောင်က ယုံတမ်းစကားတစ်ပုဒ်ပုဒ်ပြောခိုင်းမယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့်ကိုလည်း ဟခြားတစ်ပုဒ်ပုဒ်ပြောပြပါဦး အစ်ကိုရာ။ ဒါမှသာ ဒီကောင်နဲ့ ကျွန်တော်ရဲ့ ပြိုင်ပွဲက မျှတမှုရှိမှာပေါ့''

''အင်းလေ၊ ပြောဆိုလည်း ပြောရတာပေါ့''

စိတ်ဝင်စားစရာကောင်းတဲ့ ယုံတမ်းစကားတစ်ပုဒ်ကို အေးအေးလူလူ ပြောပြနေလိုက်သည်။ ဖိုးပြုံးချိုကလည်း နားထောင်ရင်း အင်မတန်စိတ်အားတက်ကြွနေသည်။

ရည်ညွှန်းရဲ့ စကားအဆုံးမှာ...

''ကောင်းတယ် အစ်ကို၊ သိပ်ကောင်းတယ် အစ်ကို၊ ဟိုကောင့်ကို ပြောပြခဲ့တာ ဒီအပုဒ်မဟုတ်ဘူး မဟုတ်လား''

''မဟုတ်ဘူး''

''အား ဒါဆို အိုကေပဲ၊ ကျေးဇူးပဲ အစ်ကိုကြီးရာ၊ ရှိတ်ဟင်းရှိတ်ဟင်း''

ရည်ညွှန်းကို လက်ခွဲနှုတ်ဆက်လိုက်သေးသည်။ လက်ဖက်ရည်ဆိုင်မှာပဲ သူနှင့် ဖိုးပြုံးချိုတို့ လူချင်းခွဲခဲ့ကြသည်။

စိတ်လွတ်လပ်ပေါ့ပါးစွာ တည်းခိုရာအိမ်သို့ လမ်းလျှောက်ပြီး ပြန်လာလိုက်သည်။ သစ်ပင်တို့ အစီအစဉ်တကျ ပေါက်ရောက်နေသော ကွေ့ဝိုက်ဝိုက်လမ်းကလေးတစ်ခုကိုအဖြတ်...

''ဟင်...''

လေစီးမှ မျောပါလာသည့် ထုံအီသော မွှေးရနံ့တချို့ကို ရလိုက်သည်။ အတန်ငယ်ရှူရှိုက်ကြည့်ပြီးမှ အမွှေးတိုင်ရနံ့မှန်း သိလိုက်၏။

''ဘယ်သူကများ အမွှေးတိုင်တွေ ဒီလောက် ထွန်းထားပါလိမ့်''

တီးတိုးရေရွတ်မိရင်း ရှေ့ဆက်သွားလိုက်တော့ ထူထပ်နေသည့် စံပယ်ရုံများနောက်ကွယ်မှ နတ်ကွန်းတစ်ခုကို တွေ့လိုက်ရသည်။

မွှေးရနံ့က ထိုနတ်ကွန်းထဲမှ ပျံ့လွင့်ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖြူလဲ့နေသော မီးခိုးစီးကြောင်းများကလည်း တိမ်မျှင်တိမ်တန်းများပမာ နတ်ကွန်းလေးကို အုပ်မိုးယှက်ဖြာနေသည်။

နတ်ကွန်းက လူအများဝင်ရောက်ပူဇော်နိုင်ရန် ဆောက်လုပ်ထားသည့် ကျောက်ဂူသဏ္ဌာန်နတ်ကွန်းဖြစ်သည်။

မီးခိုးများကြားမှာပင် နတ်ကွန်းကို မျက်နှာမူ၍ တင်ပလ္လင်ခွေ ထိုင်နေသော မိန်းမတစ်ယောက်၏ နောက်ကျောကို ရည်ညွှန်းမြင်နေရသည်။

ခဏရပ်ကြည့်နေလိုက်မိသည်။

ထိုစဉ်မှာပင် အမျိုးသမီးက ဖြည်းဖြည်းချင်း မတ်တတ်ထရပ်၏။ ဘယ်လိုများသိသွားသည်မပြောတတ်။ ရည်ညွှန်းကို ဆတ်ခနဲ လှည့်ကြည့်သည်။ အမျိုးသမီး၏ မျက်နှာက ဘာမှ လိမ်းခြယ်မထား။ ပခုံးတစ်ဝက် ခန့်ရှိသော ဆံပင်တို့ကို ဖားလျားချထားသည်။

ရည်ညွှန်းကို စေ့စေ့စိုက်ကြည့်သော သူ့မျက်လုံးတို့က စူးရှလွန်းလှသည်။

''ဟင်...''

ရည်ညွှန်း အံ့သြသွားမိသည်။ 'မဆွေ'ဟုပင် နှုတ်မှ ရေရွတ်လိုက်မိသလား မသိ။ သို့သော် ချက်ချင်းပင် 'မဆွေ'မဟုတ်မှန်း သိလိုက်သည်။

အမျိုးသမီး၏ မျက်နှာက 'မဆွေ'နှင့် ဆင်ဆင်တူသည်။ အသက် လေးဆယ်ဝန်းကျင်ခန့်ရှိမည်။ ချောမွေ့လှပသော်လည်း မည်သည့် ခံစားချက်မှ မရှိသည့် မျက်နှာသေကြီးဖြစ်သည်။

အမျိုးသမီးကြီးက ရည်ညွှန်းကို မျက်တောင်မခတ်စတမ်း ကြည့်နေသည်။ ရည်ညွှန်းကလည်း အံ့သြငေးငိုင်ပြီး ပြန်ကြည့်နေမိသည်။

အတန်ကြာမှ အမျိုးသမီးကြီးက မူလအတိုင်း အေးစက်နေသည့် မျက်နှာထားနှင့်ပင် ရည်ညွှန်းကို ပြန်လည်ကျောပေးသွား၏။

ရည်ညွှန်းလည်း နတ်ကွန်းကို ကျော်ဖြတ်ပြီး သွားရမယ့် လမ်းကို ဆက်လျှောက်လိုက်သည်။ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေမိတော့သည်။ သတိထားမိလိုက်သည်ကတော့ အမျိုးသမီးကြီး၏ မျက်နှာက 'မဆွေ'နှင့် တူနေသည်။





(၇)

အိမ်ပြန်ရောက်တော့ ညနေစောင်းနေပြီ။ ခြံဝမှနေ အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။ လူရိပ်လူရောင်မတွေ့ရ။ အိမ်တံခါးကိုတော့ အတွင်းမှ ပိတ်ထားသည်။ ကိုဝင်းအောင်ဖြစ်ဖြစ်၊ ဦးလေးဖြစ်ဖြစ် တစ်ယောက်ယောက်တော့ ရှိလိမ့်မည်။

ဤအိမ်တွင် ကိုဝင်းအောင်နှင့် သူ့ဦးလေးလူပျိုကြီးတစ်ယောက် သာနေကြသည်။ ဦးလေးလူပျိုကြီးကလည်း ပျော်တတ်ရွှင်တတ်သူဖြစ်၍ ရည်ညွှန်းအတွက် အနေချောင်သည်။

အိမ်ဝမှ အသံဖျက်၍ အော်လိုက်သည်။

''အိမ်ရှင်တို့၊ အိမ်ရှင်တို့''

''ဘယ်သူလဲ''

ကိုဝင်းအောင်၏ အသံ အိမ်ထဲမှ ပြန်ထွက်လာသည်။ အသံဖျက်ထားသောကြောင့် ရည်ညွှန်းမှန်း သိပုံမပေါ်။

''တံခါးဖွင့်ပါဦးဗျ''

''အင်း...လာပြီ၊ ဘယ်သူလဲ''

''ကျွန်တော်ပါ၊ ဓားပြ ပါ''

''ဗျာ''

ရည်ညွှန်း တဟားဟားအော်ရယ်လိုက်သည်။ ထိုအခါကျမှ 'နှိုးထဲမှပဲ'ဟု ရေရွတ်ပြီး ကိုဝင်းအောင်က တံခါးကို ဖွင့်သည်။

အိမ်ထဲသို့ လှမ်းဝင်လိုက်ရင်း ရည်ညွှန်းက…

“ကိုဝင်းအောင်”

“ဘာလဲ”

“ဦးလေးရောဗျ”

“ဦးလေး ရွာဘက်ထွက်သွားတယ်”

“ညမှောင်မှ ပြန်ရောက်မှာလား”

“မဟုတ်ဘူး၊ ဟိုမှာကို တစ်ပတ်လောက်နေဦးမှာ”

“ဟင်…ဘယ့်နှယ်ဖြစ်ရတာတုန်း၊ မနက်ကတောင် ဘာမှ မပြောဘူး”

“အေး ရွာက သူ့မိတ်ဆွေတစ်ယောက်ဆုံးလို့ နေ့ခင်းကမှ သိတယ်။ သိသိချင်း လိုက်သွားတာ”

“ဪ…ဪ”

ရည်ညွှန်းက စားပွဲပေါ်သို့ လွယ်အိတ်ကို ဖုန်းခနဲ ပစ်တင်လိုက်သည်။ ကိုဝင်းအောင်က…

“ဟေ့ကောင် ရည်ညွှန်း”

“ပြော”

“ထမင်းစားတော့မလား”

“ခဏနေဦးဗျာ”

“ဘာလုပ်ဦးမလို့လဲ”

“ဟိုဗျာ၊ ခုတ်လို့မပြတ်၊ သတ်လို့မသေတဲ့အရာကို ကျွန်တော် ရအောင်ချိုးကြည့်မလို့”

ကိုဝင်းအောင်က တစ်ချက်ကြောင်အမ်းအမ်းဖြစ်သွားပြီးမှ…

“ရေချိုးမလို့ဆို ရေချိုးမလို့ လို့ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါကွာ၊ မင်းဟာကလဲ”

“ဟဲဟဲ၊ ဒါကတော့ဗျာ”

ကိုဝင်းအောင် ဆာနေဟန်ရှိသည်။ သို့သော် သူ ရေချိုးပြီးသည်အထိ သည်းခံစောင့်ဆိုင်းနေ၏။ ထမင်းဝိုင်းကို အသင့်ပြင်ပြီး စောင့်နေခြင်းဖြစ်သဖြင့် ရည်ညွှန်း အားနာသွားသည်။





“ဟာဗျာ၊ ခင်ဗျားကလည်း စားနှင့်တာမဟုတ်ဘူး”

“ဦးလေးကလည်းရှိတာမဟုတ်ဘူး၊ မင်းနဲ့ငါ နှစ်ယောက်တည်းကို တစ်ယောက်တကွဲစားနေလို့ မကောင်းပါဘူးကွာ”

ကိုဝင်းအောင် ဖြစ်သလိုချက်ထားသောဟင်းနှင့်ပင် နှစ်ယောက်အတူစားလိုက်ကြသည်။ အမှန်တော့ ကိုဝင်းအောင်က ဟင်းချက်ကောင်းသူဖြစ်၏။ နေ့ခင်းက ဦးလေး ခရီးသွားရန် ပြင်ဆင်ပေးနေရသဖြင့် ဟင်းကို ဖြစ်သလိုသာ ချက်လိုက်ရခြင်းဖြစ်သည်။ စားလို့ကတော့ ကောင်းသည်ပဲ။

ရည်ညွှန်းနှင့်ကိုဝင်းအောင်က ပြောမနာ ဆိုမနာ ရင်းနှီးကြသူများဖြစ်၏။ ကိုဝင်းအောင် ရန်ကုန်ရောက်လျှင်လည်း ရည်ညွှန်းတို့ အိမ်မှာပဲ တည်းတတ်သည်။ သူက ရန်ကုန်သို့ အလာများ၏။ ရည်ညွှန်းကသာ သူ့ဆီသို့ ခုမှရောက်ဖူးခြင်းဖြစ်သည်။

“နေ့ခင်းက ခင်ဗျားဆိုင်ဘက်ကို ကျွန်တော် ရောက်သေးတယ်”

“ဟုတ်လား”

ပြီးမှ ဘာမှ ဆက်မပြောဘဲ ကိုဝင်းအောင်က ထမင်းပဲ မဲစားနေသည်။ စကားရှည်ရှည်ပြောချင်နေသော ရည်ညွှန်းက အားမလိုအားမရဖြစ်သွားမိသည်။

“ဟေ့လူ၊ ခင်ဗျားကို ကျုပ်မေးစရာတွေရှိတယ်”

“ပြီးမှ မေးကွာ”

“ဟ…ဘာဖြစ်လို့လဲ”

“ထမင်းစားရင်း ငါ စကားမပြောတတ်တာ မင်းသိတာပဲ”

“ခင်ဗျားက တော်တော်အစားငမ်းတဲ့သူပဲ”

“ပြောချင်တာပြော”

ရည်ညွှန်းလည်း စိတ်ရှည်ရှည်ထားပြီး ထမင်းကို ပြီးအောင် စားလိုက်၏။ ထမင်းစားပြီးတော့လည်း ဒင်းက ရေချိုးခန်းထဲမှာ သွားတိုက်နေရတာ အကြာကြီး။ တော်တော်နှင့် ထွက်မလာချေ။

ပထမတော့ ရည်ညွှန်းစောင့်နေသေးသည်။ နောက်တော့လည်း မစောင့်နိုင်တော့။ ကိုယ့်အခန်းထဲဝင်ပြီး ခုတင်ပေါ် ပစ်လှဲလိုက်သည်။

ဦးလေးမရှိတော့ ပျင်းစရာကြီး ဖြစ်နေသည်။ သုံးယောက်တည်းရှိသော အိမ်ကလေးမှာ တစ်ယောက်လျော့သွားတာက အတော်သိသာသည်။

ဒီလိုမှန်းသိလျှင် ကိုဝင်းအောင်ဆိုင်မှ စာအုပ်တွေ၊ အခွေတွေကို ဆွဲလာခဲ့မည်ပေါ့။ ခုတော့ ပျင်းခြောက်ခြောက်ကြီး။ ကိုဝင်းအောင်တို့ တူဝရီးက မြို့ထဲမှာ ဆိုင်ဖွင့်ထားသည်။ စာအုပ်အငှားဆိုင်နှင့်အတူ ကက်ဆက်တိတ်ခွေ၊ ဗီဒီယိုခွေနှင့် CD ခွေ အငှားဆိုင်ကိုပါ ဖွင့်ထားသည်။

ဤနေ့တစ်နေ့တာ ကြုံကြိုက်ခဲ့သမျှကို မျက်နှာပေါ် စာရွက် တစ်ရွက်ဆွဲယူအုပ်ပြီး ရည်ညွှန်း စဉ်းစားနေလိုက်သည်။

ကျောဘက်ကို ကြည့်ခိုင်းတဲ့ မခွေ။ ကောင်တာမှာ ကျေနပ် ကြောင်း လာပြောတဲ့ မခွေ။

စာကြည့်တိုက်ထဲက ယုံတမ်းစကား။ ကိုကျော်သီဟနှင့် ချာတိတ် နှစ်ယောက်။ ပြီး နတ်ကွန်းရှေ့က အမျိုးသမီးကြီး။

ကိုယ့်ဘာသာ စိတ်အေးလက်အေးတွေးနေချိန်ကျမှ ကိုဝင်းအောင် က ကြက်ဖကြီးလို လာတွန်၏။

"ဟေ့ကောင်၊ ထ,ထ အိပ်မနေနဲ့"

"ခင်ဗျားကလဲဗျာ၊ အတွေးပျက်လိုက်တာ"

မျက်နှာပေါ်မှာ အုပ်ထားသော စာရွက်ကို ဆွဲဖယ်ရင်း ရည်ညွှန်း က ပြန်ဘုတောလိုက်သည်။

"ဘာစာရွက်လဲ"

ကိုဝင်းအောင်က ဆွဲဖယ်လိုက်သော စာရွက်ကို စိတ်ဝင်စား နေသည်။

"ဘာစာရွက်ဖြစ်ဖြစ်ပေါ့ဗျာ"

"ဟေ့ကောင် ပြစမ်း"

"ဘာဖြစ်လို့ ပြရမှာလဲ ဗျ"

"ဩော်...မင်းက ဒီလိုကြေးလား"

အမှန်တော့ စာရွက်က ဘာစာရွက်မှ မဟုတ်ချေ။ စာရေးစက္ကူ အလွတ်ကြီးဖြစ်သည်။

"မင်း ဒီလောက်အတွေးနယ်ချဲ့နေရလောက်အောင် ဒီစာက





ဘာရေးထားတဲ့စာမို့လဲ"

"ကျွန်တော့်ကောင်မလေးက ကျွန်တော့်ကို ရေးတဲ့ ပြန်စာ ပေါ့ဗျာ"

"ဟင်...ရန်ကုန်က ရောက်လာတဲ့စာလား"

ကိုဝင်းအောင်က တကယ်အောက်မေ့ပြီး အံ့ဩနေသည်။

"ဘယ်ကလာ ရန်ကုန်က ရောက်လာတဲ့ စာဆိုလို့ရှိရင် လိပ်စာ အတိုင်း ဒီအိမ်ကို လာမှာပေါ့ဗျ။ ခင်ဗျား အရင်ဖတ်ရမှာပေါ့"

"ဒါဆို ဒီမြို့ကစာပဲပေါ့ ဟုတ်လား"

"ဒါပေါ့"

"ပြစမ်းပါကွ"

"နေစမ်းပါဗျာ"

ကိုဝင်းအောင်က ခုတင်ပေါ် ခုန်တက်ပြီး စာရွက်ကို ဖျတ်ခနဲ ဆွဲလုလိုက်သည်။

ဟိုဘက်သည်ဘက်လှန်ကြည့်ပြီး...

"ထွတ် လျှောက်ဖြီးနေတဲ့ကောင်၊ စာရွက်အလွတ်ကြီးကို"

ရည်ညွှန်းက မျက်နှာတည်တည်နဲ့ပဲ ဆက်လိမ့်လိုက်သည်။

"ကျွန်တော် တကယ်ပြောနေတာဗျ"

"ဘာတကယ်လဲ အရူးလား"

"အကောင်းပြောနေတာ၊ အဲဒါ ကျွန်တော့်ကောင်မလေး ကျွန်တော့်ကို ပေးတဲ့ ပြန်စာ"

"ဟားဟား ဘာမှ ရေးမထားတဲ့ ပြန်စာကြီးပါ"

"အေးလေဗျာ၊ ကျွန်တော်ကလည်း သူ့ကို ရည်းစားစာမှ မပေးရသေးဘဲ"

ကိုဝင်းအောင် ကြောင်အမ်းအမ်းဖြစ်သွားရပြန်သည်။ ရည်ညွှန်း ကို စိတ်ပျက်လက်ပျက်ကြည့်သည်။

"တော်တော်လည်း တတ်နိုင်တဲ့ကောင်ပဲ၊ ဒါနဲ့နေဦးဟေ့ကောင်"

"နေပါတယ်ဗျ၊ ဘာပြောမလို့တုန်း"

"မင်းက ဒီမြို့က ကောင်မလေးတစ်ယောက်ကိုများ သဘောကျ

နေလို့လား''

ရည်ညွှန်းက နံရံကို ငေးစိုက်ကြည့်နေပြီး ပြုံးလိုက်သည်။ တစ်လုံးချင်း ခပ်လေးလေး ပြန်ပြောလိုက်၏။

''အေးဗျ၊ သဘောကျသလိုရှိတာလေးတစ်ယောက်ကိုတော့ တွေ့ထားတယ်''

''ပြောပါဦး၊ ဘယ်တုန်းက တွေ့တာလဲ''

''ဒီမနက်ကပဲဗျ''

''ကျယ်ကျယ်ပြောကွာ''

''ဟင်…ဒီလောက်ကပ်နေတာကို ခင်ဗျား မကြားဘူးလား''

''မဟုတ်ပါဘူး၊ ကျယ်ကျယ်ပြန့်ပြန့်ပြောလို့ပြောတာ၊ အသေးစိပ်ပြောခိုင်းတာ''

''နေပါဦး၊ အဲဒါကို မပြောခင် ခင်ဗျားကို မေးစရာရှိသေးတယ်''

''မေး''

''ခင်ဗျား ကိုကျော်သီဟဆိုတဲ့ လူကို သိလား''

''မျက်မှန်နဲ့ ငါနဲ့ ရွယ်တူလောက်ရှိတဲ့လူလား''

''အင်း…ဟုတ်တယ်''

''သိတယ် ဘာဖြစ်လို့လဲ''

''ရင်းနှီးလား''

''သိပ်တော့ မရင်းနှီးပါဘူး၊ သူက ကမ်းနားလမ်းက ရုံးမှာ စာရေးကြီးပဲ။ ငါ့လိုပဲ လူပျိုကြီးကွ၊ ဘာဖြစ်လို့မေးတာလဲ''

''ဒီလိုဗျာ''

ထိုသို့ အစချီပြီး စာကြည့်တိုက်မှာ ကြုံတွေ့ခဲ့ရသမျှကို ကိုဝင်းအောင်အား ပြန်ပြောပြလိုက်၏။ ကိုဝင်းအောင်က ခေါင်းတညိတ်ညိတ် နားထောင်နေပြီး ရည်ညွှန်း၏ စကားအဆုံးမှာ…

''မင်း ဝတ္ထုရေးဖို့ ဇာတ်လမ်းရတာပေါ့ကွာ''

''ဒီလောက်နဲ့တော့ ဇာတ်လမ်းမဖြစ်သေးဘူးဗျ''

''တဖြည်းဖြည်းဖြစ်လာမှာပေါ့ကွာ''

''နေပါဦး၊ သူတို့တွေ ယုံတမ်းစကား အပြိုင်ပြောဖို့ ကြိုးစား





နေကြတာကို ကျွန်တော် အံ့သြနေတာ''

ကိုဝင်းအောင်က ပြုံးပြုံးကြီးလုပ်နေသည်။ သူ့အပြုံးက အဓိပ္ပါယ်ပါနေသဖြင့် ရည်ညွှန်း အားတက်သွားသည်။ ကိုဝင်းအောင် တစ်ခုခုကို တော့ သိထားပုံပေါ်သည်။

''ဟေ့လူ၊ ပြောစမ်းပါဗျ''

ကိုဝင်းအောင်က ချက်ချင်း ပြန်မဖြေဘဲ ဆေးလိပ်ကိုမဲဖွာပြီး တစ်စုံတစ်ရာကို စဉ်းစားနေသည်။ ရည်ညွှန်းလည်း အလိုက်တသိနှင့် ငြိမ်နေလိုက်ရသည်။

အတန်ကြာမှ ကိုဝင်းအောင်က…

''ဟေ့ကောင် ရည်ညွှန်း''

''ဗျ''

''မင်းက မော်ဆရာဆိုပြီး ချစ်ရေးချစ်ရာတွေ ဟိုဖြေသည်ဖြေ လုပ်နေတဲ့ ကောင်ဆိုတော့ မင်းကို ငါက အရင်မေးရဦးမယ်''

''မေးဗျာ''

''မိန်းကလေးတွေက သူတို့ကို ချစ်ပါတယ်လို့ ပြောလာတဲ့ ယောကျ်ားတစ်ယောက်ရဲ့စကားကို ယုံတမ်းစကားဖြစ်မသွားစေချင်ဘူး၊ မဟုတ်လား''

''ဒါပေါ့ကွာ၊ တည်တဲ့စကားဖြစ်စေချင်ကြတာပေါ့။ မယုံရတဲ့ စကားဆိုရင်တော့ ဘယ်လက်ခံချင်မလဲ''

''အေး တစ်ခါတစ်ခါကျတော့လည်း ယောကျ်ားလေး တစ်ယောက်ကလာပြီး သူတို့ကို ချစ်တယ်လို့ ပြောရင်တောင် ယုံတမ်းစကားတွေ လာပြောမနေနဲ့ဆိုပြီး လှောင်လွှတ်တာသာရှိတယ် မဟုတ်လား''

''အင်း…အဲဒါမျိုးလည်း ရှိတာပဲ''

''အေး…အဲဒါတွေနဲ့ မတူဘဲ မူကွဲနေတဲ့ ကောင်မလေး တစ်ယောက် တို့မြို့မှာ ရှိတယ်''

ရည်ညွှန်း စိတ်ဝင်စားသွားမိသည်။ အနေအထားပြင်ထိုင်လိုက်ပြီး…

''ဘယ်လိုမူကွဲတာလဲဗျ၊ ပြောပါဦး''

''အဲဒီကောင်မလေးက ယုံတမ်းစကားကို အရမ်းသဘောကျတယ်''

''သူ့ကို ချစ်တယ်လို့ပြောလာတဲ့ စကားက ယုံတမ်းစကားဖြစ်နေရင်လည်း သူက ပြန်ချစ်မှာပဲလား''

''ပြောင်မြောက်တဲ့ ယုံတမ်းစကားအဖြစ်ပြောလာနိုင်ရင် သူလက်ခံနိုင်တယ်။ ပြန်ချစ်သင့်ရင် ချစ်မှာပဲ တဲ့''

''ဟိုက်ရှားပါးစ်''

ရည်ညွန်း ပခုံးတွန့်လိုက်မိသည်။ ပြီး ဆက်မေးလိုက်၏။

''ထားပါတော့၊ အဲဒီကောင်မလေးက အခု ဘယ်သူနဲ့ ကြိုက်နေလဲ''

''ဟင့်အင်း၊ ဘယ်သူနဲ့မှ မကြိုက်သေးဘူး''

''ချစ်တယ်ဆိုတဲ့ ယုံတမ်းစကားကိုတောင် သူ ကျေနပ်လောက်အောင် ဘယ်သူမှ မပြောနိုင်သေးဘူးလား''

''ဟုတ်မှာပေါ့''

''ဟင် ခင်ဗျားတို့ မြို့က လူတွေ အတော်ညံ့တာပဲ''

''မြို့ခံလူတွေက ညံ့တာမဟုတ်ဘူးကွ၊ ကောင်မလေးက လည်တာ၊ သူက မင်းတို့ရန်ကုန်ကပဲ၊ ငယ်ငယ်တည်းက ရန်ကုန်မှာ ကျောင်းသွားတက်နေတာ။ ဒီမြို့ကို ပြန်ရောက်တာ တစ်နှစ်ကျော်ကျော်လေးပဲရှိသေးတယ်။ အတော်လေးလှတော့ အားလုံးက ဝိုင်းငမ်းနေကြတာပဲ။ အခုထိတော့ ဘယ်သူကမှ ကပ်လို့မရသေးဘူး''

''ပြောပါဦး၊ သူ့နာမည်က ဘယ်သူလဲ''

''ဆလိမ်နဲ့ ဆွေတဲ့ ချစ်မိုးဆွေတဲ့''

စကားအဆုံးမှာ ကိုဝင်းအောင်က ဆေးလိပ်မီးခိုးတွေကို မျက်နှာကျက်ဆီ မှုတ်ထုတ်သည်။ ထိုမီးခိုးတွေကို လိုက်ကြည့်ရင်း ရည်ညွန်းကလည်း သံယောင်လိုက်ရွတ်မိသည်။

''ချစ်...မိုး...ဆွေ''



# အပိုင်း [၂]

(၆)

**ဦးဦးမော်ဆရာခင်ဗျား...**

အကယ်၍များ ဦးဦးမော်ဆရာရဲ့ရှေ့မှာ လုပတဲ့ ကောင်မလေး တစ်ယောက်ရှိတယ်။ ပြီး ဦးဦးမော်ဆရာရဲ့ ဘယ်ဘက်လက်ထဲမှာ စာရွက် လွတ်တစ်ရွက်ရှိမယ်၊ ညာဘက်လက်ထဲမှာ ဘောလ်ပင်တစ်ချောင်းရှိမယ် ဆိုရင် ဦးဦးမော်ဆရာ ဘာလုပ်မလဲ။

ဝင်းနိုင်
ညောင်တုန်း။

**ညောင်တုန်းက မောင်ဝင်းနိုင်ရယ်...**

အဲဒီလို ဘယ်ဘက်လက်ကော ညာဘက်လက်ကော မအားမှ တော့ ဦးဦးမော်ဆရာ ဘာလုပ်လို့ ရဦးမှာလဲကွယ်။

⁂

မေး ချစ်ခင်ရပါသော ဦးဦးမော်ဆရာ။
ဖြေ ဗျာ

မေး　သမီးမှာ အဒေါ်အပျိုကြီးတစ်ယောက် ရှိပါတယ်။
ဖြေ　ရန်ကုန်မှာလည်း ပြတိုက်တွေ ရှိပါတယ်။
မေး　အချစ်အကြောင်းကို လုံးဝ စိတ်မဝင်စားပါဘူး။
ဖြေ　ဒီလိုပဲ ပြောတော့မှာပေါ့ကွယ်။
မေး　ဘယ်လိုပြုပြင်ရမလဲလို့ အကြံပေးပါဦး။
ဖြေ　သူ့အတိုင်းပဲ ထားလိုက်ပါ သမီးရယ်။
　ဝက်သက်ဆိုတာ ကြီးမှ ပေါက်ရင် ပိုကြောက်ရတယ်။

ဂျာနယ်ထဲမှ မှော်ဆရာ အမေးအဖြေကဏ္ဍကို ဖတ်ပြီး ချစ်မိုးဆွေ တခိခိရယ်နေမိသည်။ ထိုကဏ္ဍကို သူမ အလွန်သဘောကျသည်။ ပြုံးရရယ်ရသည့်အပြင် အချို့ဖြေဆိုချက်များက ထူးခြားနေသောကြောင့် ဖြစ်သည်။

ထိုစဉ်မှာပင်...

"သမီးရေ မဆွေ"

"ရှင်..."

"သမီး ဘယ်မှာလဲ၊ ဧည့်ခန်းထဲမှာလား"

"ဟုတ်ကဲ့ ကြီးကြီး"

"လာဦး လာဦး၊ ဒီမှာ ညည်းစာတွေ ပြန့်ကျဲနေတာပဲ"

"ဘာစာတွေလဲ"

"ရည်းစားစာတွေလေ၊ လူမြင်မကောင်းဘူး၊ လာသိမ်း"

ချစ်မိုးဆွေ ခေါင်းကုတ်ပြီး အိပ်ခန်းတွင်း ဝင်သွားလိုက်ရသည်။ သူမ အခန်း၏ ကြမ်းပြင်ပေါ်မှာ စာအိတ်တွေ ပြန့်ကျဲနေခြင်းဖြစ်သည်။ ကြီးကြီးက အခန်းဝမှာ ရပ်နေ၏။

"ဟောတော့၊ အဲဒါက ဘယ်လိုဖြစ်ရတာလဲ"

ချစ်မိုးဆွေက ရင်ဘတ်ကို လက်နှင့်ဖိရင်း တအံ့တသြမေးလိုက်သည်။

"ဖြူဖွေး တိုက်ချသွားတာ"

ဖြူဖွေးဆိုတာက သူမတို့အိမ်တွင် မွေးထားသည့်ကြောင်ကလေး





ဖြစ်သည်။ ထိုရည်းစားစာတွေကို စားပွဲပေါ်တွင် 'ဖြောင်'တင်ထားခြင်း ဖြစ်၍ တော်သေးသည်။ ခိုးသာစားရလျှင် ဤကြောင်နှင့်ပင်မိတော့သည်။

ချစ်မိုးဆွေက စာတွေကို ဖြိုးဖြိုးဖျတ်ဖျတ်ကောက်ပြီး ခုတင်ပေါ် ယှမ်းပစ်တင်လိုက်သည်။ ကြီးကြီးက သူမကို နားမလည်ဟန်ဖြင့်...

"အလေးအနက်ထားတာလည်း မဟုတ်ဘဲနဲ့ နင် ဘာကိစ္စ ဒီစာတွေကို သိမ်းထားရတာလဲ"

"သူငယ်ချင်းတွေက ပြောတယ် ကြီးကြီးရဲ့၊ နောင် ပျင်းလို့ ပြန်ဖတ်ရင် ရယ်ရတယ်တဲ့"

"အောင်မယ်လေးတော်"

ကြီးကြီးက ပခုံးမသိမသာတွန့်ပြီး အိပ်ခန်းအပြင်သို့ ပြန်ထွက်သွားသည်။ ချစ်မိုးဆွေ ပြုံးရယ်ရင်း ကျန်ရစ်ခဲ့သည်။

ဂျာနယ်ကို ကိုင်၍ ခုတင်ပေါ်ပစ်လှဲမည်ကြံပြီးမှ သူမက တစ်ခါ ပြန်အော်ရပြန်သည်။

"ကြီးကြီး"

"ဟေ"

"ကြီးကြီး ဧည့်ခန်းမှာလား"

"အေး"

"ဘာလုပ်နေလဲ၊ တီဗွီဖွင့်ထားလား"

"အေး ကြည့်နေတယ်"

"ဘောလုံးပွဲလာရင် သမီးကို ပြောနော်"

"လာနေပြီ၊ လာနေပြီ"

"ဟယ်"

ချစ်မိုးဆွေ ဝေါက်ခနဲ ဖြစ်သွားရသည်။ ဧည့်ခန်းဘက် ပြန်ထွက်မည် ပြုပြီးမှ မထွက်သေးဘဲ...

"ကြီးကြီး၊ ဘာနဲ့ ဘာကန်နေတာလဲ သိလား"

"သိတယ်"

"အင်း...ပြောပါဦး၊ ပြောပါဦး၊ ဘာနဲ့ ဘာလဲ"

"အပြာနဲ့ အဝါဟဲ့"

"ဟာ..."

ချစ်မိုးဆွေ စိတ်ညစ်သွားသည်။ အလိုမကျသလို ပြန်အော် ပြောလိုက်သည်။

"ကြီးကြီးကလည်း အရောင်ကို ပြောနေတာ မဟုတ်ဘူး။ ဘာအသင်းနဲ့ ဘာအသင်းလဲလို့ မေးနေတာ"

"သြော်...အင်း အဲဒါလား နေဦး၊ ဝက်ဖို့နဲ့ ရှက်ဖီးဝင်းနက်စ်ဒေး တဲ့"

"တော်...တော် မကြည့်တော့ဘူး"

ကိုယ့်ဘာသာ အိပ်ရာထက်မှာပဲ ပြန်လှဲချလိုက်၏။ ခေါင်းအုံး နံဘေးမှ ရည်းစားစာတွေကိုမြင်တော့ ပြုံးစိစိဖြစ်သွားပြီး တစ်အိတ်ပြီး တစ်အိတ် ပြန်ဖတ်နေလိုက်သည်။ ရန်ကုန်က သူငယ်ချင်းတွေ ပြောသလို ပဲ ရယ်ရလေသည်။

သူမက ယုံတမ်းစကားကို နှစ်သက်သူဖြစ်၏။ သူမကို ချစ်ကြောင်းကြိုက်ကြောင်း ယုံတမ်းစကားနှင့် ရောထွေးရေးသားပြကြ သည်။ ထို့ကြောင့် တစ်ယောက်ရေးသော စာနှင့် တစ်ယောက်ရေးသော စာ ဆင်တူရိုးမှားတွေ ဖြစ်နေကြသည်။

*ချစ်တဲ့ မိဆွေရေ...*

*အမေ့ဗိုက်ထဲမှာ ကိုယ်နေတုန်းကပေါ့။ ဒေင်ဥယျာဉ်ထဲက သစ်သီးစားချင်တယ်လို့ မေမေ့ကို ကိုယ်ကပြောပြတယ်။ အဲဒီ တော့ မေမေက နင့်ကို အခု မမွေးသေးဘူး၊ ခဏသွားချင်ရင်တော့ သွားပေါ့လို့ ခွင့်ပြုတယ်။*

*အဲဒါနဲ့ ကိုယ်လည်း ကမ္ဘာဦးကျမ်းထဲကို ဝင်ပြီး ဒေင် ဥယျာဉ်ကို ရှာတယ်။ အာဒံနဲ့ ဧဝတို့ မစားရသေးခင်လေးမှာပဲ အဲဒီပန်းသီးကို ကိုယ်က အရင်ရလိုက်တယ်။ ပြီးတော့ အမေ့ဗိုက် ထဲကို ကိုယ်ပြန်ဝင်ခဲ့တယ်။*

*အဲဒီတုန်းကဆိုရင် ကိုယ်က ပိစိကွေးလေးပေါ့နော်။*





*အဲဒီပန်းသီးကို တစ်ခြမ်းတည်းစားပြီး တစ်သက်လုံးစာ ပြီးသွား တယ်။ ခု ကျန်တဲ့တစ်ခြမ်း မိဆွေကို ကျွေးချင်လို့ ကိုယ် လက်ကမ်းမိတာပါ။ မိဆွေ ကိုယ့်ကို နားလည်ပါ။*

အောက်မှ ရေးသူ၏ အမည်ကိုကြည့်တော့ စိုးဝင်းငြိမ်းဟု ရေးထားသည်။ မေ့တော့တော့ဖြစ်နေ၍ မနည်းပုံဖော်ကြည့်ရသည်။ အညာသားဖြစ်သည်။ မန္တလေးမှာ မီးဘေးမိလာသော ပုံသဏ္ဍာန်မျိုး ဖြစ်သည်။

နောက်စာတစ်စောင်ကို ဆွဲယူဖတ်လိုက်၏။

*မိုးဆွေလေးရေ...*

ဆက်မဖတ်ဘဲ ရပ်ထားလိုက်မိလေသည်။ သူမကို ထိုသို့ခေါ်ခြင်း အား လုံးဝမနှစ်မြို့မိပါ။ မိုးဆွေလေးဆိုသည်က စကားလိမ်နှင့် လှန်လျှင် 'မြွေဆိုးလေး'ဖြစ်နေသည်။

"ဟင်း ငါပေါက်ထည့်လိုက်ရရင်တော့"

ထိုကဲ့သို့ ကြုံးဝါးရင်း ဆက်ဖတ်လိုက်သည်။

*ကိုယ်ငယ်ငယ်က ကျောင်းစတက်တဲ့နေ့မှာပေါ့။ ကကြီး၊ ခကွေးတွေကို လှေခါးလိုထောင်ပြီး ကိုယ် ဟိုးမိုးပေါ်ကို တက်သွား လိုက်တယ်။ မိုးပေါ်မှာ ကိုယ် အကြာကြီး စာပေပညာတွေ သင်ကြားခဲ့တာပါ။*

*ခုလို မြေပြင်ဆီ ပြန်ဆင်းလာတော့...*

(သူ့ကိုယ်သူ အာကာသယာဉ်မှူးကျနေတာပဲ)

*စာခြောက်လုံးပဲ တတ်လာခဲ့တယ်။ "ချစ်မိုးဆွေကို ချစ်တယ်" တဲ့။* (ပေါ်ရဲလိုက်တာ၊ ပေါ်ရဲလိုက်တာ)

ထို့နောက် ချစ်မိုးဆွေကိုချစ်တယ်ဆိုသော စာလုံးတွေကိုပဲ စာမျက်နှာအပြည့် ထပ်ရေးထားသည်။

အောက်မှ လက်မှတ်ကိုကြည့်တော့ ကျော်သီဟာဟု တွေ့ရသည်။

"အဲ..."

ဒီလူကြီးကတော့ ကြောက်ရသည်။ ဤမြို့ရောက်မှ သူမရရှိသည့်

ပထမဆုံး ရည်းစားစာမှန်း မှတ်မိလိုက်၏။ တစ်နေ့တစ်နေ့ သူ့ကို ရှောင်နေရတာလည်း အလုပ်တစ်ခုဖြစ်လေသည်။

ပျင်းလာသဖြင့် ဆက်မဖတ်တော့ဘဲ စာတွေကို ဘေးဘက် ပြန်တွန်းပို့လိုက်သည်။

တလောလေးကပဲ ရန်ကုန်မှ ရောက်လာဟန်တူသော လူငယ် နှစ်ဦး သူမကို ချဉ်းကပ်လာကြသည်။ မမြင်ဖူးသော မျက်နှာစိမ်းများ ဖြစ်၏။ သူတို့ချင်းလည်း တည့်ကြဟန်မတူ၊ ဘယ်လိုဖြစ်ပြီး သူမဆီမှာ လာဆုံနေကြမှန်းလည်း မပြောတတ်။

ထိုစဉ်မှာပဲ...

“သမီး မဆွေ”

“ရှင်”

“ဖုန်းလာတယ်”

“ဟင် ဟုတ်လား၊ ဘယ်ကလဲ”

“မြန်မြန်လာ၊ ရန်ကုန်အိမ်က”

“ဪ ဟုတ်ကဲ့၊ လာပြီ”

အိပ်ရာထဲမှ လူးလဲထပြီး ဧည့်ခန်းဆီ အပြေးတပိုင်းနှင့် လျှောက် သွားလိုက်သည်။

“ဟဲလို”

“မဆွေလား”

“ဟာ...ဟုတ်တယ် ဒေါ်လေး”

“အေး သမီး အဲဒီမှာ ဘာတွေထူးသေးလဲ”

“ရှင် ဘာဖြစ်လို့လဲ ဒေါ်လေး၊ ဘာမှ မထူးပါဘူး”

“အေး...မထူးသေးရင်လည်း ထူးလာလိမ့်မယ်”

“ရှင် ဘာဖြစ်လို့လဲ”

“အေး၊ ဒီမှာ ဒေါ်လေး ပြောပြမယ် နားထောင်”

“ဟုတ်ကဲ့”

ထို့နောက် ဒေါ်လေးပြောသမျှကို တအံ့တသြနှင့် နားထောင်နေ ရသည်။ နားထောင်ရင်း လိပ်ပတ်လည်လာသလိုလည်း ရှိသည်။ ဪ





ဒီလိုကိုးဟု တွေးမိ၏။

“သမီး မဆွေ”

“ဟုတ်ကဲ့”

“ဒေါ်လေး ပြောတာရှင်းလား”

“ဟုတ်...ဟုတ်ကဲ့၊ ရှင်းပါတယ်”

“အေး ရှင်းရင် ပြီးတာပဲ၊ ဒါပဲ၊ နင့်ကြီးကြီးကို ပြောရင် ပြောပြထားလိုက်၊ နင့်အမေတော့ မသိစေနဲ့”

“အင်းပါ ဒေါ်လေးရဲ့၊ သမီး သိပါတယ်”

ဒေါ်လေး ဖုန်းချသွားပြီးတော့ သူမ ဖုန်းခွက်ကိုင်ပြီး ကိုင်နေမိ သေးသည်။

“ဘာလဲ”

ကြီးကြီးက လှမ်းမေးခြင်းဖြစ်သည်။ သူမက လန့်ဖျပ်သွားဟန်ဖြင့် တွန့်ခနဲ ဗိုက်ကို ပွတ်လိုက်သည်။

“အဲဒါက ဘာဖြစ်သွားတာလဲ”

“ဪ...ကြီးကြီး မေးလိုက်တာက သမီးကို ဗိုက်ခေါက်လိမ် ဆွဲလိုက်သလိုပါပဲ ကြီးကြီးရယ်”

ကြီးကြီးက မျက်လုံးပြူးဖြင့် ကြည့်ပြီး...

“ဘာတွေလုပ်ထားပြန်ပြီလဲ”

“သမီးက ဘာမှ မလုပ်ဘူး၊ သူတို့ဟာသူတို့ဖြစ်နေတာ”

ကြီးကြီးဘေးမှာ ကြီးကြီးခါးကို ဖက်ပြီး ဝင်ထိုင်လိုက်သည်။ ဗိုက်ခေါက်ကိုရော၊ ပေါင်တွင်းကြောကိုရော ကာကွယ်ထားပြီး ထိုင်ခြင်း လည်းဖြစ်သည်။

ကြီးကြီးသဘောပေါက်အောင် တိုးတိုးတွတ်တွတ် ရှင်းပြရသည်။ ကြီးကြီးက သူမ၏ စကားအဆုံးမှာ တီဗွီဖန်သားပြင်ကိုကြည့်ပြီး ‘ဂိုး’ ဟု အော်လေသည်။

ချစ်မိုးဆွေ မကျေမနပ်ဖြစ်သွားသည်။ သူမ၏ စကားထက် ဘာမဟုတ်သော နယ်ချဲ့အင်္ဂလိပ်တို့၏ ဘောလုံးပွဲကို အလေးထားနေ သောကြောင့်ဖြစ်သည်။ အမှန်ဆို ကြီးကြီးသည် ဘောလုံးပွဲကို ဤမျှ

ဝါသနာပါသည်မဟုတ်။

"အဲဒါ ဂိုးဦး၊ အဲဒါ ဂိုးဦး"

ကိုယ်ကပဲ သူ့ကို ဗိုက်ခေါက်ရော ပေါင်တွင်းကြောရော လိမ်ဆွဲပစ်လိုက်သည်။ ပိုးဇာကာတွန်းထဲက လေးမွန်၊ ထွေးမွန် တို့ပြောသလိုပင် ခေတ်ကာလလူကြီးများသည် အတော်အပြောရ အဆိုရကြပ်လေသည်။

ကြီးကြီးက အိုးအိုးအားအားအော်ကာ တွန့်လိမ်ရင်း...

"ဟဲ့...ငါက အရေးမကြီးဘူး၊ နင့်အမေပဲ အရေးကြီးတာ"

ထိုစကားကြောင့် ချစ်မိုးဆွေ ငြိမ်ကျသွားလေသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သူမအတွက် ကမ္ဘာပေါ်တွင် မေမေသည် ဆက်ဆံရ အခက်ဆုံးပုဂ္ဂိုလ်ဖြစ်၏။

မေမေက စကားသိပ်ပြောလေ့မရှိ။ ဘာသာရေးလည်း လုပ်သည်။ ဘာခံစားချက်မှမရှိသော အေးတိအေးစက်မျက်နှာနှင့် ဘာသိဘာသာနေတတ်၏။

အရင်က ထိုသို့မဟုတ်ဟုတော့ သိရပါသည်။ မည်သို့ပင်ဖြစ်စေ သူမ လူမှန်းသိကတည်းက မြင်ရသည့် မေမေ့မျက်နှာကတော့ ဤအတိုင်းပင်ဖြစ်၏။

ခုဆိုလျှင်ဖြင့် သူမတို့ တစ်မျိုးလုံးက မေမေ့ကို ခပ်ရွံ့ရွံ့ဖြစ်ကြသည်။ မေမေ့ရှေ့မှာဆိုလျှင် တုတ်တုတ်မလှုပ်ရဲ။ ပွဲရုံကိစ္စအားလုံးကိုလည်း ကြီးကြီးကပဲ လှည့်ပတ်ဆောင်ရွက်နေရသည်။

ရန်ကုန်မှ ကားပစ္စည်းအရောင်းဆိုင်ကိုလည်း ရန်ကုန်မှာရှိသည့် ဒေါ်လေးကပင် တူတွေ၊ သားတွေ၊ အလုပ်သမားတွေဖြင့် ကြီးကြပ်နေရသည်။ သူမအတွက်တော့ မေမေသည် ဘာကြီးမှန်းကို မသိချေ။

သူမကိုတော့ ချစ်ပုံရပါသည်။ ၅၂၈ ထက် မပိုအောင် အေးစက်လွန်းတော့လည်း ခက်သည်။

ထိုင်ရာမှအထ...

"ဟင်..."

မေမေက သူမနှင့် ကြီးကြီး၏ အနောက်မှာ ရပ်နေသည်။





ကြီးကြီးဆိုလျှင် နေစရာမရှိတော့။ မေမေက...

"ရန်ကုန်က ရောက်နေတဲ့ စာပေသမားကောင်လေးတစ်ယောက် ဒီမြို့မှာရှိနေတယ်။ အားလုံးထက် သူ့ကို ပိုသတိထား"

ချစ်မိုးဆွေ၏ အာရုံထဲမှာ ဖျတ်ခနဲ ပြေးမြင်လာမိသော မျက်နှာတစ်ခု ရှိလေသည်။ ဘယ်ဘက်ရင်အုံမှာ နွေးခနဲဖြစ်သွားသလို ခံစားလိုက်ရလေသည်။

(၇)

"မိတ်ဆွေ
လူသာလာပါ၊ ပြဿနာ ခေါ်မလာပါနှင့်"

ဤတစ်ခေါက်တော့ ကောင်တာမှာ လာမဆွေးနွေးခိုင်းတော့ချေ။ 'မိတ်ဆွေ'ဟူသော စကားလုံးကိုလည်း ပီပီသသရေးထားသည့် Whiteboard ပေါ်မှ ထိုစာသားကိုဖတ်ပြီး ချစ်မိုးဆွေ မသိမသာပြုံးမိသေးသည်။

အညှိုးအမှတ်ထားတတ်သူဖြစ်လျှင် ဒီဆိုင်သို့ နောက်တစ်ခေါက် လာဖို့ ခက်လိမ့်မည်။ သူမကတော့ ခေတ်လူငယ်ပီပီ ပွင့်လင်းသော စိတ်ကိုပဲ ထားပါသည်။ ဘာကိုမှ သိပ်ဗွေမယူပါ။ 'ဗွေ'ဆိုသည်က ထိပ်ဆုံး၊ ဦးဆုံးဟူသော အဓိပ္ပါယ်ပင် ဖြစ်သည်။ 'ဗွေ'ယူလျှင်လည်း ကိုယ်က အရင်တီးထည့်လိုက်ဖို့ပဲလိုသည်။

ထုံးစံအတိုင်း ဆိုင်ထဲမှာ လူရှင်းနေသည်။ သူမဝင်လာတာကို တွေ့တော့ ဆိုင်ရှင်လူငယ်က အံ့သြသလို တစ်ချက်ဖြစ်သွားပြီးမှ လှမ်းပြုံးပြသည်။

"တစ်ယောက်တည်းလား"

"အင်း..."

"ဘာလာဝယ်တာလဲ"

"လာဝယ်တာမဟုတ်ဘူး၊ ဒီမှာ ထိုင်သောက်မှာ"





"ဪ...ဟုတ်ကဲ့...ဟုတ်ကဲ့"

ဆိုင်ရှင်လူရွယ်က ပျာပျာသလဲ ကြိုဆိုလုပ်ကိုင်ပေးရှာသည်။ လက်ဖက်ရည်ကျဆိမ့်တစ်ခွက် မှာသောက်နေလိုက်သည်။

မိန်းကလေးတစ်ယောက်တည်း လက်ဖက်ရည်ဆိုင်လာထိုင်သည် ဆိုသော ကိစ္စက ရန်ကုန်လိုမြို့ကြီးမှာ ရေးကြီးခွင်ကျယ်မဟုတ်လှပါ။ ခုလို နယ်မြို့လေးမှာတော့ အထူးအဆန်းသဖွယ်ရှိနေသေးသည်။ လမ်းသွားလမ်းလာတချို့က သူမကို ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြသည်။

"တကယ်တော့ တချို့စကားတွေက ယုံတမ်းစကားမဟုတ်ဘူးဗျ။ ဖြစ်နိုင်ခြေရှိတဲ့ စကားတွေပဲ ထူးခြားသလိုဖြစ်နေရင် မယုံလောက်တဲ့ စကားပဲ။ သက်သက်ပြောတဲ့ ယုံတမ်းစကားပဲလို့ လူတွေက အဲလို သတ်မှတ်နေကြတယ်"

"ရှင်းပြဦးလေဗျာ"

"ဒါပဲလေ၊ ဒါရှင်းပြတာပေါ့"

"အာ မဟုတ်သေးဘူးလေဗျာ၊ ဥပမာလေး ဘာလေးပေးဖို့ ပြောတာ"

"ဪ ဒီလိုလား"

သူမ၏ တစ်ဝိုင်းကျော်မှာ ပြောဆိုနေကြသော စကားသံများ ဖြစ်သည်။ မသိမသာလှမ်းကြည့်လိုက်တော့ စာကြည့်တိုက်မှ ပုဂ္ဂိုလ်ကို တွေ့ရသည်။ သူ့နာမည်ကို ချစ်မိုးဆွေ မသိချေ။ သူက နားထောင်သမား ဖြစ်ပြီး ရှင်းပြပြောဆိုနေသူက သူမကို ကျောပေးထားသည်။

သို့သော်...

"ဪ...ဒင်းကိုး"

ကျောဘက်မှကြည့်သော်လည်း ချစ်မိုးဆွေ မှတ်မိပါသည်။

အစကတည်းက ကျောဘက်ကိုကြည့်သည့်ကိစ္စနှင့်ပတ်သက်ပြီး ဆုံခဲ့ရသည့်လူပဲ။ မေမေပြောသည့်သူ။ သူက ယုံတမ်းစကားတွေ အကြောင်း ဘာတွေများ ဆွေးနွေးနေကြပါလိမ့်။

သူမက မသိမသာနားစွင့်နေလိုက်သည်။

''ဥပမာဆိုရင် ကိုဝင်းကျော်ရယ်''

''ဟုတ်ကဲ့''

''ဈေးထဲမှာ ကျွန်တော်က ကျွန်တော့်ရည်းစားကို လိုက်ရှာတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ရည်းစားမရှိဘူး။ အဲလိုပြောရင်ဗျား ယုံဖို့ခက်တာပေါ့''

''အင်း...ဒါပေါ့''

''ယုံတမ်းစကားလိုလိုဖြစ်နေတယ် မဟုတ်လား''

''ဟုတ်တယ်၊ ဖြစ်နေတယ် ကိုရည်ညွှန်း''

''ဒါပေမယ့် ရှင်းရှင်းလေးဗျ၊ ကျွန်တော့်မှာက ရည်းစားမရှိဘူး မရှိလို့ ရှာနေတာ၊ ဒါပဲပေါ့''

ကိုဝင်းကျော်ဆိုသောလူက အဲခနဲဖြစ်သွားပြီးမှ...

''ဒီလိုကျတော့လည်း ဟုတ်သားပဲ''

''နောက်ထပ် ဥပမာတစ်ခုပြောမယ်ဗျာ''

''အင်း...ပြောပါဦး ကိုရည်ညွှန်း''

''တကယ်တော့ မိန်းမဆိုတာ နာရီဗျ၊ အဲလိုပြောရင် ခင်ဗျား ယုံမလား''

''တစ်မျိုးကြီးပေါ့''

''ဒါပေမယ့် သူဟာသူတော့ အဆင်ပြေသွားတယ်ဗျ။ ယုံလောက်တဲ့ အကြောင်းပြချက်ပါတော့ ယုံရတာပဲ''

''ပြောပါဦး၊ ဘယ်လိုဖြစ်လို့လဲ''

''မိန်းမတွေက နာရီလိုပဲဗျ၊ အင်မတန်အပြောင်းအလဲမြန်တယ်၊ တစ်ခါကြည့်ရင် တစ်မျိုးဖြစ်နေတယ်''

ကိုဝင်းကျော်ဆိုသူက တဟားဟားရယ်သည်။

''အေးဟေးဟေး ဒီလိုကျတော့လည်း ဟုတ်သားပဲ''

ချစ်မိုးဆွေ အတန်ငယ်နားကြားပြင်းကပ်လာသည်။ မိန်းမထု အတွက်လည်း မခံမရပ်နိုင်ဖြစ်လာသည်။ ဘာမှတော့ ဝင်ပြောမနေလိုက်ပါ။ မိန်းကလေးတစ်ယောက်ရှိနေကြောင်းကိုသာ အချက်ပေးလိုက်သည်။

''အဟမ်း အဟမ်း အဟမ်း''





ထိုအသံကြောင့် ကိုဝင်းကျော်ဆိုသူက စကားပြောနေသူကို မျက်ရိပ်ပြသည်။ ထိုသူက လှည့်ကြည့်ပြီး...

''သြော် မဆွေကိုး''

လာလာချည်သေး။ လူကိုများ သူငယ်ပေါင်းကြီးဖော်ကျနေတာပဲ။

''ဒီမယ် ကိုရီညွှန့်''

''ဗျ...ဘယ်လို...ဘယ်လို ဘယ်သူ...ဘယ်သူ''

''ကိုရီညွှန့်လေ၊ ရှင့်နာမည် မဟုတ်ဘူးလား''

သူ့မျက်နှာက ရှုံ့မဲ့သွားသည်။

''ရည်ညွှန်းဗျ ရည်ညွှန်း''

''သြော် ကိုရည်ညွှန်း၊ ကိုရက်ဖရင့်စ်ပေါ့''

''ဟုတ်တယ် ဟုတ်တယ်''

ပြီးမှ ရည်ညွှန်းဆိုသူက တစ်ခုခုကို သတိရသွားသလို ဆိုင်ရှင် လူငယ်ကို ဖျတ်ခနဲလှမ်းကြည့်ပြီး ပြုံးစိစိဖြစ်သွားသည်။ သူမဘက် ပြန်လှည့်ပြီး...

''သြော်...တည့်သွားကြပြီကိုး''

''အင်း...သူနဲ့က တည့်နေပြီ၊ ရှင်နဲ့ပဲ ရန်ဖြစ်ရမလိုဖြစ်နေပြီ''

သူမ၏ စကားကြောင့် ရည်ညွှန်း တွန့်သွား၏။

''ဟာ...ဘာဖြစ်လို့လဲဗျာ''

''ဘာလဲ၊ ရှင် မိန်းကလေးတစ်ယောက်ကို ဘေးမှာထားပြီး မိန်းမ မကောင်းကြောင်းပြောနေတာ''

'အာ မဟုတ်ပါဘူးဗျ''

''မညာနဲ့၊ ကျွန်မကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားနေရတဲ့ဟာကို''

''ဟုတ်တာက ဟုတ်ပါတယ်၊ ဒါပေမယ့် မဟုတ်ဘူးဗျ၊ အဲဒါလေးတွေကို စကားအဖြစ် ဥပမာပေးပြီး ပြောနေတာပါ။ ယုံတမ်းစကားအကြောင်း ပြောနေတာပါ''

စကားအဆုံးမှာ ရည်ညွှန်းက သူမကို တစ်ကိုယ်လုံးခြုံကြည့် လိုက်သည်။

''ခင်ဗျားက ဟိုနေ့က တီရှပ်ကြီးပဲ ဝတ်ထားတာကိုး''

"ဘာ ဒါ နောက်တစ်ထည်ရှင့်၊ ဆင်တူရိုးမှားဖြစ်နေလို့ GIORDANO....GIORDANO "

"အေးပါဗျာ၊ အေးပါ၊ ထားလိုက်ပါတော့၊ ဒီမယ် ခင်ဗျားကို ကျွန်တော် ပြောမယ်"

"ဘာပြောမလို့လဲ"

ရည်ညွှန်းက လေသံကို နှိမ့်လိုက်ပြီး...

"ကိုယ့်ဟာကိုယ်လည်း သေချာပြန်ကြည့်ဦး"

သူ့စကားကြောင့် ချစ်မိုးဆွေ အူတူတူဖြစ်သွားရသည်။ ကိုယ့်ကိုယ်ကို တစ်ချက်ငုံ့ကြည့်ပြီး...

"ဘာဖြစ်လို့လဲ"

"ခင်ဗျား တီရှပ်က အပေါက်ကြီးနဲ့"

"ဟင်..."

သူမက ကိုယ့်တီရှပ်ကိုယ်ပြန်၍ ငုံ့ကြည့်ရပြန်သည်။ ကျွန်တော်မပျက် စေရဘဲ ဟိုဟိုသည်သည် ဆွဲဆန့်ကြည့်ပြီး...

"မပေါက်ပါဘူး၊ တီရှပ်ကဖြင့် အသစ်ကြီး"

"ပေါက်နေတယ်ဆို"

"ဘယ်မှာလဲ၊ ဘယ်မှာပေါက်နေတာလဲ"

ရည်ညွှန်းက တစ်ချက်ပြုံးလိုက်ပြီး

"တီရှပ်မှာ အပေါက်ပါလို့သာ ခုလို ခင်ဗျား ခေါင်းထုတ်ထားလို့ ရတာပေါ့။ လည်ပင်းပေါက်ကြီးက အပေါက်မဟုတ်ဘူးလား"

"အိုး ဒါကတော့ ရှင်..."

သူမ ဘာဆက်ပြောရမှန်းမသိဖြစ်နေ၏။

"ကျွန်တော်က အဲဒီအကြောင်းတွေ၊ ဒီက ကိုဝင်းကျော်ကြီးကို ရှင်းပြနေတာပါ။ တချို့စကားတွေက ယုံရခက်တယ်။ ဒါပေမယ့် ယုံတမ်း စကားမဟုတ်ဘူး။ ဥပမာဗျာ တစ်ခုထပ်မေးမယ်"

"ဘာမေးဦးမလို့လဲ"

ရည်ညွှန်းက သူမရှေ့မှ လက်ဖက်ရည်ခွက်ကလေးကို ညွှန်ပြပြီး...





"ဒီလက်ဖက်ရည်ခွက်ထဲက နို့ဆီကို မွှေတော့ ခင်ဗျား ဘယ်ဘက်လက်နဲ့မွှေလား၊ ညာဘက်လက်နဲ့မွှေလား"

"ညာဘက်လက်နဲ့"

"အေး...ကျွန်တော်ကတော့ ဇွန်းနဲ့ပဲ မွှေတယ်ဗျ"

"ဘာရှင့်"

ကိုဝင်းကျော်ဆိုသူက တဟားဟားအော်ရယ်ပြန်သည်။ အတော် အရယ်သန်သူဖြစ်ပုံရသည်။

ချစ်မိုးဆွေလည်း ရည်ညွှန်းကို ဘယ်လိုတုံ့ပြန်ရမည်မှန်းပင် မသိတော့။

"ရှင်ဟာလေ အတော်တတ်နိုင်တဲ့သူ"

ထိုအချိန်မှာပဲ ရည်ညွှန်းမျက်နှာက တစ်မျိုးဖြစ်သွားသည်။ ကျောဘက်ကိုကြည့်၊ ကျောဘက်ကိုကြည့်ဟု ဓာတ်စက်သံနှင့်အော်ပြီး မျက်နှာပြန်လွှဲသွားသည်။

ကျောဘက်ကို မသိမသာပြန်လှည့်ကြည့်ရင်း ချစ်မိုးဆွေ စိတ်ညစ် သွား၏။ ထုံးစံအတိုင်း ကိုကျော်သီဟက ချဉ်းနင်းဝင်ရောက်လာချေပြီ။

သူမ၏ စားပွဲနားတွင် လာရပ်ပြီး...

"ဆွေဆွေ တစ်ယောက်တည်းလား"

"တမင်အဖော်မခေါ်ချင်လို့ တစ်ယောက်တည်းလာထိုင်တာ"

ကြိုတင်ကာကွယ်လိုက်သည့် စကားဖြစ်သော်လည်း ကိုကျော် သီဟက အမှုထားပုံမပေါ်။

ချစ်မိုးဆွေက ရှည်လျားလှသော သက်ပြင်းကြီးတစ်ခုကို တစ်မြို့လုံး ကြားလောက်အောင် မှုတ်ချလိုက်သည်။

"တားမရရင်လည်း ပြောတော့"ဟူသည့် မျက်နှာထားနှင့် ဆက်ထိုင်နေလိုက်ရသည်။

"ဒီလို ဆွေဆွေရဲ့"

ပြောမယ်လုပ်ပြီးမှ မပြောသေးဘဲ ဟိုဟိုသည်သည်ကို ကျိုးကြည့် ကြောင်ကြည့် ကြည့်သည်။ သူ့မျက်လုံးရောက်ရာကို လိုက်ကြည့်မိ တော့ သူမ ပို၍ စိတ်ညစ်သွားရ၏။

ဆိုင်ပြင်တွင် ရန်ကုန်ကလာသည်ဆိုသော အဝေးရောက် နှာဖူးနှစ်ကောင်။ ဆိုင်ခန်းထဲမဝင်ဘဲ ရစ်သီရစ်သီလုပ်နေသည်။ သူမနှင့် ကိုကျော်သီဟကိုလည်း လှမ်းအကဲခတ်နေကြ၏။

ဒါ့အပြင် ထူးခြားသော အချက်တစ်ချက်ကိုလည်း သူမ သတိပြုလိုက်မိသေး၏။ ဆိုင်ပြင်မှာ တစ်ယောက်တစ်နေရာစီ မာန်စောင်ပြီး ရပ်နေကြပုံရသော ထိုနှစ်ယောက်က ဆိုင်ထဲမှ ရည်ညွှန်းနှင့် ကိုဝင်းကျော်ကို လက်လှမ်းပြနေကြခြင်းဖြစ်သည်။

သူတို့တွေက တစ်အုပ်စုတည်းလား။ တကြိတ်တည်း တညာဏ်တည်းတွေလား။ ထိုသို့ စဉ်းစားနေချိန်မှာပဲ ကိုကျော်သီဟထံမှ စကားသံထွက်လာသည်။

“ဆွေဆွေ့အပေါ်ထားတဲ့ ကိုယ့်ရဲ့ ချစ်ခြင်းမေတ္တာဟာ ရင်ထဲမှာ မျိုထားရတဲ့ မုန်တိုင်းတစ်ခုလိုပါပဲကွယ်။ ဒီမုန်တိုင်းရဲ့ ဝုန်းဒိုင်းကြဲရိုက်ခတ်မှုကို ကိုယ်ကတော့ ခံနိုင်ရည်ရှိနေပါပြီ။ ဒါပေမယ့် တခြားလူကတော့ ဒီမုန်တိုင်းရဲ့ အရှိန်ကလေးရိုက်ရင်တောင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး။ ခုဒီခုံမှာ ကိုယ်ထိုင်တယ်၊ ကိုယ်ထပြီး နောက်လူဝင်ထိုင်ရင် အဲဒီလူက ကတုန်ကယင်ဖြစ်ပြီး မထိုင်နိုင်ဘဲ ထွက်ပြေးရလိမ့်မယ်။ အဲဒီလောက်ထိ အောင်ပါပဲ ဆွေဆွေရယ်”

“ဟုတ်ကဲ့၊ ကျွန်မ မှတ်ထားလိုက်ပါ့မယ်”

ကိုကျော်သီဟက ကျေကျေနပ်နပ်ကြီး တစ်ချက်ပြုံးလိုက်ပြီး

“မင်္ဂလာပါ ဆွေဆွေ၊ ဒါဖြင့် ကိုယ်သွားလိုက်ဦးမယ်”

ကိုကျော်သီဟ ထထွက်သွား၏။ ဤလောက် မြန်မြန်ဆန်ဆန် ထထွက်သွားမည်ဟုပင် မထင်မိချေ။ ရင်ထဲမှာ အလုံးကြီးကျမည် ကြံရုံရှိသေး။

“ဟော့”

ကိုယ်ခန္ဓာပြည့်ပြည့်နှင့် ရန်ကုန်သားက လေကဲ့သို့သော အလျင်အဟုန်ဖြင့် ကိုကျော်သီဟ ထသွားသော ခုံမှာဝင်ထိုင်သည်။

နောက်တစ်ယောက်ကတော့ ခပ်လှမ်းလှမ်းရောက်နေသဖြင့် ဤအခွင့်အရေးကို မရလိုက်။ သူမ ခပ်မာမာလေသံဖြင့် မေးလိုက်သည်။





“ဘာလဲ ဘာလုပ်မလို့လဲ”

“တို့ စကားနည်းနည်းပြောမလို့”

“ဘာမှ ပြောစရာမရှိဘူး ထင်တယ်”

“နားထောင်ကြည့်ပါ၊ မင်းစိတ်ဝင်စားမှာပါ”

ချစ်မိုးဆွေက စုတ်တစ်ချက်သပ်ပြီး စိတ်မရှည်မှုကို ပြလိုက်သည်။ တစ်ဖက်လူငယ်က စိတ်ရှည်သလိုပြုံးပြီး စကားပြောရန် အရှိန်ယူလိုက်သည်။ သို့သော်...

“အဲ...”

မျက်နှာတစ်ချက်ပျက်သွားပြီး ထိုင်နေရာမှ ခဏထရပ်သည်။ ပြီး ပြန်ထိုင်သည်။ ခုံပေါ်မှာ အနေအထားပြင်နေရင်း ထရပ်ပြန်သည်။

“တို့...”

ပြန်ထိုင်သည်။ ဖိနပ်ကို ပြင်စီးသလိုလုပ်ပြီး မြေကြီးကို ခြေထောက်နှင့် တဖျပ်ဖျပ်ရိုက်၏။

“နောက်မှပဲ ပြောတော့မယ်”

ချစ်မိုးဆွေပင် ကြောင်တက်တက်ဖြစ်သွားသည်။ ကိုကျော်သီဟ ပြောသွားသည့် ယုံတမ်းစကားက ထိရောက်လွန်းလှပါတကား။

သူ့မုန်တိုင်း၏ အဖျားခတ်မှုကို ဤခုံမှာ ဆက်ထိုင်သူက မခံနိုင်ဖြစ်ရပြီထင့်။

ထိုစဉ်မှာပဲ ဆိုင်ပြင်မှာ ကျန်နေသည့် မျက်နှာချိုချိုနှင့်လူငယ်က သူမဆီ တစ်လှမ်းချင်းလျှောက်လာပြီး ထိုခုံမှာ ဆက်ထိုင်ပြန်၏။

ထိုင်ထိုင်ခြင်းမှာ ကျောက တွန့်ခနဲဖြစ်သွားသည်။ မထိုင်ခင် ခုံကို အရင်ထောက်ခဲ့မိသောလက်အား ခါရမ်းနေသည်။

“ဟော့ကောင် ဖိုးပြုံးချို၊ ပြန်ထ ပြန်ထ”

ရည်ညွှန်း၏ အသံဖြစ်သည်။

“ငါ့အထင် မမှားဘူးဆိုရင် ကိုကျော်သီဟဆိုတဲ့လူက မင်းတို့ ဆက်လာထိုင်မှာ သိလို့ ဒီခုံပေါ်မှာ ခွေးလှေးယားသီးမှုန့်တွေ တိတ်တိတ်ကလေး ဖြူးသွားတယ်”

“ဗျာ”

အားရပါးရထိုင်ခဲ့မိသမျှ အခုတော့ ဖိုးပြူးချို ဆွေ့ဆွေ့ခုန်ရချေပြီ။

"ဟာ...ဟာ...တော်တော်ညစ်စုတ်တဲ့ လူကြီးပဲဗျာ"

"ပြောမနေပါနဲ့ကွာ၊ မင်းတို့ကတော့ နိုင်သူစားကြေးပါပဲ"

တင်ပါးကို ပွတ်ပြီး ရှုံ့မဲ့မဲ့ဖြင့် ဖိုးပြူးချို ပြန်ထွက်သွားတာကို ကြည့်လျက် ကိုဝင်းကျော်ကစကာ တဟားဟားရယ်သည်။ ချစ်မိုးဆွေနှင့် ရည်ညွန်းတို့လည်း လိုက်ရယ်ဖြစ်ကြ၏။

ရယ်ရင်း မောရင်းနှင့်ပင်...

သူမနှင့် ရည်ညွန်းတို့ မျက်လုံးချင်းဆုံဖြစ်ခဲ့ကြလေသည်။





(၈)

ဘာမျှမကြာလိုက်ပါ။ နှစ်ရက်အတွင်းမှာပင် ချစ်မိုးဆွေထံသို့ စာနှစ်စောင်ရှေ့ဆင့်နောက်ဆင့်ရောက်လာသည်။ နှစ်စောင်လုံးကတော့ သူမကို ချစ်ကြောင်းကြိုက်ကြောင်း ပြောဆိုထားသည့် ရည်းစားစာများသာဖြစ်သည်။

ဒါကတော့ မထူးခြားပါ။ ထူးခြားသည်က ရန်ကုန်သား အဝေးရောက် နောက်ပိုးနှစ်ဦးထံမှ ဖြစ်နေသည်။ စာတစ်စောင်ကို အရင်ဆုံးဖတ်လိုက်သည်။

ဂျာနယ်ထဲမှ မော်ဆရာကို အားကျ၍ တစ်ပိုဒ်ပြီးတိုင်းပြီးတိုင်းမှာ နံဘေးမှ မှတ်ချက်တွေ လျှောက်ရေးထားလိုက်သည်။

*အချစ်မိုးရေ...*

*ယုံတမ်းစကားလေးတစ်ခုပြောပြချင်တယ်။ ကိုယ်ငယ်ငယ်တုန်းကပေါ့။ ကိုယ့်ကို မွေးပြီးပြီးချင်း နာရီပိုင်းအတွင်းမှာ ကိုယ်ဟာ သေဆုံးသွားခဲ့တယ်။ သေသွားတယ်ဆိုရင်ပဲ ကိုယ့်ကို ငရဲပြည်ကို ပို့လိုက်ကြတယ်လေ။ ငရဲပြည်ရောက်တယ်ဆိုရင်ပဲ ယမမင်းကြီးက စစ်ဆေးတော့တာပဲ။*

*သူ စစ်ဆေးလို့လည်းပြီးရော အမိန့်ချတယ်။ ကိုယ့်ကို ငရဲချလို့ မရဘူးတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မွေးပြီး*

နာရီပိုင်းအတွင်းမှာ သေခဲ့တာမို့ ဘာမကောင်းမှုမှ မလုပ်ခဲ့သေးလို့တဲ့လေ။

အဲဒီလိုနဲ့ ကိုယ့်ကို နတ်ပြည်ပို့လိုက်ကြပြန်ရော။ နတ်ပြည်ရောက်တော့လည်း သိကြားမင်းက စစ်ဆေးပြီး လက်မခံပြန်ဘူး။ ကိုယ့်မှာ ကိုယ်လုပ်ခဲ့တဲ့ကောင်းမှုဆိုလို့ ဘာတစ်ခုမှ မရှိသေးလို့တဲ့လေ။

အဲဒါနဲ့ ကိုယ် လူ့ပြည်ရယ်၊ ငရဲပြည်ရယ်၊ နတ်ပြည်ရယ်၊ သုံးပွင့်ဆိုင်လမ်းခွဲကို ရောက်သွားခဲ့တယ်။ အဲဒီလမ်းသုံးခွဆုံနားက လူတွေ၊ နတ်တွေ၊ ငရဲသားတွေရဲ့ ဆုံးဖြတ်ချက်ကို ကိုယ်နာခံခဲ့ရတယ်။

ကိုယ်ဟာ ကျန်းမာရေးမကောင်းလို့ သေခဲ့ရတာဖြစ်တဲ့အတွက် ကျန်းမာရေးကောင်းအောင်ပြန်လုပ်ဆိုပြီး ကိုယ့်ကို လူ့ပြည်ပြန်ပို့လိုက်ကြတယ်။

အဲဒါနဲ့ ကိုယ်လည်း အမေ့အိမ်က ပုခက်ထဲကို ပြန်ရောက်သွားတော့တာပေါ့။ အဲဒီပုခက်ကြီးကိုပဲစီးပြီး ကိုယ်ကိုယ့်ကို မွေးခဲ့တဲ့ ဆေးရုံကို ကိုယ်ပြန်သွားလိုက်တယ်။

ဆေးရုံက ဆရာဝန်ကြီးတွေက ကိုယ်ဟာ အမိဝမ်းထဲမှာ နေခဲ့တာ ကြာသွားတာမို့ ကျဉ်းကြပ်ပြီး အရမ်းညှောင်းညာလို့ အကြောတွေ တင်းမာပြီး သေခဲ့ရတာလို့ ပြောတယ်။ ဒါကြောင့် ရီလက်(စ)လုပ်ဖို့ လိုတယ်ဆိုပြီး ဟစ်ပိုကရေးတီးဆီ လွှဲစာရေးပေးလိုက်တယ်။

အဲဒါနဲ့ ကိုယ်လည်း ဟစ်ပိုကရေးတီးဆီကို နို့ဘူးလေးကိုင်၊ ပုခက်ကြီးစီးပြီး သွားလိုက်တာ လမ်းမှာတင် အသက်တွေကြီးသွားရတယ်။

ဟစ်ပိုကရေးတီးစ်ဆီရောက်တော့ အဘိုးကြီးက မအားဘူးဗျ။ ဆုပေးပွဲတစ်ခုလုပ်နေတယ်။ သူက လူနှစ်ယောက်ကို ဆုပေးနေတာ။ ငွေတံဆိပ်တစ်ခု၊ ရွှေတံဆိပ်တစ်ခု။

ရီလက်ဇေးရှင်းအလုပ်နိုင်ဆုံး၊ အထူးချွန်ဆုံးလူကို





ငွေတံဆိပ်ဆုပေးပြီး အဲဒီလူ ရီလက်စ်လုပ်နေတာ အကြောလျှော့နေတာကို ကြည့်တဲ့ လူကို ရွှေတံဆိပ်ပေးလိုက်သတဲ့။ ဘာလို့လဲဆိုတော့ ငွေတံဆိပ်ရတဲ့သူ အကြောလျှော့နေရင် ရယ်ရတယ်တဲ့။ သူ့ကို ထိုင်ကြည့်နေတဲ့သူကို ရွှေတံဆိပ်ပေးလိုက်တယ်ဆိုတော့ သတင်းထောက်တွေက သူ့ကို ဝိုင်းမေးကြတာပေါ့။

"ဆရာကြီးခင်ဗျား၊ တစ်ခု မေးပါရစေ"

"မေးပါ"

"အကြောလျှော့အင်မတန်ထူးချွန်တဲ့ လူကို ငွေတံဆိပ်ပဲပေးပြီး သူ့အကြောလျှော့နေတာကို ထိုင်ကြည့်ပြီး ရယ်တဲ့သူကို ရွှေတံဆိပ် ပေးတယ်ဆိုတော့ ဘာဖြစ်လို့ပါလဲ" .

"ဒါက ဒီလိုရှိပါတယ်"

"ဟုတ်ကဲ့"

"နောင်မှာ ပေါ်ပေါက်လာမယ့် အမေရိကန်မှာ ဒေါက်တာဝီလျံဖရီဆိုတဲ့ ဆရာဝန်တစ်ယောက်က မှတ်တမ်းပြုခဲ့တယ်။ တစ်မိနစ် ရယ်မောတာဟာ မိနစ်လေးဆယ် အကြောလျှော့တာနဲ့ ညီတယ်တဲ့။ ဒါကြောင့် အကြောလျှော့တာကို ထိုင်ကြည့်ပြီး ရယ်တဲ့သူကို ရွှေတံဆိပ် ပေးလိုက်တာပါ"

အဲဒါနဲ့ကိုယ်လည်း ဟစ်ပိုကရေးတီးစ်ကို ဘာမှမမေးတော့ဘဲ ပြန်ခဲ့လိုက်တယ်။

ဆေးရုံကိုပြန်ရောက်တော့ ဆေးရုံမှာ ဆရာဝန်တွေ၊ လူနာတစ်ယောက်ကို ခွဲစိတ်ဖို့ ပြင်ဆင်နေကြတယ်။ ထူးဆန်းတာက ဆရာဝန်တွေက ခွဲစိတ်မယ့်လူနာကို ထုံဆေး၊ မေ့ဆေးတွေ မပေးလည်း ကလိထိုးပြီး ငါးမိနစ်ရယ်ခိုင်းတာပဲ။

ဘာဖြစ်လို့လဲလို့ ကိုယ်က ဆရာဝန်တွေကိုမေးတော့ ငါးမိနစ်ရယ်တာဟာ နှစ်နာရီအနာသက်သာတယ်လို့ သူတို့က အဖြေပေးကြတယ်။ ပြီး ကိုယ့်ကို နောက်ဆုံးပေါ် သိပ္ပံ စမ်းသပ်ချက်သတင်းတွေ ထုတ်ပြကြတယ်။ ရှင်းပြကြတယ်။

အဲဒီလိုနဲ့ ကိုယ်လည်း သဘောပေါက်သလိုလိုရှိလာတာမို့

အိမ်ကိုပဲ ပြန်ခဲ့လိုက်တယ်။ အိမ်မှာ ကွန်ပျူတာနဲ့ လူသားတွေအတွက် ကောင်းမယ့် စနစ်တကျရယ်နည်းကို တွက်ချက်ကြည့်နေလိုက်တယ်။

တစ်ခါရယ်ရင် အချိန်ဘယ်လောက်ရယ်ရမယ်၊ ဘယ်နှစ်ရက် တစ်ခါ၊ ဘယ်နှစ်လမှာအကြိမ်ဘယ်လောက်၊ ပြီးတော့ မော့ပြီးရယ်ရမလား၊ ငုံ့ရယ်ရမလား၊ ရယ်တဲ့အခါမှာ ရှိရမယ့် မျက်နှာပြင်အနေအထား၊ နှုတ်ခမ်း၊ လျှာတွေရဲ့အနေအထား စတာတွေ စနစ်တကျရှိဖို့ ကိုယ်တွက်ချက်ယူ လိုက်တယ်။

ကိုယ့်တွက်ချက်ယူမှု အောင်မြင်သွားတဲ့အတွက် ကိုယ် လေ့ကျင့်ယူလိုက်တာ ပြန်ကျန်းမာလာတယ်။ ဒါပေမယ့် တစ်ခုရှိတာက လူတွေထဲမှာ အဆင်မပြေဘူးဖြစ်နေတယ်။

ဘာလို့လဲဆိုတော့ ကိုယ့်ရဲ့ ရယ်မောမှုဟာ တွက်ချက်ပြီး ရယ်မောတာဖြစ်နေတဲ့အတွက် လူကြားထဲမှာ ကြည့်လို့မကောင်းဘူး။ အံမဝင်ဘူး။ တစ်မျိုးကြီးဖြစ်နေတယ်။

အဲဒီလိုနဲ့ တဖြည်းဖြည်း ကိုယ်ဟာ လူတွေနဲ့ ကင်းကွာလာတယ်။ ပတ်ဝန်းကျင်နဲ့ သိပ်သဟဇာတမဖြစ်တော့ဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့ ရယ်မောမှုဟာ အသက်မပါဘူးလေ။ ယန္တရားဆန်နေတယ်။ ကွန်ပျူတာနည်းစနစ် ဆန်နေတယ်။ အသက်မဲ့နေတယ်ပေါ့။

စနစ်တကျတွက်ချက်ပြီး စနစ်တကျရယ်တတ်ဖို့ တစ်ခုတည်းကို ဘက်လိုက်ပြီး လုပ်ဆောင်ခဲ့တဲ့အတွက် ကိုယ်ဟာ မငိုတတ်ဘူး။ ငိုတယ်ဆိုတာကို ဘာမှန်းမသိတော့ဘူး။ မျက်ရည်ဆိုတာ တစ်ခါမှ မကျခဲ့ဖူးဘူး။

ဒီတော့ ရယ်တာ အသက်မပါတာလည်း မဆန်းပါဘူး။ ဘာလို့လဲဆိုတော့ ငိုတတ်သူတွေဟာ ရယ်ရင်လည်း အသက်ပါတယ်တဲ့။ မငိုတတ်လို့ မရယ်တတ်ခဲ့ရတာပေါ့။

အဲဒီအတွက် ဟိုးအတိတ်မှာ ကျန်ခဲ့တဲ့ ဟစ်ပိုကရေးတီးစ်ကို မေးရတော့တာပေါ့။ ဟစ်ပိုကရေးတီးစ်ဆီကို ကိုယ် ဖုန်းလှမ်း





ဆက်လိုက်တယ်။

ဟိုတစ်ခါလို ဆုပေးပွဲမျိုးလုပ်နေလို့ မအားမှာလည်း စိုးရသေးတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ ကိုယ်ကံကောင်းပါတယ်။ အဘိုးကြီးနဲ့ အဆင်သင့် စကားပြောခွင့်ရလိုက်တယ်။

''ဟဲလို''

''ဆရာကြီး ဟစ်ပိုကရေးတီးစ်ပါလားခင်ဗျာ''

''ဟုတ်ပါတယ်''

''ကျွန်တော် မေးစရာတစ်ခုရှိလို့''

''မေးပါ၊ အချိန်ရသလောက် ဖြေပါ့မယ်''

အဘိုးကြီးကတော့ အမြဲတမ်း အချိန်မအားဖြစ်နေတော့တာပဲ။

''ဆရာကြီးဆီ ကျွန်တော် ပထမအကြိမ်ရောက်ခဲ့ဖူးပါတယ်''

''ဟေ ဟုတ်လား''

''ဟုတ်တယ်၊ ဟို ဆရာကြီး ရီလက်ဖေ့ရှင်းအလုပ်နိုင်ဆုံး ဆုပေးပွဲလုပ်တဲ့အချိန်ကပေါ့''

''ဩော်...ကြာပြီပဲ''

''ဆရာကြီးပြောတော့ ရယ်တာကောင်းတယ်ဆိုလို့ ကျွန်တော် စနစ်တကျ ရယ်တတ်အောင် တွက်ချက်လေ့ကျင့်ခဲ့တယ်''

''အေးလေ၊ အဲဒါ ဘာဖြစ်လဲ''

''ခု ကျွန်တော် ရယ်တာဟာ အသက်မပါဘူး၊ ယန္တရားဆန်နေတယ်၊ မျက်ရည်မကျတတ်တဲ့အတွက် တစ်ခါမှလည်း မငိုဖူးဘူး။ ဒါကြောင့် တဖြည်းဖြည်း လူတွေနဲ့ ကင်းဝေးပြီး ပတ်ဝန်းကျင်နဲ့ ကင်းကွာလာတယ်။ ဒါကြောင့် ကျွန်တော် ဘာဆက်လုပ်ရမလဲဆိုတာ ဆရာကြီးပဲ အကြံပေးပါဦး''

''အကြံပေးရမယ် ဟုတ်လား''

''ဟုတ်ပါတယ်၊ ကူညီပါဦး''

*"ကဲ…နားထောင်၊ မင်းကို အကြံပေးရရင် မင်းအတွက် ဆေးက တစ်ခုတည်းရှိတယ်"*

*"ဟုတ်ကဲ့ ပြောပါ"*

*"အဲဒီ ဆေးက ဒီမြို့က ကောင်မလေး ချစ်မိုးဆွေဆိုတာပဲ"*

*အဲဒီလိုပြောပြီး ဟစ်ပိုကရေးတီးစ်ကြီး ဖုန်းချသွားတယ်။ ကိုယ်လည်း ဟစ်ပိုကရေးတီးခ်ကြီးကို ကျေးဇူးတင်လို့။*

*အဲဒါကြောင့် သူ့အကြံပေးချက်အတိုင်း ကိုယ့်ကို လူနာအဖြစ် လက်ခံပြီး ဆေးကုပေးဖို့ ကိုယ့်အချစ်မိုးလေးကို ကိုယ်တောင်းဆိုလိုက်ရတာပါ။*

*ကိုယ့်ကို ကယ်တင်ပေးပါဦး အချစ်မိုးရယ်။ အချစ်မိုးကယ်မှပဲ လူဖြစ်ကျိုးနပ်ရတော့မယ့်ဘဝမို့ပါ။ သတင်းကောင်းကို စောင့်နားထောင်နေမယ်။ ကိုယ့်ကို အကြောင်းပြန်ပါ။*

*ချစ်တဲ့*

*ချမ်းအေး။*

စာဖတ်အပြီးမှာတော့ ချစ်မိုးဆွေ ဇဝေဇဝါဖြစ်ရပါသေးသည်။ အနားရောက်လာသော ကြီးကြီးကို ထိုစာကို ထိုးပေးပြီး ကာတွန်းစာအုပ်ပေးဖတ်သလိုမျိုး…

"ကြီးကြီးဖတ်ဦးမလား"

"အိုး မဖတ်ချင်ပါဘူး၊ နင့်ရည်းစားစာတွေ"

"မဖတ်လဲနေပေါ့၊ ဪ ဒါထက် ကြီးကြီး"

"ဘာလဲ"

"ယုံတမ်းစကားတွေကို ကြီးကြီး ဘယ်လိုမြင်လဲ"

"ဘယ်လိုမှ မမြင်ဘူး၊ မြင်ရတဲ့အရာမှ မဟုတ်တာ"

ကြီးကြီး၏စကားကြောင့် သူမ ခေါင်းလေးပုသွားရသည်။

"ကြီးကြီး"





"ဘာလဲဟဲ့"

ကြီးကြီးက စိတ်မရှည်သံနှင့် ပြန်ထူးသည်။

"အချစ်ဆိုတာကို ကြီးကြီးယုံလား၊ ယောက်ျားတွေ ပြောပြောနေတဲ့ အဲဒီထောင့်ငါးရာအချစ်ဆိုတာကိုပေါ့"

"မယုံပါဘူး၊ နှုန်းထားတွေကမှ မတူဘဲ"

ကြီးကြီး၏ စကားကို သူမ နားမရှင်းဖြစ်သွားရသည်။

"ဒီမယ် ငါပြောပြမယ်"

"အင်း…ပြောပါဦး"

"ယောက်ျားနဲ့မိန်းမဆိုတာက တစ်ယောက်ကိုတစ်ယောက် ထောင့်ငါးရာဖိုးချစ်ကြတာ"

ဒေါ်ကြီးက ပွဲရုံလုပ်ငန်းလုပ်ကိုင်သူဟု မပြောရချေ။ ဆက်ပြောသော စကားက ခေတ်နှင့်မကင်းကွာသော ဒေါ်ကြီးမှန်းသိသာလေသည်။

"ယောက်ျားတချို့တွေရဲ့ ထောင့်ငါးရာဆိုတာက ကျပ်ငွေဟဲ့။ တချို့ကမှ ဒေါ်လာ မတူဘူး"

"ဟောတော့"

(၉)

ချစ်မိုးဆွေ နောက်စာတစ်စောင်ကို ယူဖတ်လိုက်သည်။ ဒီစာကရော ဒေါ်ကြီးစကားအရဆိုလျှင် ကျပ်ငွေသောင်း ဒေါ်လာလား ဟု တွေးမိရင်း တစ်ယောက်တည်း ပြုံးမိသေး၏။

*အချစ်မိုးလေး'ဆွေ'*

*ယုံတမ်းစကားတွေကို နှစ်သက်တတ်တဲ့ ဆွေ့အတွက် ကျွန်တော် ယုံတမ်းစကားလေးတစ်ခု ပြောပြမယ်နော်။*

*တစ်ချိန်ကပေါ့။ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတဲ့ ဆောင်းနှေလည်ခင်းတစ်ခုမှာပေါ့။ နိုးလာတယ်ဆိုရင်ပဲ ကျွန်တော်ဟာ လက်ရှိလောကကြီးထဲမှာ မဟုတ်ဘဲ လောက အသစ်တစ်ခုကို ရောက်နေသတဲ့။*

*အဲဒီလောကအသစ်ကို ကျွန်တော် စိတ်ဝင်စားသွားတာမို့ အိပ်ရာကထပြီး လျှောက်လေ့လာနေလိုက်တယ်။ အဲဒီလိုသွားရင်း သွားရင်းနဲ့ တစ်ရွာကို ရောက်သွားခဲ့တယ်။*

*ရွာကလေးထဲကိုဝင်ပြီး လျှောက်ကြည့်လိုက်တာပေါ့။ ရွာကလေးက အတော့်ကို သာသာယာယာနဲ့ လှလှပပရှိတယ်။ ရွာသူရွာသားတွေကလည်း အမြဲတမ်းပြုံးရွှင်ရယ်မောနေကြတာကို တွေ့ရတယ်။*





*ကျွန်တော့်လို လူစိမ်းတစ်ယောက်ကို မြင်တာတောင် သူတို့အတွက် အထူးအဆန်းမဟုတ်သလိုပဲ။ အားလုံးက ရယ်မောပြီး ကြည့်နေကြတယ်။*

*ကျွန်တော်က ရွာသူရွာသားတွေကို "ကျွန်တော်ဟာ ဒီရွာကို လာတဲ့ ဧည့်သည်တစ်ယောက်ပါ"လို့ ကိုယ့်ကိုယ်ကို မိတ်ဆက်တော့လည်း သူတို့က ဘာမှ ပြန်မပြောဘဲ ရယ်နေကြတာပဲ။ ကျွန်တော့်ကို ဒီရွာမှာ တည်းခိုခွင့်ပြုပါလို့ တောင်းပန်တော့လည်း ဘာမှမပြောဘူး။ ကျွန်တော့်ကို ကြည့်ပြီး ရယ်နေကြတာပါပဲ။*

*အဲဒီအချိန်မှာပဲ သူတို့ရွာကလေးက 'နတ်ဆရာ'ဆိုတဲ့လူ ကျွန်တော်တို့နားကို ရောက်လာတယ်။ သူကလည်း ရယ်နေတာပါပဲ။ ပြီးမှ ကျွန်တော့်ကို ပြောတယ်။*

*ဒီရွာမှာနေမယ်ဆိုရင် လုံးဝမငိုရ၊ မမဲ့ရဘူး၊ ရယ်နေရမယ်၊ ဘာလို့လဲဆိုတော့ ဒီရွာကို စောင့်ရှောက်တဲ့ နတ်ဘုရားက ငိုတာကို မကြိုက်ဘူး၊ ရယ်တာကိုပဲကြိုက်တယ်၊ အဲဒါကြောင့် ကျွန်တော် နေမယ်ဆိုရင်လည်း မငိုရဘူး၊ ရယ်နေရမယ်လို့ ပြောပါတယ်။*

*လောကမှာ မငိုရဘဲ ရယ်နေရတာလောက် ပျော်စရာကောင်းတာ ရှိမလား။ ကျွန်တော် အတော်လေးကို သဘောကျသွားတယ်။ အဲဒါနဲ့ပဲ နတ်ဆရာကို သူတောင်းဆိုတဲ့အတိုင်း 'အမြဲရယ်နေမယ် မငိုဘူး'လို့ ကတိပေးပြီး အဲဒီရွာလေးမှာပဲ ကျွန်တော် နေလိုက်တယ်။*

*ဒါပေမယ့် ဆွေ၊ ကြာတော့ ကျွန်တော် သိလာရတာရှိတယ်။ အဲဒီရွာမှာနေနေတဲ့ လူတိုင်းဟာ အဆင်ပြေနေကြတာမှ မဟုတ်တာ။ အဆင်မပြေတာတွေ ခက်ခဲမှုတွေ၊ သောကတွေ ရှိပေမယ့် နတ်ဘုရားက ဒုက္ခပေးမှာစိုးလို့ အဲဒီသောကတွေကို ဖုံးဖိအောင့်အည်းထားကြရတယ်ဆိုတာ သိလာရတယ်။ သူတို့ဟာ ဘေးလူမရိပ်မိအောင်တော့ ဖုံးဖိထားကြတာပေါ့။ ဒါပေမယ့်*

ကြာတော့ သူတို့ရယ်သံတွေဟာ စိတ်နှလုံးထဲက ပျော်လို့ရယ်တဲ့ အသံတွေ မဟုတ်ဘဲ ကြောက်ရွံ့စိတ်နဲ့ ရယ်တဲ့အသံ တွေဆိုတာ ကျွန်တော် ခံစားလို့ရလာတယ်။ ဒါကြောင့် အဲဒီရယ်သံတွေဟာ ကျွန်တော့်အတွက် မချိုတော့ဘူး။

အဲဒီလိုနဲ့ ရွာကနေထွက်ပြေးဖို့ ကျွန်တော် စဉ်းစားမိလာတယ်။ ဒါနဲ့ ရွာပြင်ကို ထွက်ပြီး ဘယ်လမ်းကပြေးရင် ရမယ်ဆိုတာ လေ့လာရတော့တာပေါ့။ ရွာကလူတွေကိုမေးလို့ကတော့ ရမှာမဟုတ်ဘူးလေ။ သူတို့တောင် ဒီလိုပဲ ဘိုးစဉ်ဘောင်ဆက် နေထိုင်လာခဲ့ကြတာ မဟုတ်လား။

အဲဒီမှာ ကျွန်တော် တစ်ခုထပ်တွေ့တာရှိတယ်။ ဘာလဲဆိုတော့ တချို့လူတွေဟာ ရွာပြင်ကို ထွက်ပြီး ခိုးငိုကြ၊ ကြိတ်ငိုကြတာကို တွေ့လိုက်ရတယ်။

အဲဒီတော့ ကျွန်တော်လည်း သူတို့လိုပဲ နေကြည့်မလား၊ စဉ်းစားရပြီပေါ့။ နေကြည့်ပြန်တော့ အဆင်မပြေပါဘူး။ ကျွန်တော်က နတ်ဆရာကိုယ်တိုင်ထွက်လာပြီး ငိုမယ့်အချိန်ကို စောင့်နေတာ။ ဒါပေမယ့် နတ်ဆရာကိုတော့ လာငိုတာမတွေ့ရဘူး။

တစ်ခုခုတော့ မှားနေပြီလို့ ထင်မိတယ်။ ဒါပေမယ့် ပြောလို့တော့ မရဘူးလေ။ နတ်ဆရာကတော့ သူ့ဟာနဲ့သူ အဆင်ပြေနေပြီ။ သောကဒုက္ခမရှိ ပြေလည်နေတဲ့သူဖြစ်ရင်ဖြစ်နေမှာပေါ့။

ကျွန်တော် အောင့်အည်းပြီးနေကြည့်ပါသေးတယ်။ ဒါပေမယ့် နေလို့မရတော့ဘူး။ အဲဒီလို ဖြစ်နေတုန်းမှာပဲ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြန်အိပ်ပျော်သွားပြန်ရော။ နိုးလာတဲ့အခါမှာ ကျွန်တော် ဒီလောကထဲ ပြန်ရောက်နေတာကို တွေ့ရပြန်တယ်။

ပထမတော့ ကျွန်တော် ပျော်တာပေါ့။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ အချိုးမကျတဲ့ လူတစ်ယောက်ဖြစ်နေတာကို တွေ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း မငိုတတ်တော့ဘူးလေ။ ရယ်ပဲရယ်တတ်တော့တယ်။

ဒါပေမယ့် ကျွန်တော်ရယ်နေတာက ရယ်နေတာပဲရှိတယ်။





အသက်မပါတော့ဘူး။ စိတ်ထဲကလာတဲ့ ကြည်လင်တဲ့ ရယ်သံမဟုတ်ဘဲ ရယ်သံခြောက်ခြောက်ကြီးတွေ ဖြစ်နေတယ်။

လူတွေကလည်း ကျွန်တော့်ကို တစ်မျိုးမြင်လာတယ်။ နေရထိုင်ရ ဆက်ဆံရတာ အံဝင်ခွင်ကျမဖြစ်တော့ဘူး။ တစ်ယောက်တည်း အထီးကျန်ဆန်လာတယ်။

တစ်နေ့

ကျွန်တော် စိတ်ညစ်ညစ်နဲ့ (စိတ်သာညစ်တာ ငိုလို့လည်း မတတ်ဘူး) ကန်စပ်တစ်ခုမှာ သွားထိုင်နေမိတယ်။ ကန်စပ်က ကျောက်စရစ် ခဲလေးတွေကို ရေထဲပစ်ပေါက်ချရင်းပေါ့။ အဲဒီမှာ ရေဂယက်တစ်ခုထဲကနေ နတ်ဆရာရဲ့ ရယ်မောသံနဲ့ ရုပ်ကို ကြားလိုက်ရ မြင်လိုက်ရတယ်။

ကျွန်တော် တအံ့တဩဖြစ်နေတုန်းမှာပဲ သူက ပြောပါတယ်။

"ခု မင်း ဒုက္ခရောက်နေပြီ မဟုတ်လား၊ လောကကြီးမှာ နေရထိုင်ရတာ အဆင်မပြေတော့ဘူး မဟုတ်လား"တဲ့။

ကျွန်တော် ဘာမှ ပြန်မပြောနိုင်လို့ ခေါင်းပဲ ညိတ်ပြလိုက်တယ်။ အဲဒီတော့ သူက ဆက်ပြောတယ်။

"ငါတို့ဆီမှာက အရေးမကြီးဘူး၊ မင်းတို့ဆီမှာကျတော့ ရယ်တတ်ဖို့ ငိုတတ်မှ ဖြစ်မှာ။ မျှမျှတတဖြစ်ဖို့လိုတယ်"တဲ့။

ဒါကို ကျွန်တော် မတွေးမိပါဘူး။ ခုသူပြောမှပဲ သိရတာမို့ သူ့ကိုပဲ အဆောတလျင် ပြန်မေးလိုက်ရတယ်။

"အဲလို မျှမျှတတဖြစ်ဖို့ ကျွန်တော် ဘာလုပ်ရမလဲ။ ဘယ်လို လုပ်ရမလဲ"

ကျွန်တော့်အမေးကြောင့် နတ်ဆရာက တဟားဟားနဲ့ ရယ်ပါတယ်။ ပြီးမှ...

"မင်းကို အဲလို မျှမျှတတခံစားတတ်ဖို့ အဆင်ပြေအောင် နေထိုင်နိုင်ဖို့ လုပ်ပေးနိုင်တဲ့သူဆိုလို့ တစ်ယောက်ပဲရှိတယ်"တဲ့။

"ဘယ်သူလဲ"လို့ ကျွန်တော် မေးလိုက်တော့ 'ချစ်မိုးဆွေ'

*လို့ ဖြေပြီး နတ်ဆရာကြီးလည်း ပျောက်သွားတော့တာပဲ။*

*ဒါကြောင့် သူ့အကြံပေးချက်အတိုင်း ကျွန်တော် ချစ်မိုးဆွေဆိုတဲ့ ဆွေ့ဆီကို ဒီစာလေးရေးပြီး အကူအညီတောင်းရတာပါ။ ဆွေ့ရဲ့ အချစ်နဲ့ ကုစားမှ ကျွန်တော့်ဘဝက ပုံမှန်ပြန်ဖြစ်မှာမို့ပါ။ ကျွန်တော့်ကို ငိုတတ် ရယ်တတ် ခံစားတတ်ဖို့ ပြုစားကယ်တင်နိုင်မှာ ဆွေတစ်ယောက်တည်း ရှိပါတော့တယ်။*

*ကျွန်တော် ဆွေ့ဆီက အဖြေကို မျှော်လင့်တကြီး စောင့်နေမယ်နော်။*

*ချစ်ခြင်းများစွာဖြင့်*
*နေမျိုး*

ဒီစာကိုတော့ ကြီးကြီးကို ထိုးမပေးဖြစ်ခဲ့တော့ပါ။ မျက်မှောင်ကြုတ်၍သာ စဉ်းစားနေမိသည်။

စာနှစ်စောင်က အသွားအလာရော နောက်ခံအကြောင်းအခြင်းအရာပါ တူနေသည် မဟုတ်ပါလား။

ထို့ကြောင့် ထိုအပေးရောက် နှာပူးနှစ်ယောက်စလုံးကို ထိန်းချုပ်ညွှန်ကြားနေသူတစ်ဦးဦးတော့ ရှိနိုင်သည်ဟု သူမ တွေးလိုက်မိသည်။

ဘယ်သူဖြစ်နိုင်လဲ။

ချစ်မိုးဆွေ၏ အတွေးထဲမှာ မသင်္ကာစရာကောင်းစွာ ဝင်ရောက်လာသူဟူ၍ တစ်ယောက်တည်းရှိသည်။ အသေအချာတော့ မပြောနိုင်သေး။

သို့သော် အင်မတန်မှ ငိုချင်နေသော နှစ်ယောက်အတွက် တစ်ခုခုတော့ စီစဉ်ပေးရဦးမည်ဟု တေးမှတ်ထားလိုက်မိသည်။





(၁၀)

"နေပါဦး၊ ရှင်က ဒီမြို့ကို ဘာလာလုပ်တာလဲ"

"လာလည်တာပေါ့ဗျ"

"အလည်သက်သက်ပဲလား"

"အင်း"

"ဟုတ်ရဲ့လားရှင်၊ ကျွန်မက အဲလိုမထင်ဘူး"

"ဘာလဲ၊ ခင်ဗျားက ကျွန်တော့်ကို မသင်္ကာဖြစ်နေတာလား"

ရည်ညွှန်း၏ တုံ့ပြန်မေးခွန်းကို သူမက ရယ်ကာမောကာ ပြန်ဖြေလိုက်သည်။

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ရှင့်ကို ရိုးရိုးအလည်လာတာလို့တော့ မထင်မိတာ အမှန်ပဲ"

သူမ၏ စကားကြောင့် ရည်ညွှန်းက မချိုမချဉ်ပြုံးသည်။

"ခင်ဗျားက ဘယ်လိုကြားချင်လို့လဲ၊ ကျွန်တော်က ဘယ်လိုပြောပြရမှာလဲ"

"ရှင် ဒီမြို့ကို လာလည်တယ်ဆိုရင်လည်း ဘယ်လိုဖြစ်ပြီးလာလည်တယ်ဆိုတဲ့အကြောင်းအရင်းကိုပေါ့"

"ဟားဟား သိပ်သိချင်နေလား"

သူမက ဘာမှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်သည်။

သူမ စကားများခဲ့သော လက်ဖက်ရည်ဆိုင်တွင် ထိုင်နေကြခြင်း

ဖြစ်သည်။ သူမက လက်ဖက်ရည်သွားအသောက် စားပွဲတစ်လုံးတွင် ထိုင်နေသည့် ရည်ညွှန်းကို တစ်ယောက်တည်း တွေ့လိုက်ရသည်။

သို့ဖြင့် သူစားပွဲမှာ ခပ်တည်တည်ဝင်ထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။ ဆိုင်နံရံတွင် Whiteboard တစ်ခု ကပ်ထားပြီး Whiteboard ပေါ်တွင်...

"မိတ်ဆွေ...

ကိုယ်နှင့်မဆိုင်၊ ခွင့်မပိုင်

ဆွဲကိုင်မကြည့်ရ"

ဟု ရေးထားသည်။

ရည်ညွှန်းသည် သူမနှင့် မဆိုင်ပါ။ ပြည့်စုံအောင် ပြောရလျှင် မဆိုင်သေးပါ။ ထို့ကြောင့် သူမအတွက် ရည်ညွှန်းကို ခွင့်မပိုင်ပါ၊ မပိုင်သေးပါ။

သို့သော် စကားထိုင်ပြော၍တော့ရမည်ထင်သည်။ ရည်ညွှန်းကို ဆွဲခြင်း၊ ကိုင်ကြည့်ခြင်း မဟုတ်သဖြင့် ဘာပြဿနာမှ မရှိနိုင်ဟုလည်း ထင်သည်။ ထို့အပြင် 'မိတ်ဆွေ'ဟု ရေးထားခြင်းသည် 'မဆွေ'ဟု ရေးထားခြင်းလည်း မဟုတ်ပါ။

"ဒီလိုဗျ"

ရည်ညွှန်းက စကားစသည်။

"အင်း...ပြော"

"ကျွန်တော်က အသည်းကွဲလို့ စိတ်လေပြီး ဒီမြို့ကို ရောက်လာတာ ဟီးဟီး"

သူမကို ရည်ညွှန်း ညာနေပြီ ထင်သည်။

အသည်းကွဲ၍ ရောက်လာသော သူကလည်း ပြုံးဖြီးဖြီးမျက်နှာနှင့်။ သို့သော် ဘာပြောမလဲဟု လွှတ်ထားပေးလိုက်သည်။

"ဟုတ်လား ပြောပါဦး၊ ဘယ်လိုအသည်းကွဲလာတာလဲ"

"ဒီလိုဗျ၊ ကျွန်တော်က ကောင်မလေးတစ်ယောက်ကို ကြိုက်ရော"

"ရည်းစားစကား လိုက်ပြောရောဆိုပါတော့"





"ဟင့်အင်း စကားလိုက်မပြောပါဘူး၊ ရည်းစားစာပေးတာ"

"အဆင်ပြေလား"

"သူက ဖောက်ဖတ်လိုက်မိတာကိုး၊ အဆင်ပြေသွားတာပေါ့"

"ဟင် ရှင့်ဟာကလဲ ဖောက်ဖတ်လိုက်တာနဲ့ပဲ အဆင်ပြေသွားရောလား၊ ရှင့်ရည်းစားစာက ဘယ်လောက်ထိကောင်းနေလို့လဲ"

"ရည်းစားစာက ကောင်းလို့မဟုတ်ပါဘူး"

"ဒါဖြင့်..."

"ကျွန်တော်က ရေးလိုက်တယ်၊ ချစ်ရင် စာပြန်ပါ၊ မချစ်ရင်တော့ ဒီစာကို ဖောက်ကို မဖတ်ပါနဲ့လို့"

"သြော်..."

သူမ၏ ရင်ထဲတွင် ကလိကလိဖြစ်သွားရသည်။ မိန်းကလေးထုဘက်မှ မခံချင်စိတ်ဖြစ်ကာ ရည်ညွှန်းကို ဆွဲပင်ထိုးလိုက်ချင်သေးသည်။ ကိုယ်နှင့်မဆိုင်၊ ခွင့်မပိုင်၍ ကြည့်နေလိုက်ခြင်းဖြစ်သည်။

"အဲဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ကြိုက်သွားကြရောဗျာ"

"အင်း...ဘယ်နေရာမှာ အသည်းက ကွဲတာလဲ"

"လာမယ်လေဗျာ၊ ဖြည်းဖြည်းပေါ့"

"အင်းပါ၊ အင်းပါ၊ ပြောပါ"

"တစ်နေ့မှာ သူက ကျွန်တော့်ကို ချိန်းတယ်၊ ညဘက်မဟုတ်ဘူး၊ မနက်အစောကြီး၊ သူ့အိမ်ရှေ့ကို မနက်(၆)နာရီ မထိုးခင် လာခဲ့ပါတဲ့၊ သူ ဆင်းလာခဲ့မယ်တဲ့"

"ရှင်က မသွားလိုက်ဘူးလား"

"သွားပါတယ်၊ သူ ဆင်းမလာဘဲ သူ့အမေကြီးပဲ ဆင်းလာတယ်။ အိမ်ရှေ့မှာ ဟိုကြည့်သည်ကြည့် ကြည့်ပြီး ပြန်တက်သွားတယ်"

"ရှင့်ကို မြင်မသွားဘူးလား"

"ပုန်းနေရတာပေါ့ဗျ"

"အင်း...အဲဒါ ဘယ်လိုဖြစ်သွားလဲ"

"ဟုတ်တယ်လေ၊ နောက်နေ့ကျတော့ ကျွန်တော်လည်း ကောင်မလေးကို အဲဒါပဲမေးတာ၊ နင်ဆင်းမလာဘဲ နင့်အမေဆင်းလာတာ

ဘာဖြစ်လို့လဲလို့''

''အဲဒီတော့...''

''အဲဒီတော့ သူက ဒေါသအမြက်၊ ချောင်းချောင်းထွက်တယ်ဗျ။ ကျွန်တော့်ကို ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးမယ့် မျက်လုံးနဲ့ ကြည့်တယ်''

''ဘာဖြစ်လို့လဲ''

''အဲဒီမနက်က ဆင်းလာတာ သူ့အမေ မဟုတ်ဘူးတဲ့ဗျ။ သူ ဆင်းလာတာတဲ့၊ အိပ်ရာထ မပြင်ရ မဆင်ရသေးလို့ ဖွာရိုးဖားလျားဖြစ်နေတာတဲ့''

''သြော်...ခိခိ အဲဒီလိုလား''

''သူ့ကို သူ့အမေနဲ့ မှားရကောင်းလားဆိုပြီး ကျွန်တော့်ကို စိတ်ဆိုးသွားပါလေရောဗျာ''

''သြော် အဲဒီလိုနဲ့ ရှင် အသည်းကွဲလာတာလား''

''မဟုတ်ဘူးဗျ၊ အဲဒီမှာ မကွဲသေးဘူး။ ပြန်ချော့ရတာပေါ့''

ရည်ညွှန်း၏ စကားတွေကို သူမ သိပ်မယုံချေ။ သို့သော်လည်း စိတ်ဝင်စားမိသည်။

''ရှင် ဘယ်လိုချော့လဲ''

''သူ့ပုံတူဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ကို လက်ဆောင်ပေးလိုက်တယ်လေ။ ကျွန်တော် ကိုယ်တိုင်ဆွဲတာ''

''သြော် ရှင်က ပန်းချီဆွဲတတ်တယ်ပေါ့''

''မဆွဲတတ်ပါဘူး၊ လျှောက်လက်ဆော့တာ''

''ဓာတ်ပုံကို ကြည့်ဆွဲတာလား''

''မဟုတ်ဘူးဗျ၊ အလွတ်ဆွဲတာ''

သူမ အံ့သြသွားရသည်။ ချီးကျူးမိသလိုလည်း ခံစားလိုက်ရသည်။

''အိုး...ဒါဆို ရှင်က ပန်းချီကို တော်တော်ကျွမ်းကျင်လို့ပေါ့။ သူ့မျက်နှာကိုလည်း စိတ်ထဲက စွဲစွဲမြဲမြဲ မှတ်မိနေလို့ပေါ့''

ရည်ညွှန်းက လက်ကာပြီး တားသည်။





''နေပါဦး၊ ကျွန်တော် ပြောတာကို ဆုံးအောင်နားထောင်ပါဦး''

သူမ ရယ်ကျဲကျဲနှင့် ခေါင်းညိတ်ပြလိုက်ပြီး...

''အင်းပါ...အင်းပါ...ပြောပါ...ပြောပါ''

''အဲဒီပန်းချီကားပေးလိုက်တော့ သူ စိတ်ပြေသွားတယ်ဗျ၊ သုံးလလောက်အထိ အဆင်ပြေနေသေးတယ်''

''ဘာပြဿနာထပ်တက်လို့လဲ''

''အဲဒီပန်းချီကားပဲပေါ့ဗျ''

''ဟင် ဘယ်လိုဖြစ်တာလဲ''

''ဒီလိုဗျာ''

''အင်း ပြော''

''အမှန်မှာ ကျွန်တော့် အဲဒီပန်းချီကားက မျောက်ပုံဆွဲတာဗျ''

''ဟင်''

''မျောက်ပုံဆွဲရင်း မတော်တဆ သူနဲ့ တူသွားလို့ အမြီးဖြတ်ပြီး သူ့ပုံလုပ်လိုက်တာ''

''ဟယ်''

''အဲဒါကို တစ်ဆင့်စကား တစ်ဆင့်နားနဲ့ သူက ကြားသွားရောပူးအပေါက်တစ်ရာသာ ပိတ်လို့ရမယ်၊ လူ့ပါးစပ် နှစ်ဆယ့်ငါးပေါက်သုံးဆယ်လောက်က ပိတ်လို့မရဘူး မဟုတ်လား''

''ရှင့်ကိစ္စကလည်း လူနှစ်ဆယ့်ငါးယောက် သုံးဆယ် သိတယ်ဟုတ်လား'

သူမ၏ စိတ်ထဲမှာ ''အံ့ရော အံ့ရော''ဟုပင် တွေးမိပါသေး၏။ ရည်ညွှန်းကတော့ အေးအေးဆေးဆေးပင် ဆက်ပြောပြ၏။

''မပြီးခင် မြန်မာမမြင်စေနဲ့တဲ့ဆိုတဲ့ စကားရှိတယ်မဟုတ်လားဗျာ။ အခုဟာက မပြီးခင်ရော ပြီးပြီးမှရော မြန်မာနှစ်ဆယ့်ငါးယောက် သုံးဆယ်က မြင်ထားတဲ့ ကိစ္စ၊ ဘယ်လိုလုပ် ဖုံးလို့ရမှာတုန်း''

သူမ အူယားလာသည်။ ဗိုက်ထဲကို လက်ထည့်ပြီး ကုတ်၍လည်း မရ။ လျှာမှ အသံထွက်သွားသည်။

''ခိ...ခိ အဲဒါကို ရှင့်ကောင်မလေး ကြားသွားရောဆိုပါတော့''

''ဟုတ်ပဗျား''

''အဲဒီတော့''

''အဲဒီတော့ ဒေါသတွေ ထွက်ပါလေရောဗျာ၊ ကျွန်တော်နဲ့ လမ်းခွဲမယ်တွေ ဘာတွေဖြစ်''

''နည်းတောင်နည်းသေးတယ်''

''အဲဒီလိုနဲ့ သူ ကျွန်တော့်ကို ဖြတ်သွားပါလေရောဗျာ''

''သြော် အဲဒါကြောင့် ရှင်က အသည်းကွဲတာလား''

''မဟုတ်သေးဘူးဗျ''

''ဟော...''

နားထောင်ရတာ သူမ ဆန့်တငံ့ငံ့ဖြစ်နေ၏။ စိတ်မရှည်ချင်တော့။

''အဲဒီမှာ အသည်းမကွဲရင် ရှင်က ဘယ်မှာ အသည်းကွဲတာတုန်း''

''လာမယ်လေဗျာ၊ ဖြည်းဖြည်းပေါ့''

သူက ထိုသို့ပင်ပြောသည်။ ဘယ်ကိုမှ မသွားပါပဲ ထိုင်နေလျက်က ဖြည်းဖြည်းနေရခြင်း ဒုက္ခသည် အတော်ကြီးလေးသည်။ ဆောင့်ကြီးအောင့်ကြီးနှင့်

''ကဲ ပြောပြော၊ ရှင့်ဘာသာရှင်ပဲ ဆက်ပြော''

''သူက ကျွန်တော်နဲ့ လမ်းခွဲမယ်ဆိုတော့ ကျွန်တော်က ပြန်ပြောလိုက်တယ်''

''အင်း...''

''မင်း ငါ့ကို ကျောခိုင်းပြီး သွားတော့မှာလားလို့''

''သူက ဟုတ်တယ်ပြောမှာပေါ့''

''အမှန်ပဲ၊ သူက အဲဒီအတိုင်းပဲ ပြန်ပြောတယ်''

''အဲဒီတော့...''

''အဲဒီတော့ ကျွန်တော်က ပြန်ပြောလိုက်တယ်၊ သွားပါ၊ ရပါတယ်။ ဒါပေမယ့် ကမ္ဘာကြီးက လုံးနေတာမို့လို့ တစ်နေ့မှာ မင်း ငါ့ဆီပြန်ရောက်လာလိမ့်မယ်လို့''

''အလဲ့...''





ချစ်မိုးဆွေ ရယ်ချင်သွားသည်။

''နောက်ရော ဘာဆက်ဖြစ်လဲ''

''ကျွန်တော် စောင့်နေတယ်လေ''

''နေပါဦး၊ ခုနက ရှင်ပြောတဲ့ကိစ္စက ဘယ်တုန်းက ဖြစ်သွားတာလဲ၊ ဘယ်လောက်ကြာပြီလဲ''

''ကျွန်တော် ဆယ်တန်းအောင်ပြီးကာစကဆိုတော့ ခုဆို ခြောက်နှစ်၊ ခုနစ်နှစ်ရှိပြီပေါ့ဗျာ''

''အဲလို ရှင် စောင့်နေတော့ ပြန်တွေ့လား''

''တွေ့တယ်''

''ဟင်...ဟုတ်လား၊ ဘယ်တုန်းကလဲ''

''ဒီနှစ်ဆန်းပိုင်းမှာပဲ''

''ဟင်...ဒါဖြင့် ရှင် အရမ်းပျော်သွားမှာပဲနော်''

''မပျော်ပါဘူးဆို''

''ဟင်...ဘာဖြစ်လို့လဲ''

''အဲဒီမှာမှ အသည်းကွဲတာဗျို့''

''ဘာဖြစ်လို့လဲ...ဆို...''

''ကမ္ဘာကြီး လုံးပြီး ပြန်လည်လာတာကတော့ ဟုတ်တာပေါ့ဗျာ၊ ကြားထဲမှာ ဘာဖြစ်လာမယ်မှန်း ဘယ်သူကမှ မပြောနိုင်ဘဲ''

''ဟင်...ဘာတွေဖြစ်လာလို့လဲ''

''အရင်ထက် သုံးဆလောက် ဝ,နေပြီဗျ''

''အဲဒါနဲ့ပဲ ရှင်က အသည်းကွဲရရောလား၊ ရှင် ချစ်တယ် မဟုတ်လား၊ ဝ,တာကို ခွင့်မလွှတ်နိုင်ဘူးလား''

''ဒါတင်မပြီးဘူးဗျ၊ သူက တစ်ခုလပ်လည်း ဖြစ်နေသေးတယ်။ ယောကျ်ားတစ်ယောက်နဲ့ ကွဲပြီးပြီ''

''တစ်ခုလပ်မကလို့ နှစ်ခုလပ်ဖြစ်ဖြစ် ယောကျ်ားတစ်ယောက်နဲ့ မကလို့ နှစ်ယောက်နဲ့ကွဲကွဲ ရှင် သူ့ကို ချစ်တယ်မဟုတ်လား၊ ရှင် သူ့ကို စောင့်နေတာ မဟုတ်လား။ ဘာဖြစ်လဲ ယူလိုက်ပေါ့''

''အဲဒါတင်မပြီးသေးဘူးဗျ၊ သူက သမီးလေးတစ်ယောက်လည်း

ပါလာသေးတယ်၊ ခြောက်နှစ်တောင်ရှိနေပြီ''
''ခြောက်နှစ် ဟုတ်လား''
''ဟုတ်တယ်ဗျ''
''အမ်''
''နောက်ပြီးတော့ဗျာ မသင့်တော်ပါဘူး၊ အခု သူ့ကို ကျွန်တော် ယူလိုက်ပြီဆိုပါစို့၊ နောက်(၁၀)နှစ်ထည့်ပေါင်း ကျွန်တော်က (၃၅-၃၆)ပဲ ရှိဦးမယ်။ သမီးလေးက (၁၆)နှစ် မသင့်တော်ဘူးဗျ''
''ရှင်က ခုတည်းက မရိုးမသား ဖြစ်နေတာလား''
''တောက်တီးတောက်တဲ့ဗျာ၊ ဟေ့ ဒီမှာ ခင်ဗျားကို ကျွန်တော် မေးမယ်၊ ခင်ဗျားဘဝမှာ 'မိထွေး'ဆိုတဲ့ ဘွဲ့ကို လိုချင်သလား''
''ဟင်…ရှင် စော်ကားလှချည်လား
''ကိုယ့်ထိတော့ ခံရခက်တယ် မဟုတ်လား၊ ကျွန်တော်လည်း ပထွေးဘွဲ့မလိုချင်ဘူးဗျ''
''အဲ…''
သူမ အပြောရကြပ်သွားသည်။ ရည်ညွန်းက ထိုအခါကျမှ တဟဲဟဲရယ်သည်။
''နောက်ပြီး သူကိုယ်တိုင်က ကျွန်တော့်ကို ယူဖို့မတောင်းဆိုဘူးဗျ''
''ဘာဖြစ်လို့လဲ''
''သူ့လူနဲ့ ပြန်ပေါင်းဖို့ပဲ အာရုံရှိတယ်''
''ဩော်…ဒါကြောင့် ရှင် အသည်းကွဲတယ်ပေါ့ ဟုတ်လား''
''အဲဒါကြောင့်လည်း မဟုတ်သေးဘူးဗျ''
''ဟင်…ရှင့်ဟာကလဲ ကျွန်မဖြင့် နားကိုမလည်နိုင်တော့ဘူး''
''သူက ကျွန်တော့်ကို ပြောတယ်''
''အင်း…''
''ကျွန်တော် လက်ထပ်မယ်ဆိုရင် သင့်တော်မယ့်သူတစ်ယောက်ကို ညွှန်ချင်တယ်တဲ့''
''အံမယ် တယ်ဟုတ်ပါလား''





''ကမ္ဘာကြီးက သူ့အတွက်မှ မဟုတ်ပါဘူး၊ ကျွန်တော့်အတွက်လည်း လည်ပါတယ်တဲ့။ ကျွန်တော့်အတွက် သင့်တော်မယ့် မိန်းကလေးတစ်ယောက်ကလည်း ခုချိန်မှာ အဆင်သင့်ရှိနေပါတယ် တဲ့''
''ဘယ်က မိန်းကလေးလဲ''
''ဒီမြို့ကဗျ၊ ချစ်မိုးဆွေလို့ခေါ်တယ်''
''အောင်မယ်''
သူမ ထိုင်ရာကထမိမတတ်ဖြစ်သွားရသည်။ ခဏမင်သက်နေမိပြီးမှ…
''ဘာလဲ၊ ရှင်က ကျွန်မကို ရည်းစားစကား ပြောတာလား''
''ဟီးဟီး''
''ဒါမှမဟုတ် ယုံတမ်းစကားလာပြောနေတာလား''
''ဟီးဟီး''
''ကျွန်မကို ဘယ်လို မိန်းမစားအောက်မေ့နေလဲ''
''ဟီးဟီး''
''ရှင်နဲ့ ထိုင်စကားပြောမိတာကိုက ကျွန်မမှားတာပဲ''
''ဟီးဟီး''
ထိုနေ့က…
သူမ…
ဒေါသတကြီးနှင့် ပြန်ခဲ့ရလေသည်။

(၁၁)

''စာရေးဆရာ ကျုပ်ကို ကူညီပါဦးဗျ''

''ဘာတုန်းဗျ''

''ဟဲဟဲ...ပြောရမှာတော့ ရှက်ပါတယ်ဗျာ...ဟဲဟဲ''

''ဘာတုန်းဗျ၊ ခင်ဗျားဟာက''

စာကြည့်တိုက်ထဲမှာဖြစ်သည်။ ကိုဝင်းကျော်က ရယ်ဖြဲဖြဲနှင့် ရည်ညွှန်းကို လာရောက်အကူအညီတောင်းနေခြင်းဖြစ်သည်။

''ဒီလိုဗျာ၊ ကျွန်တော် လမ်းထိပ်က ကောင်မလေးကို ရည်းစားစာ ပေးမလို့''

''ခင်ဗျားက...''

''အင်း...''

''အဲဒါ ကျွန်တော်က ဘာကူညီရမှာလဲ၊ သွားပေးပေးရမှာလား''

''မဟုတ်ပါဘူး၊ စာပေးတာက အအေးဆိုင်က ချာတိတ်ကလေး သွားပေးပေးလိမ့်မယ်''

''ဒါဖြင့်...''

''ကျွန်တော် ရေးထားတဲ့ ရည်းစားစာကို ခင်ဗျား တစ်ချက် ဝေဖန်အကြံပေးစမ်းပါဦး''

ရည်ညွှန်း တစ်ချက်ပြုံးမိသည်။ ကိုဝင်းကျော်၏ အသက်က (၃၀)ဝန်းကျင်ရှိပြီ။ ရည်းစားထားဖို့ နည်းနည်းနောက်ကျနေသည့်အရွယ်

ဟုဆိုလျှင် မမှား။

“ပြလေဗျာ၊ ခင်ဗျားစာ ဖတ်ကြည့်ရအောင်”

ဖတ်ကြည့်တော့ ရည်းစားစာက ထူးမခြားနား။

“ခင်ဗျားစာကဗျာ”

“ဘာ…ဘာ…ဘာဖြစ်လို့လဲ”

ကိုဝင်းကျော်က တံတွေးသီးမတတ်ပြန်မေး၏။

“ခင်ဗျားစာက အများသုံး အိမ်သာကြီးကျနေတာပဲ”

“ဟင်…ဘာဖြစ်လို့လဲဗျ”

“အများသုံးစကားလုံးတွေနဲ့ပဲ ရေးထားတာကိုဗျ၊ ခပ်တုံးတုံး ရည်းစားစာကြီးဖြစ်နေတယ်”

“ဒီတိုင်းပေးရင် အဆင်မပြေနိုင်ဘူးလား”

“ဘယ်လိုလုပ်ပြေမှာလဲ၊ ဒီမှာ ကျွန်တော် ပြောပြမယ်”

“ဟုတ်…ဟုတ်ကဲ့ ပြောပါဦးဗျာ”

ကိုဝင်းကျော်က အတော်ပင် တရိုတသေရှိနေသည်။

“တစ်အချက်၊ ခင်ဗျား ရေးထားတဲ့ ရည်းစားစာက သာမန် လူပြိန်းကြိုက်ရည်းစားစာ ဖြစ်နေတယ်ဗျာ”

“အင်း…”

“နှစ်အချက် အပေါ်စားစက္ကူကြီးနဲ့ ရေးထားတယ်”

“အဲ…အင်း”

“သုံး အချက်က ဆယ့်ငါးကျပ်တန်ဘောလ်ပင်နဲ့ ရေးထားတယ်”

“အဲ…အင်း…ဟုတ်…ဟုတ်”

“လေးအချက်က ဒီစာအိတ်ကို ခင်ဗျား တံတွေးဆွတ်ပြီး ပိတ်ဦး မယ်၊ နံတယ်”

“အင်”

“နောက်ဆုံးအချက်အနေနဲ့ ခင်ဗျားက ကိုယ်တိုင်ပေးမှာလဲ မဟုတ်ဘူး။ ပြီးစလွယ်လုပ်ပြီး လူကြုံနဲ့ပေးဦးမယ်”

“……”

“ဒီအတိုင်းဆိုရင်တော့ သူက ခင်ဗျားကို ပြန်ကြိုက်မှာ မဟုတ်





ဘူး”

“ဟုတ်လား၊ ဒါဖြင့် ဘယ်လိုလုပ်ရမလဲ၊ ကူပါဦးဗျာ”

“ဒီလိုလုပ်”

“ဟုတ်ကဲ့”

ကိုဝင်းကျော်ကို လက်ချာရိုက်နေစဉ်မှာပဲ စာကြည့်တိုက်အတွင်း သို့ လူတစ်ယောက်ဝင်လာသည်။ လှည့်ကြည့်လိုက်တော့ ဖိုးဝ ဖြစ်နေ သည်။

ဖိုးဝက သူတို့နှစ်ယောက်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာ ပြီး ရည်ညွှန်းကို…

“အစ်ကိုကြီး”

“ဟေ…”

“အစ်ကိုကြီးပြောတဲ့ ယုံတမ်းစကားလေးနဲ့ ကျွန်တော် သူ့ကို စာပေးလိုက်ပြီဗျာ”

“အေး…အဲဒီတော့ ဘာထူးလဲ”

“ခက်တာက ဒီယုံတမ်းစကားကို ကျွန်တော့်ကိုယ်ပိုင်လို့ သူ မယုံကြည်ဘူး”

“ဟုတ်လား၊ အဲဒီတော့…”

“သူကပြောတယ်၊ ဒီယုံတမ်းစကားကို ဘယ်သူက ပြောပြတာ လဲတဲ့၊ အဲဒီလူနဲ့ သူတွေ့ချင်တယ်တဲ့”

“မင်းက ဘယ်လိုပြန်ပြောလိုက်တုန်း”

“ဘာမှ ပြန်မပြောသေးဘူး၊ ဟိုလိုလို သည်လိုလိုလုပ်ပြီး ထွက် လာခဲ့လိုက်တယ်”

ဖိုးဝက ခေါင်းကုတ်ပြီး…

“ဘယ်လိုလုပ်ရမလဲတောင်မသိဘူး၊ အစ်ကိုကြီးနဲ့ ပေးတွေ့လို့ တော့ မဖြစ်ဘူးထင်တယ်”

ကိုဝင်းကျော်က ဖြတ်ဝင်မေးသည်။

“သူနဲ့ ပေးတွေ့ရင် ဘာဖြစ်မှာ မို့လို့လဲ”

“အာ…သူနဲ့ပေးတွေ့ရင် ကျွန်တော် ဂိုးသွားမှာပေါ့။ ကျွန်တော့်

ပွဲမဟုတ်ဘဲ သူ့ပွဲဖြစ်သွားမှာပေါ့''

''ဒါဖြင့် မင်း ဘယ်လိုလုပ်မလဲ''

''ဘယ်လိုလုပ်ရမှန်းမသိလို့ အစ်ကိုကြီးတို့ဆီလာတာ''

ရည်ညွှန်းက...

''မင်းက သူ့ဆီက အဖြေတောင်းထားတာပဲ၊ အဖြေပေးရင် တွေ့ပေးမယ်လို့ ပြောလိုက်ပေါ့''

ဖိုးဝ၏ မျက်နှာဝင်းခနဲ ဖြစ်သွား၏။

''အာ...အင်း...ဟုတ်သားပဲ၊ အဲဒီအချက်ကို ကျွန်တော် မစဉ်းစားမိဘူး၊ ကျေးဇူးပဲ၊ ကျေးဇူးပဲ''

ပြောပြီး ခပ်သုတ်သုတ်ပြန်ထွက်သွားသည်။ ရည်ညွှန်းနှင့် ကိုဝင်းကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးမိကြ၏။

''ကဲ...မူလစကား ပြန်ဆက်ပါဦးဗျာ''

ကိုဝင်းကျော်၏ တောင်းဆိုမှုကြောင့် ရည်းစားစာရေးနည်း၊ ပေးနည်း လက်ချာကို ဆက်ရိုက်ရပြန်သည်။ လက်ချာအဆုံးမှာ ကိုဝင်းကျော်က သက်ပြင်းကုန်းကုန်းကြီးတစ်ခုကို မှုတ်ထုတ်သည်။

''အင်း...ကိုရည်ညွှန်း ခုပြောတဲ့အတိုင်းဆိုရင် ကျွန်တော့် ရည်းစားစာက ဘာမှ လုပ်လို့မရတော့ဘူး''

''အဲဒီလိုတော့ မဟုတ်သေးပါဘူးဗျာ''

သူ့စကားကြောင့် ကိုဝင်းကျော် အားတက်သရောဖြစ်သွားသည်။ စိတ်ဝင်တစားဖြင့်...

''ဟာ...ဟုတ်လား၊ ပြောပါဦး''

''ဟိုတက်လမ်းကွေ့မှာ ပင်မင်းဆိုင်တစ်ဆိုင် နာမည်ရှိတယ်လေ''

''အင်း...ဟုတ်တယ်၊ ချစ်သူ ပင်မင်း''

''အဲဒီအိမ်မှာ ကုလားမလေးတစ်ယောက်ရှိတယ်''

''အင်း...ဟုတ်တယ်၊ ခင်ရီဝေလွင်''

''အဲဒီကောင်မလေးကို ဒီစာသွားပေးရင်တော့ ရနိုင်တယ်''

''ဟာ ကိုရည်ညွှန်းကလဲ''

''အကောင်းပြောနေတာ၊ သူက ချစ်သူကို လျှော်ဖွတ်သန့်စင်





ပေးဖို့ ချစ်သူပင်မင်း ဖွင့်ထားတာ။ ရည်းစားစာ ညစ်ညစ်ပတ်ပတ်နဲ့ လာတဲ့ ချစ်သူညစ်ညစ်ပတ်ပတ်ကို သူ စိတ်ရှည်လက်ရှည် လက်ခံနိုင်လိမ့်မယ်''

''ဟာဗျာ၊ ခင်ဗျား အတော်နောက်တဲ့လူ''

နှစ်ယောက်သား တဝါးဝါးနှင့် ပွဲကျသွားသည်။ ထိုအခိုက်မှာပင် စာကြည့်တိုက်တွင်းသို့ လူတစ်ယောက် ဝင်လာသည်။ လှည့်ကြည့်လိုက်တော့ မျှော်လင့်ထားသည့်အတိုင်း ဖိုးပြုံးချို ဖြစ်နေ၏။

ဖိုးပြုံးချိုက သူတို့နှစ်ယောက်ရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာပြီး ရည်ညွှန်းကို...

''အစ်ကိုကြီး''

''ဟေ...''

''အစ်ကိုကြီးပြောတဲ့ ယုံတမ်းစကားလေးနဲ့ ကျွန်တော် သူ့ကို စာပေးလိုက်ပြီဗျာ''

''အေး၊ အဲဒီတော့ ဘာထူးလဲ''

''ခက်တာက ဒီယုံတမ်းစကားကို ကျွန်တော့်ကိုယ်ပိုင်လို့ သူက မယုံဘူး''

''ဟုတ်လား၊ အဲဒီတော့...''

''သူကပြောတယ်၊ ဒီယုံတမ်းစကားကို ဘယ်သူက ပြောပြတာလဲတဲ့။ အဲဒီလူနဲ့ သူတွေ့ချင်တယ်တဲ့''

''မင်းက ဘယ်လိုပြန်ပြောလိုက်တုန်း''

''ဘာမှ ပြန်မပြောသေးဘူး၊ ဟိုလိုလိုသည်လိုလိုလုပ်ပြီး ထွက်လာခဲ့လိုက်တယ်''

''အဲဒီတော့ မင်းက ဘယ်လိုလုပ်ချင်လို့တုန်း''

ဖိုးပြုံးချိုက ခေါင်းကုတ်ပြီး...

''ဘယ်လိုလုပ်ရမလဲတောင်မသိဘူး၊ အစ်ကိုကြီးနဲ့ ပေးတွေ့လို့တော့ မဖြစ်ဘူးထင်တယ်''

ကိုဝင်းကျော်က ဖြတ်ဝင်မေးသည်။

''သူနဲ့ ပေးတွေ့ရင် ဘာဖြစ်မှာမို့လို့လဲ''

"အာ သူနဲ့ ပေးတွေ့ရင် ကျွန်တော် ဂိုးသွားမှာပေါ့၊ ကျွန်တော့်ပွဲမဟုတ်ဘဲ သူ့ပွဲဖြစ်သွားမှာပေါ့"

"ဒါဖြင့် မင်း ဘယ်လိုလုပ်မလဲ"

"ဘယ်လိုလုပ်ရမှန်းမသိလို့ အစ်ကိုကြီးတို့ဆီလာတာ"

ရည်ညွှန်းက...

"လမ်းကြောင်း အပြောင်းမခံနဲ့လေကွာ၊ မင်းက သူ့ဆီက အဖြေတောင်းထားတာပဲ၊ အဖြေပေးရင် တွေ့ပေးမယ်လို့ ပြောလိုက်ပေါ့"

ဖိုးပြုံးချို၏ မျက်နှာ ဝင်းခနဲဖြစ်သွား၏။

"အာ...အင်း...ဟုတ်သားပဲ၊ အဲဒီအချက်ကို ကျွန်တော် မစဉ်းစားမိဘူး၊ ကျေးဇူးပဲ ကျေးဇူးပဲ"

ပြောပြီး ခပ်သုတ်သုတ်ပြန်ထွက်သွားသည်။ ကိုဝင်းကျော်က...

"ဟေ့လူ၊ ခင်ဗျားကောင်နှစ်ကောင် ဘာတွေဖြစ်နေတာလဲ"

"ခင်ဗျား မြင်တဲ့အတိုင်းပဲလေဗျာ"

"အေးဗျာ၊ ထားလိုက်ပါတော့၊ ကျွန်တော်တို့ စကားကို ဆက်ကြရအောင်"

"ဟင် ပြီးပြီလေ၊ ဘာကို ဆက်ဦးမှာလဲ"

"ကျွန်တော် သိချင်တာလေးတွေရှိသေးလို့ပါ"

"ဘာကို သိချင်ရပြန်တာလဲ"

"ဒီလိုဗျာ"

"အင်း...ပြော"

"လူတွေဟာ အိမ်ထောင်ဖက်ကို ဘယ်လိုရွေးချယ်ကြသလဲဗျ။ သမရိုးကျမဆန်တဲ့ နည်းမျိုးတွေနဲ့ ဘယ်လိုရွေးချယ်ခဲ့ကြသလဲဆိုတာရှိရင် သိချင်လို့"

"အင်း...အဲဒါက..."

တစ်ချက်စဉ်းစားရသေးသည်။ ပြီးမှ...

"အိမ်ထောင်ဖက်ကို ထူးထူးဆန်းဆန်း ရွေးတာလေးတစ်ခုတော့ ရှိဖူးတယ်"

"သတင်းစာထဲက ကြော်ငြာပြီး ခေါ်တာမျိုးကိုတော့ မပြောနဲ့





နော်၊ အဲဒါက ကြားရတာ ရိုးနေပြီ"

"မဟုတ်ပါဘူးဗျ၊ ဆုံးအောင်နားထောင်ပါဦး"

"အင်း...ဟုတ်ပြီ ပြောပြော"

"ဆယ့်ခုနှစ်ရာစုနှစ်တုန်းက အင်္ဂလန်နဲ့ အိုင်ယာလန်စစ်ဖြစ်ကြတယ်။ အိုင်ယာလန်မြို့စားကို အင်္ဂလိပ်တွေက ကြိုးပေးသတ်ပစ်လိုက်တယ်"

"အင်း"

"မြို့စားကတော်ကို အင်္ဂလိပ်စစ်တပ်ထဲက တစ်ယောက်ယောက်နဲ့ ယူရမယ်ဆိုပြီး အတင်းပေးစားတယ်"

"အင်း...အဲဒီတော့ မြို့စားကတော်က ယူလိုက်လား"

"မယူလို့မှ မရဘဲ၊ ယူရတာပေါ့။ ဒါပေမယ့် သူယူမယ့် ယောကျ်ားကို ရွေးချယ်တဲ့ပုံစံလေးက ထူးခြားတယ်"

"ဟုတ်ပြီ၊ အေး ပြောပါဦး"

ကိုဝင်းကျော်က အတော်သိချင်ပုံပေါက်နေလို့ ရည်ညွှန်း ပြုံးမိသေးသည်။

"ဘာလဲ၊ ခင်ဗျားက အဲဒီအတိုင်း လိုက်လုပ်မလို့လား"

"လုပ်သင့်လည်း လုပ်ရမှာပေါ့ဗျာ၊ အဟဲ ပြောပါဦး"

"မြို့စားကတော်က အင်္ဂလိပ်စစ်တပ်က အရာရှိငယ်တွေ အကုန်လုံးကို တန်းစီရပ်ခိုင်းတယ်။ ပြီး အဲဒီထဲက တစ်ယောက်ကို သူက ရွေးတယ်"

"ဟင်၊ အဲဒါ ဘာထူးဆန်းလို့လဲ"

"မဟုတ်ဘူးလေ၊ နားထောင်ပါဦး၊ မြို့စားကတော်က အဲဒီလူတွေကို လုံးဝမျက်နှာမကြည့်ဘူးဗျ၊ တန်းစီရပ်နေတာကို ကျောဘက်က ကြည့်ပြီး ရွေးသွားတာ"

"ဩော် အဲဒီလိုလား"

"ဟုတ်တယ်၊ ခင်ဗျားလည်း အဲဒီလိုလုပ်ပါလား"

"ဘာလဲ ကောင်မလေးရှေ့မှာ ကျွန်တော်က ကျောပေးရပ်ရမှာလား၊ သူက ကျွန်တော့်ကို ကျောဘက်ကကြည့်ပြီး ဆုံးဖြတ်ခိုင်းရမှာ

လား''

''အဲလိုလုပ်ချင်လည်း လုပ်ပေါ့ဗျာ၊ ဒါမှ မဟုတ်လည်း ခင်ဗျား ကြိုက်ဖို့ လျာထားတဲ့ ကောင်မလေးတွေအားလုံးကို တန်းစီရပ်ခိုင်းလိုက် ပေါ့ဗျာ။ ပြီး ခင်ဗျားက သူတို့ကို နောက်ကျောဘက်ကနေ ကြည့်ပြီး အကြိုက်ဆုံးတစ်ယောက်ကို ရွေးလိုက်ပေါ့၊ အကျိုးမယုတ်တန်ကောင်း ပါဘူး''

စကားအဆုံးမှာ တဝါးဝါးထရယ်မိကြသည်။ ကိုဝင်းကျော်က အရယ်သန်သူဖြစ်သဖြင့် တွေးရင်း ပီတိတွေဖြစ်ရင်း ရယ်လို့ကို မဆုံးနိုင် တော့ချေ။

ထိုအချိန်မှာပဲ စာကြည့်တိုက်ထဲသို့ လူတစ်ယောက် ဝင်လာသည်။ လှည့်ကြည့်လိုက်တော့ ကိုကျော်သီဟ ဖြစ်နေ၏။ ကိုဝင်းကျော်က…

''ကိုကျော်သီဟ ဟိုစာအုပ် ပြန်လာအပ်တာလား''

''မဟုတ်ဘူး''

ရည်ညွှန်းကို မေးဆတ်ပြပြီး…

''ဒီလူ့ကို လာရှာတာ''

ရည်ညွှန်းက ရယ်ကျဲကျဲနှင့်ပင်…

''ဘာကိစ္စများလဲဗျ''

''မေးချင်တာလေးတစ်ခုရှိလို့ပါ''

''မေးလေ''

''ရန်ကုန်ကလာတဲ့ ဟိုချာတိတ်လေးနှစ်ယောက်ကို ခင်ဗျားက ယုံတမ်းစကားတွေပြောပြနေတာလား''

ရည်ညွှန်းက မျက်နှာပိုးသပ်လိုက်ပြီး…

''ဘာဖြစ်လို့လဲ''

''ခင်ဗျား ပြောပြနေတာ ဖြစ်နိုင်တယ်လို့ ချစ်မိုးဆွေက သုံးသပ် တယ်''

''ဒါကတော့ သူ့သုံးသပ်ချက်ပဲလေ''

''ခင်ဗျားက မသင်္ကာစရာအကောင်းဆုံးလူလို့လည်း သူက ပြောသေးတယ်''





''ဗုဒ္ဓေါ''

''ခင်ဗျားရဲ့အရိပ်အခြေကို စောင့်ကြည့်ပေးဖို့လည်း ကျွန်တော့် ကို မေတ္တာရပ်ခံထားတယ်''

''ဘုရား…ဘုရား''

''ကျွန်တော်ကတော့ ပွင့်ပွင့်လင်းလင်းသမားပဲ၊ ခင်ဗျားနဲ့လည်း ဘာပြဿနာမှ မရှိဘူး၊ ခင်ဗျားမှာ အကြံတစ်ခုခုရှိနေတယ်ဆိုလို့ရှိရင် လည်း ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပါ''

''ဘာ အကြံမှမရှိရပါဘူးဗျာ''

''ကောင်းပြီလေ''

ကိုကျော်သီဟ လှည့်ထွက်သွားသည်။ သူနှင့် ကိုဝင်းကျော်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြိတ်ပြုံးမိကြပြန်သည်။

ကိုဝင်းကျော်နှင့် စကားဆက်မပြောတော့ဘဲ ရေးစရာရှိသည့် စာကို ဆက်ရေးလိုက်သည်။ စာကြည့်တိုက်ပိတ်ချိန်နီးမှ လွယ်အိတ်ဆွဲ ပြီး ထပြန်ဖြစ်သည်။

အပြန်လမ်းမှာ စိတ်ပျက်လက်ပျက်ပြုံးရယ်မိသေးသည်။ ကိုကျော်သီဟက မသိမသာနောက်ယောင်ခံလိုက်လာသောကြောင့် ဖြစ်၏။

ငါ့နှယ်နော်။

(၁၂)

''ရှလော''

''ဗုန်း''

''ဟ...ဟ...ထူပေးကြပါဦး''

အသံတွေကြား၏။ လမ်းလျှောက်နေတာကိုရပ်ပြီး ရည်ညွှန်းနောက်သို့ လှည့်ကြည့်မိသည်။ ပလက်ဖောင်းပေါ်မှာ ကိုကျော်သီဟက ကိုရို့ကားရားဖြစ်နေသည်။ ပလက်ဖောင်းပေါ်မှာ ဖင်ထိုင်လျက် လဲပြီး ကုန်းရုန်းထနေ၏။ အခြားလမ်းသွားလမ်းလာနှစ်ဦးက သူ့ကို တစ်ဖက်တစ်ချက်မှ ထူမ,ပေးနေကြသည်။

ကိုကျော်သီဟက တင်ပါးကို လက်နှင့်မပွတ်ချေ။ ဘယ်ဘက်လက်က မျက်မှန်ကို ပြန်တပ်နေပြီး ညာဘက်လက်က နဖူးကို ပွတ်နေသည်။ ကြည့်ရတာ ရည်ညွှန်းပင် အူကြောင်ကြောင်ဖြစ်သွား၏။

နောက်မှ သဘောပေါက်သွား၏။ ကြည့်ရတာ ဓာတ်တိုင်မရောက်ခင်လေးမှာ ကိုကျော်သီဟ ချော်လဲပုံရသည်။ ရှေ့ကို ဟပ်ထိုးလဲပြီး ဓာတ်တိုင်နှင့် နဖူးဆောင့်ခြင်းဖြစ်မည်။ ငှက်ပျောခွံကို တက်နင်းမိတာဆိုလျှင် နောက်သို့ပက်လက်လဲရမည်။ ခလုတ်တိုက်မိ၍သာ ရှေ့သို့ဟပ်ထိုးလဲခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကိုကျော်သီဟကတော့ နဖူးအတော်နာသွားပုံရသည်။ ချက်ချင်းပင် 'ယောင်'တက်လာသည်ဟု ထင်ရ၏။





''ရတယ်...ရတယ်၊ ကျွတ်...ကျွတ်၊ ဘာမှမဖြစ်ဘူး...အား''

ကိုကျော်သီဟက ထူမပေးသူများထံမှ ရုန်းထွက်ပြီး အထက်ပါအတိုင်း ကကြီးမှအ,အထိ ပြောသည်။ (ကျွတ် ကျွတ်မှ အား အထိ)

ရည်ညွှန်းမျက်နှာလွှဲလိုက်ပြီး ကိုယ့်လမ်းကိုယ်ဆက်လျှောက်ဖြစ်၏။ စိတ်ထဲမှာလည်း ရယ်ချင်နေလေသည်၊ ကိုကျော်သီဟ သူ့နောက်သို့ ထိုသို့လျှောက်လိုက်နေသည်မှာ သုံးလေးရက်ရှိပြီ။

ရှေ့သို့ သုတ်သုတ်ဆက်လျှောက်လိုက်သည်။ မသိမသာပြန်လှည့်ကြည့်တော့ ကိုကျော်သီဟက မလှမ်းမကမ်းမှ ပါလာပြန်သည်။

''အင်း...တကယ့်ကို နောက်ယောင်ခံလိုက်တာကိုး''

ကိုကျော်သီဟ၏ နဖူးက တကယ့်ကို ဖူးယောင်နေပြီဖြစ်၏။ တကယ့်ကို နဖူးအယောင်ခံလိုက်လာခြင်းဖြစ်သည်။ အမှန်တကယ်ကို နောက်ယောင်ခံလိုက်ခြင်းဖြစ်လေသည်။

အမြင်ကပ်ကပ်ဖြင့် ဈေးထဲ ချိုးဝင်လိုက်သည်။ ဈေးထဲမှာက လူသူရှုပ်ထွေးလျက်၊ ဈေးစည်ချိန်လည်းဖြစ်နေသဖြင့် ရှေ့သို့ရောက်အောင် တိုးတိုးဝှေ့ဝှေ့ဖြင့် မနည်းလျှောက်ရသည်။

''ရှလော''

''ဗုန်း''

နောက်မှ လဲပြိုသံကြားရသဖြင့် လှည့်ကြည့်ရပြန်၏။

ကံဆိုးထောက်မစွာ ကိုကျော်သီဟ မဟုတ်ချေ။ ခရမ်းချဉ်သီးတောင်း ထမ်းလာသူတစ်ဦး လဲကျခြင်းဖြစ်၏။ တောင်းထဲမှ ထွက်ကျသော ခရမ်းချဉ်သီးများကို ကူကောက်ပေးရင်း ကိုကျော်သီဟနှင့် တောင့်တင်းခိုင်မာသော မိန်းမကြီးတစ်ဦးတို့ နဖူးချင်းဆောင့်မိကြသည်။

ကိုကျော်သီဟက ကျီးကန်းမဟုတ်ပါဘဲ 'အား'ဟု အော်လေသည်။ ရည်ညွှန်းလည်း ဈေးထဲသို့ ဟိုချိုးသည်ကွေ့နှင့် လျှောက်သွားနေလိုက်သည်။ လေးဆယ့်ငါးမိနစ်ခန့်ကြာမှ ဈေးပြင်သို့ ပြန်ထွက်လိုက်၏။

ငှက်ပျောသီးဆိုင်တစ်ဆိုင်ဘေးမှ ကပ်အထွက်...

''ဟော...''

"အဲ..."

သူ့ကို စိုးရိမ်တကြီး လိုက်ရှာနေဟန်တူသော ကိုကျော်သီဟနှင့် ပက်ပင်းတိုးလေသည်။ နှစ်ယောက်လုံး လန့်ဖျပ်သွားကြ၏။ ရည်ညွှန်းက...

"ဩော်...ကိုကျော်သီဟကိုး"

"အဟဲ ဟုတ်ကဲ့"

"မတွေ့ရတာတောင်ကြာပြီနော်"

"အင်း...အဟဲ ဟုတ်ကဲ့ ဟမ်"

"ကျွန်တော့်ကို လိုက်ရှာနေတာလား"

"ဟုတ်...အဲ မဟုတ်ပါဘူး"

"တွေ့ရော တွေ့လား"

"အခုမှတွေ့...အဲ...ယောင်လို့"

"ဒါဖြင့် ကျွန်တော် သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"နောက်က လိုက်ခဲ့မယ် မဟုတ်လား"

"ဟုတ်...အဲ မဟုတ်"

ရည်ညွှန်း ချာခနဲ လှည့်ထွက်ခဲ့သည်။

ကိုကျော်သီဟက နဖူးကိုပွတ်ရင်း အူကြောင်ကြောင်နှင့် နောက်မှ လှမ်းကြည့်နေမှာ သေချာသည်။

ရည်ညွှန်းက ပုံမှန်ခြေလှမ်းနှင့်ပင် ဆက်လျှောက်နေလိုက်သည်။ ဘယ်ကိုမှသွားခြင်းမဟုတ်။ ဤမြို့၏ မရောက်ဖူးသော နေရာများသို့ လျှောက်သွားလေ့လာနေခြင်းသာဖြစ်၏။ နောက်မှ လိုက်လာနေသော ကိုကျော်သီဟကတော့ အတော်ပျင်းရှာမည်။

လျှောက်ရင်းလျှောက်ရင်းနှင့် ကိုကျော်သီဟကို သူ မေ့သွားသည်။ လမ်းဆုံညောင်ပင်အောက်မှ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"အစ်ကို ဘာစားမလဲ"

"ပဲကြော်နဲ့တစ်ပွဲ"





"ငရုတ်သီးထည့်ဦးမလား"

"ထည့် စပ်စပ်ကလေး"

ဘေးဝိုင်းမှ ကောင်မလေးများက စားရင်းသောက်ရင်း စကားတွေ ညံအောင်ပြောနေကြသည်။ အတော်ပင် နားညည်းလေသည်။ ကိုယ့်မုန့်ဟင်းခါးကိုယ် မြန်မြန်ကုန်အောင်စားဖို့သာ ကြိုးစားရတော့သည်။

"အစ်ကို ဘာစားမလဲ"

"ပဲကြော်နဲ့ တစ်ပွဲ"

"ငရုတ်သီးထည့်ဦးမလား"

"ထည့် စပ်စပ်ကလေး"

ကိုကျော်သီဟမှန်းသိလျက်နှင့် လှည့်ကြည့်မိသေးသည်။ ပြီးမှ နောင်တရ၏။ ထုံးစံအတိုင်းကြည့်၍လည်း မကောင်းချေ။ ခုဆိုလျှင် ရည်ညွှန်း၏ ဝိုင်းက အလယ်ရောက်နေသည်။ ကိုကျော်သီဟက တစ်ဖက်၊ စကားကို အလွတ်မပြောဘဲ အကြော်ထည့်ထည့်၍ ပြောတတ်သော ကောင်မလေးများကတစ်ဖက်။ မနေတတ်လျှင် အနေကြပ်စရာကြီးဖြစ်နေသည်။

"နင်တို့ ဆံပင်ကို ဘာနဲ့လျှော်လဲ"

"ရှန်ပိုနဲ့ သုံးတာပေါ့ဟဲ့"

"ဘာရှန်ပိုလဲ"

"ငါတို့ ပါပါး ရန်ကုန်က ပို့လိုက်တာ"

"ဘာလဲ၊ တရော်ကင်ပွန်းလား"

"ရှန်ပိုပါဆိုမှ တရော်ကင်ပွန်းဖြစ်ရမှာလားဟဲ့"

ပေါက်ပေါက်ဖောက်တာနှင့်တော့ မတူချေ။ ဝါးသေနတ်ကို တဒက်ဒက်ဆွဲပစ်နေတာနှင့်တော့ တူသည်။ ကောင်မလေးတွေက လျှာလက်မလည်အောင်ကို စကားပြောနိုင်ကြသည်။

"ငါ့ဆံပင် ဘယ်လောက်လှတယ်ဆိုတာ နင်တို့တွေ့တဲ့အတိုင်းပဲ"

ကိုယ်တောင် လှည့်ကြည့်ရမလိုဖြစ်နေသည်။ သူ့ဆံပင်၏ အလှကို ကိုယ်ကတော့ မတွေ့မိကြောင်း ရိုက်စစ်မည့်သူရှိလျှင် ဝန်ခံချင်

သည်။

ဤအတိုင်းသက်သက်တော့ ဘာမှမပြောလိုပါ။ အားနာပါသည်လေ။

''အေးဟယ်၊ ငါ့ဆံပင်ကလည်း အရှည်ကြီး၊ ခု ငါ ဖြတ်ပစ်မလို့''

''ဟဲ့ ဘာလို့ဖြတ်မှာလဲ''

''မဖြတ်လို့ ဒီဆံပင်အရှည်ကြီးက ဘယ်လိုလုပ်မတုန်း''

နားကြားပြင်းကပ်သဖြင့် ရည်ညွန်းက မုန့်ဟင်းခါးဟင်းရည်သောက်နေရင်း လှည့်မကြည့်ဘဲ အသံပေးလိုက်သည်။

''ဦးထုပ်အရှည်ကြီးဆောင်း ဦးထုပ်အရှည်ကြီးဆောင်း''

ကောင်မလေးတွေ ကြောင်တက်တက်ဖြစ်သွားပြီးမှ ဖျတ်ခနဲ လှည့်ကြည့်ကြ၏။ သို့သော် ရည်ညွန်းက မုန့်ဟင်းခါးဟင်းရည်ကို လေးနက်ခိုင်ကျည်စွာ ငုံ့သောက်နေပြီဖြစ်၏။

ကိုကျော်သီဟက ထိုကောင်မလေးများကို လမ်းကြုံ၍ လှမ်းငမ်းနေချိန်ဖြစ်သည်။ ထိုကောင်မလေးများနှင့် ကိုကျော်သီဟတို့ မျက်လုံးချင်း ဆုံသွားကြသည်။ ကောင်မလေးတွေ ပွစိပွစိနှင့် မျက်နှာလွှဲသွား၏။

''ဟင်း...လူကြီးက''

''အေးလေ၊ အသက်ကဖြင့် ဖင်ဆောင့်နေပြီ''

''နဖူးကြီးကလည်း ယောင်နေသေးတယ်''

''အေးလေ၊ မျက်မှန်ကြီးနဲ့''

ဘာသံမှ ထွက်မလာသော်လည်း ကိုကျော်သီဟ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

ရည်ညွန်းကို ဘုကြည့်ကြည့်သည်။ ရည်ညွန်းကတော့ သူ့လိုမျိုး နဖူးမှာ ဘုမရှိ။ ထို့ကြောင့် ဘုကြည့်ပြန်မကြည့်နိုင်ချေ။

ကောင်မလေးတွေကလည်း အလကားရသော လေကို ခုထက်ထိ မလျှော့ကြသေး။

''ဒီဆံပင်ကြီးကို ငါ ဖြတ်ပစ်ရမှာပါပဲဟာ''





''အင်းလေ၊ ပြောမရရင်လည်း ဖြတ်ပေါ့''

''အေးဟာ၊ နင်တို့လည်း အကြံပေးကြပါဦး၊ ဖြတ်ပစ်ရင် ဘယ်လိုဖြစ်သွားနိုင်သလဲ''

''ဟဲ့...ငါတို့က ဘာအကြံပေးရမှာလဲ''

''နင်တို့ အမြင်ကို ပြောကြပါဦး၊ ဖြတ်ပစ်ရင် ဘယ်လိုဖြစ်သွားမလဲ''

ရည်ညွန်းက ရေနွေးပူပူကို မှုတ်သောက်ရင်း...

''တိုသွားလိမ့်မယ်၊ တိုသွားလိမ့်မယ်''

ကောင်မလေးတွေက ဆတ်ခနဲ လှည့်ကြည့်ကြ၏။ အမှတ်ရှိပုံမရသော ကိုကျော်သီဟနှင့် မျက်လုံးချင်းဆုံကြပြန်သည်။ ရည်ညွန်းကလည်း ရေနွေးပန်းကန်ကို ကောက်ကိုင်ရင်း မသိမသာ ကိုကျော်သီဟကို လက်မနှင့် ထိုးထိုးပြလိုက်၏။

ကောင်မလေးတွေ၏ ဒေါသက ကိုကျော်သီဟအပေါ် ပြုံကျသွားသည်။

''ဟိုလူကြီး ဘယ်လိုဖြစ်နေတာလဲ''

ကိုကျော်သီဟက မျက်လုံးပေကလပ် ပေကလပ်ဖြင့်...

''ဗျာ''

''ရှင့်ကို ပြောနေတာ''

''ကျွန်တော့်ကို ဟုတ်လား''

''ရှင် ဘာအခုမှ အူကြောင်ကြောင် လုပ်နေတာလဲ''

''ဟာ...ဟင့်အင်း၊ မလုပ် မဟုတ်''

ထိုအချိန်မှာပဲ ရည်ညွန်းက ပိုက်ဆံရှင်းပြီး ထထွက်ခဲ့သည်။ သူတို့တွေ ဘာဆက်ဖြစ်ကြမှန်း မသိတော့။

ဟိုငေး သည်ငေးနှင့် လျှောက်သွားရင်း ကိုကျော်သီဟကို ဒုတိယမွိမေ့သွားပြန်သည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဝင်၍ နွားနို့တစ်ခွက်ပင်သောက်လိုက်သေးသည်။

ပြီး လွယ်အိတ်ကို စလွယ်သိုင်းပြီး စိတ်အေးလက်အေးဆက်အသွား...

''အိုး...''

မုန့်ဟင်းခါးရေတ်သီးစပ်စပ်က တန်ခိုးပြပြီထင်သည်။ အိမ်သာကို မရှက်မကြောက်မေးမြန်းပြီး အရောက်ပြေးရသည်။ အိမ်သာထဲမှာ ကိုယ့်ကိုယ်ကို ပေါ့ပါးအောင်ပြုလုပ်ပြီး ပြန်ထွက်ရန်အပြင်...

''ဟေ...အထဲက မပြီးသေးဘူးလား၊ မြန်မြန်လုပ်ပါ''

''ဟင်''

မှတ်မိလိုက်၏။ ထုံးစံအတိုင်း ကိုကျော်သီဟပင်ဖြစ်သည်။ သူက လည်း ကိုယ့်လိုပဲ ဧရတ်သီးစပ်စပ် မုန့်ဟင်းခါးကို စားခဲ့သည်ကိုး။

လွယ်အိတ်ထဲကို အသည်းအသန်ယက်နိုက်ပြီး ရှာဖွေကြည့် တော့ ပန်းချီဆွဲသော ဆေးတောင့်တစ်တောင့်ကို ရ၏။

အိမ်သာနံရံမှာ သင့်တော်မည့်စာကို ရေးခြစ်လိုက်သည်။

**ကျော်သွားခြင်း၊ လိုရာမရောက်ခြင်း မဖြစ်ရ။**

**သီသီလေး စွန်းတင်ခြင်းကိုပင် လက်မခံပါ။**

**ဟ...ဘယ်ကောင့်လက်ချက်လဲ လို့...**

**မမေးရပါစေနှင့်...။**

**မပါတတ်လျှင် ဝင်မပါပါနှင့်။''**

ကျော်သီဟ မပါတတ်လျှင် ဝင်မပါပါနှင့်ဆိုသော စာသားကို ပို၍ ထင်ရှားအောင် ထပ်ရေးလိုက်သည်။ ပြီးမှ အပြင်သို့ ရင်ကော့ပြီး ထွက်လိုက်သည်။

''သြော''

''အဲ...''

''ကိုကျော်သီဟကိုး၊ နေကောင်းတယ်နော်''

ကိုကျော်သီဟ အမ်းတမ်းတမ်း ဖြစ်သွားသည်။

''သြော်...အင်း...ကောင်း...အဲ...မကောင်းဘူး၊ ဝမ်းထဲက အရမ်းနာနေတယ်''

''နဖူးကလည်း နာတယ် မဟုတ်လား''

''အင်း...ဟုတ်ကဲ့...အဲ...မနာပါဘူး''





''ဓာတ်တိုင်များဗျာ ဝင်တိုက်ရတယ်လို့''

ပြောပြောဆိုဆိုနှင့် ရည်ညွှန်း လှည့်ထွက်ခဲ့သည်။ ကိုကျော်သီဟ လည်း အိမ်သာထဲကို အငမ်းမရပြေးဝင်ပြီး တံခါးကို ဒိုင်းခနဲ ပိတ်လိုက်၏။

နောက်ပိုင်းလမ်းတောက်လျှောက်မှာ ရည်ညွှန်းလည်း အနှောင့် အယှက် အတော်ကင်းသွားလေသည်။

ကိုကျော်သီဟ ပါမလာသဖြင့် စိတ်ထဲမှာ ဟာတာတာကြီးပင် ဖြစ်နေသေးသည်။ တစ်နေကုန်လျှောက်လည်ပြီး နေစောင်းမှ အိမ်ကို ပြန်ဝင်ဖြစ်သည်။

အိမ်ဝရောက်ရောက်ချင်း ကိုဝင်းအောင်က အထဲမှ လှမ်းအော် သည်။

''ဟေ့ကောင်၊ တစ်နေကုန် လျှောက်လည်နေတာကိုး၊ ဒီမှာ ဧည့်သည်ရောက်နေတယ်''

''ဘယ်သူတုန်းဗျ''

အိမ်ထဲဝင်သွားလိုက်တော့ သူ့ကို ခပ်ပြုံးပြုံးကြည့်နေသော ကိုဝင်းကျော်ကို တွေ့ရသည်။

''ကိုဝင်းကျော် ဘယ်လိုလဲ အဆင်ပြေလား''

''ပြေတယ် ကိုရည်ညွှန်း၊ အကုန်လုံး ခင်ဗျား တွက်ထားတဲ့ အတိုင်းချည်းပဲ''

လွယ်အိတ်ကို စားပွဲပေါ်တင်လိုက်ပြီး ကိုဝင်းကျော်ဘေးတွင် ဝင်ထိုင်လိုက်၏။

''အင်း...ပြောပြစမ်းပါဦးဗျ''

''ခင်ဗျားပြောတဲ့အတိုင်းပဲ၊ ကိုကျော်သီဟက ခင်ဗျားကို မဲနေတဲ့ အချိန်မှာ ဖိုးဝနဲ့ ဖိုးပြုံးချိုတို့ စာရင်းရှင်းကြမယ်ဆိုတာ ဟုတ်တယ်ဗျ''

''ခင်ဗျားရဲ့ စာကြည့်တိုက်မှာပဲ မဟုတ်လား''

''အေး၊ အဲဒါလဲ ဟုတ်တယ်ဗျ''

''သူတို့နှစ်ယောက် ရောက်လာကြတယ်ပေါ့''

''ရောက်လာတယ်လေ၊ ခင်ဗျားပြောထားတဲ့ အတိုင်းပဲ၊ ကျွန်တော်ကလည်း အိပ်ချင်ယောင်ဆောင်နေလိုက်တယ်၊ ကျွန်တော်

အိပ်ပြီအထင်နဲ့ သူတို့တွေ စာရင်းရှင်းကြပါလေရော''

ကိုဝင်းအောင်က စွပ်ကျယ်လက်ပြတ်နှင့်၊ ကျောကို ကုတ်တံနှင့် ကုတ်ရင်း...

''ဘာတွေဖြစ်နေကြတာတုန်း''

ကိုဝင်းကျော်က တဟီးဟီးရယ်ကာ...

''နေဦး ကိုဝင်းအောင်၊ ဒါတွေက ခင်ဗျားမသိဘူး''

ပြီး ရည်ညွန်းဘက်သို့ ပြန်လှည့်ကာ ပြော၏။

''ဖိုးဝက စ,ပြောတာဗျ။ ချစ်မိုးဆွေနဲ့ သူနဲ့ စ,ရင်းနှီးတဲ့အနေအထား''

''တယ်လီဖုန်းကတစ်ဆင့် မဟုတ်လား''

ကိုဝင်းကျော် မျက်လုံးပြူးသွား၏။

''ဟင်...ခင်ဗျားက သိနေတာကိုး''

''အင်း...ဆက်ပြောပါဦး''

''နောက် ချစ်မိုးဆွေနဲ့ သူနဲ့ အဆက်အသွယ်ပြတ်သွားရပုံ၊ ဒီမြို့ကို သူလိုက်လာပုံ၊ အဲဒါတွေကို ပြောပြတယ်။ စိတ်ဝင်စားဖို့ကောင်းတယ်ဗျ။ သူလည်း ပြောပြီးရော ဖိုးပြုံးချိုက ဆက်ပြောပါလေရော၊ အဲဒီမှာ ထူးခြားတာက...''

ရည်ညွန်းက ဖြတ်ဝင်ပြောလိုက်သည်။

''တစ်ယောက်နဲ့တစ်ယောက် အဖြစ်ချင်းထပ်ရက်တူနေတယ် မဟုတ်လား''

''အေးဗျာ၊ ဟုတ်တယ်၊ အရမ်းအံ့သြဖို့ကောင်းတာပဲ၊ နေပါဦး၊ ခင်ဗျားက ဘယ်လိုလုပ်သိနေတာလဲ''

ကိုဝင်းကျော်၏ အမေးကို ပြန်မဖြေဖြစ်ဘဲ သိုသိုသိပ်သိပ် ပြုံးနေမိသည်။ ဘာမှ နားလည်ပုံမရသော ကိုဝင်းအောင်က ''ကိုယ့်ကိုလည်း အသိပေးကြဦးလေ''ဟု ဝင်ပြောလေသည်။





(၁၃)

နောက်ရက်များမှာလည်း ကိုကျော်သီဟက ရည်ညွန်း၏ နောက်သို့ ကြိုလျှင်ကြိုသလို နောက်ယောင်ခံလိုက်မြဲဖြစ်သည်။ အမြဲတမ်းတော့ မဟုတ်ချေ။

ဒီနေ့မနက်မှာတော့ ရည်ညွန်း အိမ်မှ အစောကြီး ထွက်လာခဲ့သည်။ နံနက်ခင်းက မြူနှင်းတွေပင် မကွဲသေး။ လတ်ဆတ်သော ညဉ့်သိပ်လေများကို အားပါးတရ ရှူရှိုက်ရင်း လန်းဆန်းနေမိသည်။

လမ်းပေါ်တွင် လူသူကျဲပါးနေသေး၏။ ကိုယ်သွားလိုရာကို စုံစမ်းလို့ သိပ်မရ။ အတော်ပင် ခက်ခက်ခဲခဲ ရှာဖွေမေးမြန်းပြီး သွားရသည်။

''ဟိုထောင့်ကအိမ်၊ ဟိုထောင့်ကအိမ်''

အကြော်သည်က လက်ညှိုးညွှန်ပြ၏။ ရည်ညွန်းက ကျေးဇူးတင်စွာ ပြန်ပြုံးပြလိုက်ရင်း...

''သူ ရှိမယ်ထင်ပါတယ်နော်''

''ရှိမှာပေါ့၊ နိုးသေးပုံတောင်မပေါ်သေးဘူး''

''ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျေးဇူးပါပဲဗျာ''

အားမနာပါးမနာ သူများအိမ်တံခါးကို စောစောစီးစီး သွားထုရပါတော့သည်။

''ဗျို့ အိမ်ရှင်တို့၊ အိမ်ရှင်တို့''

''ဘယ်သူလဲ လာပြီ''

အိမ်တွင်းမှ အိပ်မှုန်စုံမွှား ပြန်ထူးသံနှင့်အတူ တံခါးကို ဆွဲဖွင့်ပြီး ကိုကျော်သီဟ အပြင်ထွက်လာသည်။ ရည်ညွှန်းကိုတွေ့တော့ သူ့နိုးကလာ အန္တိုးခံရသော မီးကင်းသမားလို မျက်နှာအိုအိုကြီးဖြစ်သွားသည်။

"အဟဲ...ကိုကျော်သီဟ"

ရည်ညွှန်းက သွားဖြီးပြလိုက်သည်။ ကိုကျော်သီဟက မျက်လုံးကို ပွတ်သပ်ရင်း...

"ဆို ဘာကိစ္စတုန်းဗျ"

"ကျွန်တော် ချစ်မိုးဆွေဆီ သွားမလို့ဗျ"

"ဟင်..."

"ခင်ဗျား နောက်ကလိုက်ခဲ့မှာ မဟုတ်လား၊ တော်ကြာ လွတ်သွားမှာစိုးလို့၊ ကျွန်တော် လာအသိပေးတာ"

ကိုကျော်သီဟ ဘာမှ ပြန်မပြောဘဲ သူ့ကို တွေတွေကြီး ကြည့်နေသည်။

"ကျွန်တော် အရင်သွားနှင့်မယ်နော်၊ မျက်နှာလေး ဘာလေး သစ်ပြီး ခင်ဗျား လိုက်ခဲ့ပေါ့"

စကားအဆုံးမှာ ရင်ကော့ပြီး လှည့်ထွက်ခဲ့သည်။ ကိုကျော်သီဟ အောင့်သက်သက်တော့ ဖြစ်ပေလိမ့်မည်။ သို့သော် နောက်က လိုက်ခဲ့မှာတော့ သေချာသည်။ မျက်နှာတောင် ဖြောင့်အောင်သစ်နိုင်ပါ့မည်လား မသိ။

ချစ်မိုးဆွေကလေးဆီ ရည်ညွှန်းက သွားမည်ဆိုတော့ သူ့အတွက် သဲထိတ်ရင်ဖိုဖြစ်စရာပေါ့။

ရည်ညွှန်း၏ တွက်ကိန်းမှန်သည်။ အတော်လေးလျှောက်ပြီး လှည့်ကြည့်တော့ ကိုကျော်သီဟက နောက်ဘက်မလှမ်းမကမ်းတွင် ပါလာသည်။ သူ့ကို နောက်ယောင်ခံလိုက်သည့်အခါတိုင်း ကိုကျော်သီဟက စက်ဘီးယူမလာတတ်။ သူက ဟိုချောင်ဝင် ဒီချောင်ဝင် လျှောက်သွားတတ်သဖြင့် စက်ဘီးနှင့်လိုက်၍ မသင့်တော်နိုင်မှန်း စာရေးကြီး ကိုကျော်သီဟက နားလည်သည်။

ယခု ရည်ညွှန်း၏ နောက်ခပ်လှမ်းလှမ်းမှ နောက်ယောင်ခံ





လိုက်လာသည်။ ဘယ်ကိုသွားမည်မှန်း သိပါလျက်နှင့် နောက်ယောင်ခံလိုက်နေသည်မှာ ရယ်ရသည်။ သူ့အတွက်လည်း အတော်ကို့ရိုးကားရားနိုင်သော ကိစ္စဖြစ်လေသည်။

ချစ်မိုးဆွေတို့ အိမ်ရှေ့သို့အရောက်...

"ဗျို့ အိမ်ရှင်တို့၊ အိမ်ရှင်တို့"

ချစ်မိုးဆွေတို့အိမ်က ပွဲရုံနှင့်ကပ်လျက်ဖြစ်သည်။ ပွဲရုံက ဖွင့်စပြုပြီဖြစ်သော်လည်း အိမ်က တံခါးမဖွင့်သေး။

"ဗျို့ အိမ်ရှင်တို့၊ အိမ်ရှင်တို့"

"ဘယ်သူလဲ"

အထဲမှ အသံက ချစ်မိုးဆွေ၏ အသံဖြစ်ကြောင်း ရည်ညွှန်း မှတ်မိလိုက်သည်။ ထိုအချိန်မှာပဲ ကိုကျော်သီဟက ရည်ညွှန်း၏ နောက်သို့ ရောက်လာပြီဖြစ်သည်။

ထို့ကြောင့် ရည်ညွှန်းက...

"အစ်ကိုကြီးပါ၊ ကိုကျော်သီဟပါ"

ကိုကျော်သီဟက သူ့ကို နောက်မှ ပခုံးလှမ်းတွန်းပြီး...

"ဟေ့လူ၊ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ"

ပြီး တဆက်တည်း အိမ်ထဲသို့ လှမ်းအော်လိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ရည်ညွှန်းကလည်း...

"ဟုတ်တယ်၊ ဟုတ်တယ်"

"ဟေ့...မဟုတ်ဘူး၊ မိုးဆွေလေး"

"ဟေ့ ဟုတ်တယ်၊ မြွေဆိုးကြီး"

အိမ်ထဲမှ...

"ဘာတွေလဲ၊ ဘာတွေလဲ"ဟူသော အော်သံနှင့်အတူ တံခါးဖွင့်သံကြားရ၏။ တံခါးက တော်တော်နှင့်ပွင့်မလာ။ အတန်ကြာမှ ချစ်မိုးဆွေ ထွက်လာသည်။

သူတို့နှစ်ယောက်ကို တွေ့တော့ မျက်မှောင်ကြုတ်ကြည့်ပြီး...

"ဘာတွေဖြစ်နေကြတာလဲ"

ရည်ညွှန်းက ကိုကျော်သီဟကို မေးငေါ့ပြပြီး...

''သူပေါ့ဗျာ''

ကိုကျော်သီဟ...

''ဘာ...သူပေါ့လဲ''

ချစ်မိုးဆွေကလည်း...

''ကိုကျော်သီဟက ဘာဖြစ်လို့တုန်း''

''ခင်ဗျားက ကျွန်တော့်ကို တွေ့ချင်တယ်ဆိုလို့ ခေါ်လာတာ''

''ဩော် အဲလိုလား''

''ဟုတ်တယ်''

ကိုကျော်သီဟက ပါးစပ်အဟောင်းသားနှင့် ရည်ညွှန်းကို ကြည့်လိုက်၊ ချစ်မိုးဆွေကိုကြည့်လိုက်ဖြစ်နေသည်။ ချစ်မိုးဆွေက မခိုးမခန့် ပြုံးလိုက်ပြီး...

''ဟုတ်တယ်၊ ကျွန်မ ရှင့်ကို တွေ့ချင်နေတာ''

တဆက်တည်း ကိုကျော်သီဟဘက်လှည့်၍...

''ကျေးဇူးပဲ ကိုကျော်သီဟ''

''ဟင်...အင်း...''

''ရပြီ၊ ကိုကျော်သီဟ သွားလို့ရပြီ''

''ဟင်...''

''တဟင်ဟင်နဲ့ ဘာဖြစ်နေတာလဲ၊ သွားစရာရှိတာ သွားလို့ရပြီ လို့ ပြောတာ''

''ဩော်...အင်း...အင်း''

ကိုကျော်သီဟ မကျေမနပ်ဖြင့် လှည့်ထွက်သွားသည်။ သူ့ခမျာ ဘုမသိ၊ ဘမသိ အိပ်ရာမှထ၍ လိုက်လာရခြင်းဖြစ်သည်။ ရည်ညွှန်းကို လည်း အတော်ဒေါသထွက်ပေလိမ့်မည်။

''ဒီလိုမှန်းသိရင် စက်ဘီးယူလာပါတယ်''

ထိုသို့ ဗျစ်တောက် ဗျစ်တောက်ပြောပြီး ထွက်သွားခြင်းဖြစ်သည်။ ကိုကျော်သီဟ ထွက်သွားပြီးမှ ချစ်မိုးဆွေက ရည်ညွှန်းကို...

''ရှင် ဟိုလက်ဖက်ရည်ဆိုင်ကပဲ စောင့်နေ၊ ကျွန်မ လာခဲ့မယ်''





''ဘယ်တော့ လာမှာလဲ''

''ရေချိုးပြီး လိုက်လာမှာပေါ့''

''ကောင်းပြီ၊ ရေကို အကြာကြီး စိမ်ချိုးမနေနဲ့နော်၊ အအေးတွေ ဘာတွေ မိနေဦးမယ်''

''ရှင့်အပူမပါ ပါဘူး''

''ခင်ဗျားပြောတဲ့ ဟိုလက်ဖက်ရည်ဆိုင်ဆိုတာက မဆွေ ဆိုင်ကို ပြောတာ မဟုတ်လား''

''ဘာ မဆွေဆိုင်လဲ''

''ကျေနပ်ပါတယ်၊ ကျေနပ်ပါတယ်၊ မဆွေဆိုင်လေ''

''ရှင် ကျွန်မကို စောစောစီးစီး အူကြောင်ကြောင်လာမလုပ်နဲ့၊ အဲဒီဆိုင်နာမည်က ဖြူတီရှင့်''

''ဟုတ်ပြီ...ဟုတ်ပြီ၊ ဒါဆိုရင်လည်း အဲဒီ ဖြူတီကနေ ကျွန်တော် စောင့်နေမယ်''

''သွား...သွား...သွားနှင့်''

စကားအဆုံးမှာ တံခါးကို ဝုန်းခနဲ ပြန်ပိတ်သည်။ ရည်ညွှန်းက ပခုံးတစ်ချက်တွန့်ပြီး လှည့်ထွက်လာခဲ့သည်။

လက်ဖက်ရည်ဆိုင်ရောက်တော့ ဆိုင်ရှင်လူရွယ်က လှမ်းပြုံးပြ သည်။

''တစ်ယောက်တည်းပဲလား''

''နှစ်ယောက်ဗျ၊ တစ်ယောက်တကွဲစီ လာကြလို့''

''ဘယ်သူနဲ့တုန်း၊ ကိုဝင်းကျော်နဲ့လား''

''ထပ်သရီး၊ ဘယ်ကလာ ကိုဝင်းကျော်နဲ့ ရမှာတုန်း၊ မဆွေနဲ့ ဗျ မဆွေနဲ့''

ဆိုင်ရှင်လူရွယ်က အံ့ဩသလို မျက်ခုံးပင့်ပြ၏။ ပြီး Whiteboard ဆီသို့ မျက်လုံးရောက်သွားသည်။ Whiteboard ပေါ်မှာက...

**''မိတ်ဆွေ...**

**ကိုယ့်အကြောင်းကိုယ်သိပါ''**

ရည်ညွှန်း လက်ဖက်ရည်သောက် မုန့်စား၍ ပြီးကာမှ ချစ်မိုးဆွေ

က ထုံးစံအတိုင်း တီရှပ်အပေါက်ကြီးတစ်ထည်ကို ဝတ်ပြီး ရောက်လာသည်။ ရည်ညွန်း၏ စားပွဲမှာ ဝင်ထိုင်သည်။

"ဘာသောက်မလဲ"

"မှာစရာမလိုဘူး၊ စားပွဲထိုးသိတယ်"

စားပွဲထိုးလေးက ကော်ဖီခါးခါးတစ်ခွက် လာချပေး၏။ ရည်ညွန်းက မုန့်ပန်းကန်ကို လက်ညှိုးညွှန်ပြပြီး. . .

"စားချင်ရင် တစ်ခုယူစားလေ"

"အောင်မာ"

ချစ်မိုးဆွေ ကော်ဖီပင် နင်မတတ်ဖြစ်သွားသည်။

"စားချင်ရင် တစ်ဆိုင်လုံး ဝယ်စားလို့ရတယ် သိရဲ့လား။ ရှင့်ကိုတောင် ဝယ်လို့ရတယ်"

"မဟုတ်ပါဘူးဗျာ၊ စားပါ. . .စားပါ နှစ်ခုစားချင်စား"

"ဟင်. . .ရှင် မလျှော့သေးဘူးလား"

"တိုးတိုး. . .တိုးတိုး. . .ကောင်တာကလူက ခင်ဗျားကို ကြည့်ပြီး လန့်နေပြန်ပြီ"

"ဟင်"

ချစ်မိုးဆွေက ဒေါသကို ထိန်းလိုက်ဟန်နှင့်. . .

"ကဲ. . .ပြော"

"ဘာပြောရမှာတုန်း"

"ရှင်. . .ကျွန်မကို ဘာပြောစရာရှိသတုန်း"

"မဟုတ်ပါဘူး၊ ကျွန်တော်က ခင်ဗျားပြောတာ နားထောင်ဖို့လာတာ"

"ရှင့်မှာလည်း ကိစ္စတစ်ခုခုတော့ ပါလာမှာပါ"

"ခင်ဗျား ပြောပြီးမှ ကျွန်တော် ပြောမယ်လေ"

ချစ်မိုးဆွေ တွေခနဲ ဖြစ်သွားသည်။ အတန်ကြာမှ. . .

"ဒီမယ်"

"အင်း. . .ပြော"

"ရှင့်ကို ကျွန်မ စတွေ့ကတည်းက မသင်္ကာဘူး"





"ဗျာ. . .ဘာဖြစ်လို့. . ."

"ရှင်ဟာ တစ်ခုခုကို လျှို့ဝှက်ထားတယ်လို့ ကျွန်မ ထင်တယ်"

"ဟုတ်လား"

"အဲဒီလျှို့ဝှက်ချက်ကလည်း ကျွန်မနဲ့ ပတ်သက်နေမယ်လို့ ခံစားရတယ်"

"ဩော်. . ."

"အဲဒါ ရှင် ဟုတ်တယ် မဟုတ်လား"

"အဲဒါကို မနက်ဖြန်ကျမှ တစ်ဝက်ပြောပြမယ်ဗျာ၊ အခု ဘာမှ မပြောသေးဘူး"

"အခုမပြောဘူး၊ နက်ဖြန်ကျမှ ပြောမယ် ဟုတ်လား"

"ဟုတ်တယ်"

"နက်ဖြန်ကျရင်တောင်မှ အကုန်မပြောဘူး၊ တစ်ဝက်ပဲပြောမယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"သူ့အတိုင်းအထွာနဲ့ သူလုပ်ရတဲ့ သဘောပေါ့ဗျာ၊ တိုင်းရင်းသားစကားပုံတစ်ခုရှိတယ်။ 'ပူဖောင်းဆိုတာကြီးလွန်းရင် ပေါက်တယ်'တဲ့။ ကျွန်တော်က ပူဖောင်းကို အနေတော်မှုတ်နေရတဲ့ သဘောပေါ့"

"နေပါဦး၊ ကျွန်မ မေးပါဦးမယ်"

"မေးပါဗျာ"

"ရှင်နဲ့ ကိုနေမျိုးတို့ ကိုချမ်းအေးတို့ အတူတူပဲလား၊ တစ်အုပ်စုတည်းလား"

"မဟုတ်ရပါဘူးဗျာ"

"ရှင့်ကြည့်ရတာ ဒီကိစ္စတွေကို အတော်သိထားပုံရတယ်"

"ဟုတ်တယ်"

"ဘယ်လိုလုပ်သိတာလဲ"

"အဲဒါကို ခု မပြောသေးဘူး"

"နက်ဖြန်ကျရင် ပြောမှာလား"

''နက်ဖြန်ပြောမယ့် အထဲမှာလည်း အဲဒါ မပါသေးဘူး''

ချစ်မိုးဆွေက သက်ပြင်းချ၏။

''ကိုနေမျိုးတို့ ကိုချမ်းအေးတို့ကရော ဒီအကြောင်းတွေ ရှင် သိထားမှန်း ရိပ်မိလား''

''ရိပ်မိပုံတော့ မပေါ်သေးဘူး၊ ဒါပေမယ့် သူတို့ စိတ်ထဲမှာလည်း သို့လော သို့လော ဖြစ်နေပုံရတယ်''

''ကောင်းပြီလေ၊ နက်ဖြန် ရှင်က ဘယ်လိုပြောမှာလဲ၊ ဘယ်မှာ ဆုံကြမှာလဲ''

''ဒီဆိုင်ကိုပဲ၊ ဒီအချိန်လာခဲ့လေ''

''အင်း...ဟုတ်ပြီ၊ လာခဲ့မယ်၊ ကဲ...ကျွန်မ ပြောလို့ပြီးပြီ၊ ရှင် ပြောချင်တဲ့ ကိစ္စကို ပြော...ရပြီ''

ရည်ညွှန်းက ခပ်ဟဟရယ်လိုက်ပြီး...

''ပြီးပြီလေ၊ ကျွန်တော် ပြောဖို့ဆိုတာက ဒါပဲ၊ နက်ဖြန်ချိန်းဖို့ ကိစ္စကို လာပြောတာ''

ချစ်မိုးဆွေက ဘာမှမပြောဘဲ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ရည်ညွှန်းက...

''ကဲ...ကျွန်တော် သွားတော့မယ်''

ထိုင်ရာကထပြီး ကောင်တာမှာ ငွေရှင်းမည်ပြုတော့ ချစ်မိုးဆွေက လှမ်းပြောသည်။

''နေပါ၊ ကျွန်မ ရှင်းလိုက်ပါ့မယ်''

''ခင်ဗျားအတွက်က ခင်ဗျား ရှင်းလိုက်လေ၊ ခု ကျွန်တော့် အတွက် ကျွန်တော် ရှင်းတာ''

ချစ်မိုးဆွေ၏ မျက်နှာသုန်မှုန်သွားသည်။

''ပြီးရော ပြီးရော''

လက်ဖက်ရည်ဆိုင်ထဲက ထွက်လာပြီးတော့ ရည်ညွှန်း ဘယ်သွားရမည်မှန်းမသိဖြစ်နေသည်။ နောက်မှ နတ်ကွန်းဘက်ဆီကို ဦးတည်၍ လျှောက်လိုက်သည်။

စာကြည့်တိုက်မှာ စာသွားရေးရန်လည်း မဖြစ်သေးချေ။ နေမျိုး





နှင့် ချမ်းအေး (သို့မဟုတ်) ဖိုးဝနှင့် ဖိုးပြုံးချိုတို့ ရောက်နေနိုင်သည်။ သူတို့ထံ ကိုဝင်းကျော်မှ တစ်ဆင့်စကား ပါးခိုင်းထားတာရှိသည်။

လောလောဆယ်မှာတော့ မတွေ့ချင်သေး။ ညနေစောင်းမှ အိမ်ပြန်ရောက်သည်။

''ဟော့ကောင် ရည်ညွှန်း၊ ဘာတွေလျှောက်လည်နေတာလဲ၊ ငါ ပြန်ရောက်တာတောင် မင်းမသိဘူး''

''ဟာ...ဦးလေး''

ကိုဝင်းအောင်၏ ဦးလေး ရွာမှ ပြန်ရောက်လာခြင်းဖြစ်သည်။

''ဘယ်တုန်းက ပြန်ရောက်တာလဲ ဦးလေးရဲ့''

''နေ့ခင်းကပဲ၊ နေပါဦး မင်း ဘာတွေ အကြံအဖန်လုပ်နေ သလဲ ဟော့ကောင်''

''ဘာလုပ်လို့လဲ ဦးလေးရ''

''ဟားဟား...ငါသိတန်သလောက် သိနေပါပြီကွာ၊ အထဲမှာ ဝင်းကျော်ရောက်နေတယ်။ မင်းကို စောင့်နေတာ''

အိမ်ရှေ့ညှေ့ခန်းမှာ ကိုဝင်းအောင်နှင့် ကိုဝင်းကျော်တို့ စကား ထိုင်ပြောနေကြသည်။ ရည်ညွှန်းက သူတို့အနီးမှာ ဝင်ထိုင်လိုက်ရင်း...

''ဘယ်လိုလဲ ကိုဝင်းကျော်၊ အဆင်ပြေလား''

''ပြေပါတယ်၊ သူတို့နှစ်ယောက်ကလည်း အတော်စိတ်ဝင်စား နေကြတယ်ဗျ။ ခင်ဗျားအကြောင်းတွေတောင် ကျွန်တော့်ကို ဝိုင်းမေးနေကြ သေးတယ်၊ ဘာမှ မပြောလိုက်ပါဘူး''

''ချိန်းကော ချိန်းလိုက်သေးလား''

''ချိန်းလိုက်တာပေါ့၊ နေမျိုးရော ချမ်းအေးရော မနက်ဖြန် အဲဒီလက်ဖက်ရည်ဆိုင်ကို လာခဲ့ကြလိမ့်မယ်''

''အိုကေ''

ရည်ညွှန်းက ခွီခနဲ လေချွန်လိုက်သည်။

''ငါပါ လိုက်ခဲ့မယ်၊ ဒိုင်လုပ်မလို့''ဟု ဦးလေးက ဝင်ပြောနေလ သည်။

(၁၄)

ဦးလေးက အထူးအဆန်းဖြစ်ကာ ရည်ညွှန်းကို သူသိချင်တာတွေ လိုက်မေးနေသည်။

''ဟေ့ကောင် ရည်ညွှန်း၊ ငါ့ကို ပြောပြရမယ်နော်''

ကိုဝင်းအောင်က ပြုံးစိစိ ကိုဝင်းကျော်ကလည်း သူ့ထုံးစံအတိုင်း တဟဲဟဲ။

''ဦးလေးက သိတော့ ဘာလုပ်မလို့လဲ''

''ဟ မင်းတို့ကိစ္စက မိဆွေနဲ့ ပတ်သက်တယ်ဆို...''

''မိဆွေ...၊မိဆွေဆိုတာ ချစ်မိုးဆွေကို ပြောတာလား''

''အေးပေါ့ဟ''

''သူနဲ့ ပတ်သက်တာနဲ့ပဲ ဦးလေးကို ပြောရတော့မှာလား၊ ဦးလေးက သူ့ကို ကြိုက်နေလို့လား''

''ဟာ...ဒီကောင် မဟုတ်တာတွေ လျှောက်မပြောနဲ့''

ဦးလေးက ပျော်ပျော်နေတတ်သည့် လူပျိုကြီးဖြစ်သည်။ ဟိုစပ်စပ် သည်စပ်စပ် အကုန်သိသည်။ နေရာတကာဝင်ဝင်ရှုပ်သည်။ အတူနေသည့်တူဖြစ်သူ ကိုဝင်းအောင်နှင့်လည်း ဦးရာလူက ချောက်ချစတမ်းဆက်ဆံနေထိုင်ကြခြင်းဖြစ်သည်။

''ဒီလိုကွ၊ ရည်ညွှန်း ငါပြောမယ်''

''အင်း...ပြော''





''မိဆွေနဲ့သာ ပတ်သက်ရိုးမှန်ရင် ပြဿနာက သူ့ဆီမှာ မပြီးဘူးကွ''

''ဘယ်သူ့ဆီမှာ ပြီးမှာလဲ''

''သူ့အမေဆီမှာမှပြီးမှာ၊ မှတ်ထား''

''ဩ သူ့အမေကို ဦးလေးက ပိုင်တယ်ပေါ့''

''မပိုင်ပါဘူးကွာ၊ ဒါပေမယ့် ငါ နည်းနည်းပါးပါးတော့ အကြံပေးနိုင်မယ်ထင်တာပဲ...ဟဲဟဲ''

''ဟုတ်ပြီ၊ အဲဒါဆိုရင် ကျွန်တော် ရေဝင်ချိုးလိုက်ဦးမယ်၊ ပြန်ထွက်လာရင် ပြောပြမယ်၊ ကိုဝင်းကျော်လည်း မပြန်နဲ့ဦး''

''မပြန်သေးပါဘူးဗျာ၊ ဟီးဟီး၊ ကျုပ်ကလည်း ခင်ဗျားတို့ဇာတ်လမ်းကို စိတ်ဝင်စားနေတာ''

ကိုဝင်းအောင်က ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း...

''ရည်ညွှန်းဆိုတဲ့ကောင်က တကယ့်ကောင်ပေ့၊ လျှို့ဝှက်သည်းဖိုကောက်ရိုးတွေကို ပွေ့လာတာကိုး''

ရေမိုးချိုးပြီး ပြန်ထွက်လာတော့ သူတို့က အိမ်ရှေ့မှာ ဝိုင်းဖွဲ့နေကြသည်။

''ဦးလေး အဲဒါ ဘာလဲ''

''ရှောက်ပေါင်းအရက်တွေ၊ ရွာက ယူလာတာ''

အမြည်းက လက်ဖက်သုပ်၊ ဆတ်သားခြောက်ဖုတ်၊ မြေပဲကြော်တို့ဖြင့် ဖွယ်ဖွယ်ရာရာဖြစ်နေသည်။

ရည်ညွှန်းက ဦးလေး ငှဲ့ထည့်ပေးသော ရှောက်ပေါင်းအရက်တစ်ခွက်ကို မြည်းစမ်းသောက်ကြည့်ပြီး...

''မဆိုးပါဘူးဗျ၊ ကောင်းသားပဲ''

''အရင်က သောက်ဖူးလား''

''ဟင့်အင်း၊ မသောက်ဖူးဘူး''

''အေး၊ ဖင်ချထိုင်လေကွာ၊ ပြီးမှ မင်းဇာတ်လမ်းကို နားထောင်ကြတာပေါ့''

သောက်ကြစားကြရင်း အရှိန်လေးရလာမှ ကိုဝင်းကျော်က...

"ကိုရည်ညွှန်း..."

"ဗျ"

"ဘာငိုင်နေတာလဲဗျ"

"မဟုတ်ပါဘူးဗျာ၊ အရက်ကကောင်းလို့ပါ"

"အဲဒါ ငိုင်စရာလား"

"ရန်ကုန်က ကျွန်တော့်အယ်ဒီတာတွေကို သတိရလို့ပါဗျာ၊ ကိုတင်ကိုကိုတို့ ကိုမျိုး (မြန်မာစာ)တို့ သူတို့က ဒီလို အရက်ကောင်း ဆိုရင် အရမ်းသောက်ချင်ကြတာ အငတ်တွေဗျ"

ကိုဝင်းကျော်က တဟားဟားရယ်သည်။ ကိုဝင်းအောင်က...

"ဟေ့ကောင် ရည်ညွှန်း"

"ဗျ"

"မင်း ဇာတ်လမ်းက ပြောမယ်ဆို ပြောဖို့အချိန်တန်ပြီ"

"ဟုတ်တယ်၊ စတော့ ဟေ့ကောင် ပြော"

ဦးလေးက ပါဝင်လောဆော်တော့သည်။

"အင်း ဒီလိုဗျ"

"ဟုတ်ပြီ"

"လက်ရှိ ကျွန်တော် လုပ်နေတဲ့ ဂျာနယ်မှာ 'မှော်ဆရာ'အမေး အဖြေကဏ္ဍဆိုတာရှိတယ်"

"အေး သိသားပဲ"

"အဲဒီကဏ္ဍကို တာဝန်ယူဖြေပေးနေတဲ့ ဆရာတစ်ယောက်ရှိ တယ်၊ ဦးဝင်းမြင့်ရှိန်တဲ့၊ တစ်နေ့မှာ သူက သေသွားရော မိန်းမတောင် မယူလိုက်ရဘူးဗျာ၊ မိန်းမယူဖို့ ပိုက်ဆံစုရင်း သေသွားတာ"

"အေး ထားပါတော့၊ အဲဒီတော့..."

"သူ့အမေးအဖြေကဏ္ဍကို ကျွန်တော်က ဝင်ကိုင်ပေးရတယ်။ ကျွန်တော်က မှော်ဆရာဖြစ်သွားတာပေါ့ဗျာ"

"ဟင်...ဒါဆို အဲဒီအမေး အဖြေတွေက ကိုရည်ညွှန်းဖြေတာ ပေါ့"

"အခု နှစ်နှစ်လောက်အတွင်း အမေးအဖြေတွေကတော့





ကျွန်တော် ဖြေတာတွေ..."

ကိုဝင်းကျော်က ပေါင်ကို လက်နဲ့ပုတ်ရင်း...

"ကောင်းတယ်ဗျာ၊ ကြိုက်တယ်၊ ကျွန်တော်က အဲဒီကဏ္ဍကို သဘောကျနေတာ"

"အင်း...အဲဒီကဏ္ဍကို ကျွန်တော် ကိုင်တွယ်ပြီး တစ်နှစ် လောက်ကြာတဲ့အခါမှာ မေးခွန်းတစ်ခုရောက်လာတယ်။ မေးခွန်းက နည်းနည်းထူးခြားတယ်"

"ဘယ်လိုမေးထားလို့လဲ"

အားလုံးက စိတ်ဝင်စားလာကြသည်။

"နေဦးဗျာ၊ အဲဒီစာကို ကိုယ့်ဘာသာကိုယ် ဖတ်လိုက်ကြ၊ လွယ်အိတ်ထဲမှာရှိတယ်၊ ယူပေးမယ်"

ကိုဝင်းအောင်က သူ့အနားရောက်နေသော ရည်ညွှန်း၏ လွယ်အိတ်ကို ဆွဲယူပြီး ကမ်းပေးသည်။ ရည်ညွှန်းက လွယ်အိတ်ထဲမှ စာတစ်စောင်ကို ရှာဖွေနှိုက်ယူပြီး...

"ကဲ...အဲဒီမှာ ဖတ်ကြည့်ကြ"

ဦးလေးက အရင်ဆုံး ဆွဲယူဖတ်သည်။

*"အစ်ကိုကြီး မှော်ဆရာခင်ဗျား"*

*ကျွန်တော်ဟာ အစ်ကိုကြီးရဲ့ အမေးအဖြေကဏ္ဍကို အလွန်နှစ်ခြိုက်သူဖြစ်ပါတယ်။ စွဲစွဲမြဲမြဲလည်း ဖတ်ခဲ့ရပါတယ်။ အဲဒီတုန်းကတော့ ကိုယ်က မေးခွန်းလှမ်းမေးဖို့ ရည်ရွယ်ချက် မရှိပါဘူး။ မေးကြဖြေကြတာတွေကို ဖတ်နေရရင် ပျော်နေတာပါပဲ။*

*အခုတော့ ကျွန်တော့်မှာ မေးရမယ့် မေးခွန်းတစ်ခုရှိလာ ပါပြီ။ ကျွန်တော့်အတွက် အတော်အစဉ်းစားရကြပ်နေတဲ့ ကိစ္စမို့လို့ အစ်ကိုကြီး မှော်ဆရာက ကူညီဖြေရှင်းပေးစေလိုပါတယ်။*

*ပြီးခဲ့တဲ့ သုံးလေးလအတွင်းမှာ ကျွန်တော်ဟာ သူငယ်ချင်း တစ်ယောက်ဆီကို ဖုန်းဆက်ရင်း တခြားအိမ်တစ်အိမ်ကို ဖုန်း နံပါတ် မှားခေါ်မိပါတယ်။ ကောင်မလေးတစ်ယောက်က ဖုန်းလာ*

ကိုင်ပါတယ်။ ကျွန်တော့်ကို ဒီနေ့နောက်ကျပါလား၊ ခုမှ ဖုန်းဆက်ရသလားလို့ မေးပါတယ်။ ကျွန်တော်က ဗျာခနဲဖြစ်သွားချိန်မှာ သူက…

"ကဲ…ဒီနေ့ ပြောပြမယ့် ယုံတမ်းစကားကို ပြောလေ" တဲ့။ ကျွန်တော်လည်း ကောင်မလေးရဲ့ အသံကို စွဲလမ်းသွားပြီး စိတ်ထဲရှိရာ ယုံတမ်းစကားတစ်ခုကို ပြောပြလိုက်ပါတယ်။

"မဆိုးပါဘူး၊ ဒါပေမယ့် နည်းနည်းရိုးသေးတယ်တဲ့။ ကောင်မလေးက အဲဒီလိုပြန်ပြောပြီး တဆက်တည်း နောက်နေ့ကျရင် ဒီထက်ကောင်းတဲ့ ယုံတမ်းစကားကို ပြောပြတဲ့"

အဲလိုပြောပြီး ဖုန်းချသွားပါတော့တယ်။

နောက်နေ့ညမှာ ကျွန်တော် ထပ်ဆက်ဖြစ်ပါတယ်။ အဲဒီလိုနဲ့ ကောင်မလေးကို ယုံတမ်းစကားတွေ ပြောပြောပြရင်း ကျွန်တော် သူ့ကို စိတ်ဝင်တစား စွဲလမ်းလာပါတယ်။ သိသမျှ ယုံတမ်းစကားတွေလည်း အကုန်ကုန်တော့တာပါပဲ။

တွေ့သမျှလူတွေဆီက လိုက်မေးရ၊ ကိုယ့်ဘာသာ ကြံဖန်ပြီး လျှောက်ပြောရ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ပျော်ပါတယ်။ ယုံတမ်းစကား ပြောစရာမရှိတော့လို့ သူ့ဆီ ကျွန်တော် ဖုန်းမဆက်ရဖြစ်မှာကို စိုးတယ်။

တစ်နေ့ညမှာ ထုံးစံအတိုင်း သူ့ဆီကို ကျွန်တော် ဖုန်းခေါ်ပါတယ်။ ဖုန်းကို သူမကိုင်ဘဲ တခြားအမျိုးသမီးကြီးတစ်ယောက်က လာကိုင်ပါတယ်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"တဲ့။

အဲဒီအခါ ကျွန်တော့်မှာ ခက်သွားပါတယ်။ ကောင်မလေးရဲ့ နာမည်ကို ကျွန်တော် မသိလို့ပါပဲ။

"ဟို အဲဒီအိမ်က ယုံတမ်းစကား နားထောင်နေကျ ကောင်မလေးကို ခေါ်ပေးပါဗျာ"

"ဪ သူလား"

"ဟုတ်ပါတယ်"





"အေး…ဝမ်းနည်းစရာပဲကွာ"

"ဗျာ…ဘာဖြစ်လို့လဲ"

"သူက ဆုံးသွားပြီ"

"ဟင်…မနေ့ညကအထိ ကျွန်တော် ဖုန်းဆက်နေသေးတယ်"

"အေး မနက်ကပဲ ဆုံးသွားတာ"

အဲလိုပြောပြီး ဖုန်းချသွားပါတယ်။ မကျေနပ်လို့ နောက်နေ့တွေ ထပ်ဆက်ကြည့်တော့လည်း ဆုံးသွားပြီလို့ပဲ ခပ်ပြတ်ပြတ်ပြောပါတယ်။ ချက်ချင်းပဲ ဖုန်းချချပစ်ပါတယ်။

ကျွန်တော် အတော့်ကို နေမရထိုင်မရဖြစ်မိပါတယ်။ သူတကယ်ဆုံးတာ မဟုတ်ဘူးလို့လည်း ထင်မိပါတယ်။ ကျွန်တော် ဘယ်လိုဆက် လုပ်သင့်တယ်ဆိုတာကို အစ်ကိုကြီး မှော်ဆရာက အကြံပေးစေလိုပါတယ် ခင်ဗျား။

ညီငယ်
မောင်နေမျိုး

ဦးလေးဖတ်ပြီးတော့ ကိုဝင်းကျော်က ယူဖတ်သည်။ ကိုဝင်းအောင်က နောက်ဆုံးမှ ဖတ်၏။

"သူ့အဖြစ်က တစ်မျိုးလေးပဲ"

"အင်းလေ၊ ဘယ်လိုအကြံပေးရမလဲကောင် မသိဘူး၊ ဟေ့ကောင် ရည်ညွှန်း၊ မင်း ဘယ်လိုဖြေရှင်းပေးလိုက်လဲ"

ရည်ညွှန်းက ဆုတ်သားခြောက်တစ်ဖတ်ကို ကောက်ဝါးရင်း ခေါင်းခါပြလိုက်သည်။

"ဘယ်လိုမှ ဖြေရှင်းမပေးဘူး"

"ဟင်…ဘယ်လိုဖြစ်လို့လဲ"

"သူ့မေးခွန်းကြီးက ဒီလောက်ရှည်တာ၊ ဂျာနယ်ထဲ ဘယ်လို လုပ်ထည့်မလဲ"

"ဩော်…အေး ဟုတ်သားပဲ"

ဦးလေးက နဖူးကြောရှုံ့ပြီး စဉ်းစားနေသည်။ ကိုဝင်းအောင်က…

"နေပါဦး၊ ဒီမေးခွန်းကို ထုတ်ပြတာက ဘာဖြစ်လို့တုန်း၊ မင်း ဘာကို ပြောချင်လို့တုန်း"

"ဒီမေးခွန်းလေးကို ထူးဆန်းတယ်လို့ ကိုဝင်းအောင် မခံစားမိဘူးလား"

"အေး…ခံစားမိပါတယ်၊ ထူးဆန်းပါတယ်"

"တကယ့်အဖြစ်လို့ရော မထင်မိဘူးလား၊ စိတ်ကူးယဉ်ပြီး မေးတဲ့ မေးခွန်းလို့ မထင်မိဘူးလား"

"တကယ့်အဖြစ်လို့ ထင်တာပေါ့ကွ"

"ကောင်းပြီ၊ ကျွန်တော် ပြောမယ်၊ အဲဒီ မေးခွန်းထဲက အဖြစ် အပျက်ဟာ တကယ့်အဖြစ်အပျက်ဆိုတာကိုရော ထူးဆန်းတာထက် ပိုပြီး ထူးဆန်းနေတယ်ဆိုတာကိုရော နောက်သုံးလေးရက်အတွင်းမှာ ကျွန်တော် သိလိုက်ရတယ်"

"ဘယ်လိုသိလိုက်ရတာလဲ"

"နောက်ထပ် စာတစ်စောင်ထပ်ရောက်လာလို့"

"အဲဒီကောင်လေးဆီကပဲလား"

"မဟုတ်ဘူး၊ နောက်တစ်ယောက်ဆီက"

"ဟင်…"

ကိုဝင်းအောင်နှင့် ဦးလေးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။ ကိုဝင်းကျော်ကတော့ အတန်ငယ်သိပြီးသားဖြစ်နေ၍ ကျွန်ရှိရနေသည်။ ကိုဝင်းအောင်က…

"အဲဒီစာထဲက ဘာတွေ ရေးထားလို့လဲ"

"ကိုယ့်ဘာသာကိုယ် ဖတ်ကြည့်တော့ဗျာ"

ရည်ညွန်းက လွယ်အိတ်ထဲက နောက်ထပ်စာတစ်စောင်ကို ထပ်ထုတ်ပြသည်။ ဦးလေးကပဲ အရင်ဆုံး ဆွဲယူဖတ်၏။

မျက်မှန်ထဲမှ မျက်လုံးက ပြူးထွက်လာသည်။ စာဖတ်နေရင်း





ကလည်း ရည်ညွန်းကို လှမ်းလှမ်းကြည့်သည်။

"ဟ ဒီကောင်လေးက နောက်တစ်ယောက်ပဲ"

ရည်ညွန်းက ဝင်ပြောလိုက်သည်။

"ခုနက စာကို ရေးတာက နေမျိုး၊ ခုစာကို ရေးတာက ချမ်းအေး၊ လိပ်စာလည်း မတူဘူး၊ လက်ရေးလည်း မတူဘူး"

"နို့ သူတို့အဖြစ်အပျက်က တူနေပါလား"

"ဟုတ်တယ်၊ ကျွန်တော်လည်း အရမ်းအံ့ဩသွားတယ်"

ကိုဝင်းအောင်က စာကို ယူဖတ်နေသည်။ ဦးလေးက အရက် ခွက်ကိုင်ပြီး တွေတွေကြီးဖြစ်နေသဖြင့် ကိုဝင်းကျော်က တဟဲဟဲရယ် ကာ…

"ဦးလေး"

"ဟေ…"

"တော်တော် ဦးနှောက်ရှုပ်သွားပြီလား"

"စိတ်ဝင်စားတာကွ"

"အင်း…အဲဒီ စိတ်ဝင်စားစရာတွေက ဒီမြို့ကို ရောက်နေ တယ် ဦးလေးရဲ့"

စာဖတ်လို့ ဆုံးသွားပြီဖြစ်တဲ့ ကိုဝင်းအောင်က…

"ရည်ညွန်း"

"ဟင်"

"ဒါနဲ့ ချစ်မိုးဆွေနဲ့ ဘာဆိုင်သလဲ၊ ချစ်မိုးဆွေက ဖုန်းထဲကနေ ယုံတမ်းစကားပြောခိုင်းတဲ့ ကောင်မလေးလို့ ယူဆတာလား"

"ဟုတ်တယ်"

ကိုဝင်းအောင်က တွေးတွေးဆဆအမူအရာနှင့်…

"ချစ်မိုးဆွေကလည်း ယုံတမ်းစကားတွေကို ကြိုက်တတ်တာ ဟုတ်တယ်၊ ဒါပေမယ့် ဒီအဖြစ်အပျက်ထဲက ကောင်မလေးပါလို့ မင်း ဘယ်အထောက်အထားနဲ့ ပြောနိုင်မှာတုန်း"

ရည်ညွန်းက ခွက်ထဲမှ အရက်လက်ကျန်ကို မော့သောက်လိုက် ရင်း…

''အထောက်အထားတွေက ရှိနေတယ်''

''ဘာအထောက်အထားတွေလဲ''

''လောလောဆယ် ဒီမြို့ကို နေမျိုးနဲ့ ချမ်းအေး လိုက်လာနိုင်တာကကို အထောက်အထားတစ်ခုပေါ့''

''အင်း...ဒါလည်း ဟုတ်တော့ ဟုတ်သား၊ နေပါဦး ဒီကောင်တွေကရော ဘယ်လို သဲလွန်စနဲ့ ဒီကို လိုက်လာကြတာလဲ''

ကိုဝင်းကျော်က ဆရာဝင်လုပ်လိုက်သည်။

''ဖုန်းနံပါတ်သိမှတော့ဗျာ အိမ်ကို သိအောင် စုံစမ်းမယ်၊ အိမ်ကို သိရင် ဒီကောင်မလေး တကယ်သေတာ ဟုတ်မဟုတ်ကို စုံစမ်းမယ်၊ ရပ်ကွက်နဲ့နေတာပဲ၊ လူသေရင် အသိသာကြီးပါ။ တကယ်မသေဘဲနဲ့ ဒီအိမ်မှာလည်း မရှိတော့ဘူးဆိုရင် ဘယ်ကိုရောက်သွားနိုင်သလဲ စုံစမ်းမယ်။ နောက်ဆုံး ဒီမြို့ထိရောက်လာနိုင်မယ်၊ ဒီရောက်တော့ ချစ်မိုးဆွေကို တွေ့မယ်၊ ချစ်မိုးဆွေကလည်း ယုံတမ်းစကားကြိုက်တဲ့သူဆိုတော့ ထင်းထင်းကြီးဖြစ်နေတယ်။ ရန်ကုန်ကနေ ရောက်လာတာမှန်းလည်း တစ်မြို့လုံး သိကြတယ်။ အဲဒီတော့ သူတို့ချဉ်းကပ်ကြတယ်''

ကိုဝင်းအောင်က ပြန်မေးသည်။

''ချဉ်းကပ်တော့ အဆင်ပြေသလားဗျ''

''မပြေဘူး၊ ကောင်မလေးက သူတို့ကို လက်မခံဘူး''

''အဲဒါက ဘယ်လိုဖြစ်ရတာတုန်း၊ သူတို့ ဖုန်းပြောဖူးတဲ့ ကောင်မလေး တကယ်မဟုတ်လို့လား''

မေးခွန်းက မူလအစ မေးခွန်းထံ ပြန်လည်သွားသည်။ ကိုဝင်းအောင်က ရည်ညွှန်းကို...

''ရည်ညွှန်း အဲဒီမေးခွန်းတွေထဲက ကောင်မလေးက ချစ်မိုးဆွေ ဟုတ်ရဲ့လား''

ရည်ညွှန်းက ချက်ချင်း ပြန်မဖြေသေးဘဲ တစိမ့်စိမ့် ပြုံးနေသည်။ အတန်ကြာမှ...

''ဟုတ်မှာပါ''

''သေချာလို့လားကွာ''





''သေချာမှာပါ၊ အရမ်းသေချာတဲ့ အထောက်အထားတစ်ခု ကျွန်တော့်မှာ ရှိထားပါတယ်၊ စောင့်ကြည့်ရမှာပဲ''

''အေး နက်ဖြန်ခါတော့ ပွဲကြီးပွဲကောင်းပဲပေါ့...''

(၁၅)

ထိုညက ရည်ညွှန်းအိပ်မက်မက်သည်။ အိပ်မက်ဆိုသော အရာသည် ဘာမှန်းလည်း မသိချေ။ ကိုယ် အလိုမတူဘဲ သူ့ဘာသာဖြစ်ချင်ရာ လျှောက်ဖြစ်နေ၏။

အမှန်တော့ မနက်ဖြန်ခါမှာ တွေ့ကြုံရမည့် ဆွေးနွေးပွဲသည် နေမျိုး၊ ချမ်းအေးနှင့် ချစ်မိုးဆွေတို့၏ ပွဲဖြစ်သည်။ သူတို့တွေ အဆင်ပြေရန် သူတို့တွေ ရှင်းရှင်းလင်းလင်းဖြစ်သွားရန် သူတို့၏ သုံးပွင့်ဆိုင်ဇာတ်လမ်းကို လှပသော နိဂုံးနှင့် အဆုံးသတ်နိုင်ရန် ကိုယ်က ကူညီရမည်သာ ဖြစ်သည်။

သို့သော် အထက်မှာ ပြောခဲ့သည့်အတိုင်းပင် အိပ်မက်ဆိုသည့် အရာက ဘာကြီးမှန်းမသိချေ။ သူ့ကို ချစ်မိုးဆွေနှင့် အတင်းပေးစားနေလေသည်။

အိပ်မက်ထဲမှာ ချစ်မိုးဆွေက မော်ဒယ်ဂဲလ်တစ်ယောက်လို လမ်းလျှောက်နေသည်။ ထုံးစံအတိုင်း တီရှပ်အပေါက်ကြီးကို ဝတ်ထားပြီး တီရှပ်၏ ရှေ့ဘက်မှာက EAGLE ဟု ရေးထားသည်။

''ချစ်မိုးဆွေ ချစ်မိုးဆွေ''

ဘာကြောင့်မှန်းမသိဘဲ ရည်ညွှန်းက သူမကို လှမ်းခေါ်နေမိသည်။

ဘာကြောင့်မှန်းမသိဘဲ သူမကလည်း လှည့်မကြည့်ချေ။





''ချစ်မိုးဆွေ''

သူ ဘယ်လိုခေါ်ခေါ် သူမက ကြားပုံမရ။ ထိုစဉ်မှာပဲ နေမျိုးနှင့် ချမ်းအေးတို့က သူ့အနားသို့ ရောက်လာသည်။

''အစ်ကိုကြီး၊ သူ့ကို ဘာလုပ်ဖို့ ခေါ်နေတာလဲ''

''ဘာလုပ်ဖို့ ခေါ်နေမှန်းကို မသိပါဘူးကွာ''

''မခေါ်နဲ့ အစ်ကိုကြီး၊ မရဘူး''

''ဘာဖြစ်လို့လဲ''

''သူက အရမ်းမာနကြီးတယ် အစ်ကိုကြီးရ''

''မာနဆိုတာ မ,မှနာတာကွ၊ မင်းတို့သွားမ,ရင်တော့ မင်းတို့နာမှာပေါ့''

''မဟုတ်ဘူး အစ်ကိုကြီးရဲ့၊ ကျွန်တော်တို့က သူ့ကို ရည်းစားစကားပြောချင်တာ''

''ရည်းစားစကား ဟုတ်လား''

''ဟုတ်တယ်''

အိပ်မက်ထဲမှာ ထိုရည်းစားစကားဟူသော အသုံးအနှုန်းကို ရည်ညွှန်းနားမလည်ချေ။

''ရည်းစားစကား ဟုတ်လား၊ မြန်မာစကား အင်္ဂလိပ်စကားတွေနဲ့ ဘာကွာလဲ''

''သူက ချစ်ကြောင်းကြိုက်ကြောင်းတွေချည်းပဲ ပြောတဲ့စကား အစ်ကိုကြီးရဲ့''

''အေး၊ ကောင်းသားပဲ၊ သွားပြောလေ''

''ဟာ...မပြောရဲပါဘူးဆို၊ အစ်ကိုကြီးကလည်း သူက မာနအရမ်းကြီးတာ''

''နေပါဦးကွာ၊ ငါ သွားမေးကြည့်ပါဦးမယ်''

ပြောပြောဆိုဆို ချစ်မိုးဆွေ၏ ရှေ့သို့ ရည်ညွှန်းရောက်သွားလေသည်။ နေရာက သာကေတရှုခင်းသာရပ်ကွက်နှင့် ဆင်တူ၏။ အလှူခံမဏ္ဍပ်မရှိတာဘဲ ထူးခြားသည်။

''ဟေ့...ချစ်မိုးဆွေ''

ချစ်မိုးဆွေက သူ့ကို ဘာဂလိုတိုတိုဟူသော အကြည့်မျိုးနှင့် ပြန်ကြည့်၏။

''ဘာလဲ''

''နှင့်တီရှပ်ကြီးကလဲဟာ၊ အီးဂဲလ်တဲ့''

''အဲဒါ ဘာဖြစ်လဲ''

''ဂဲလ်ဆိုတာက ကောင်မလေးမဟုတ်လား၊ အီးဂဲလ်ဆိုတော့ အီးကောင်မလေးပေါ့၊ ဘာကိစ္စ နှင်က ဒီတီရှပ်ကြီး ဝတ်ထားရတာလဲ''

ပြောပြောဆိုဆို သူက အခုပင် နံလာသလို နှာခေါင်းရှေ့ကို လက်နှင့်ခတ်လိုက်သေးသည်။

ချစ်မိုးဆွေက…

''ဟင်…နံလို့လား''

''သိပ်မနံပါဘူး၊ ဒါပေမယ့် ခုမှတော့ ဒီတီရှပ်ကြီးကို ချွတ်မနေနဲ့တော့''

''အိုး…ဘာကိစ္စ ချွတ်ရမှာလဲ''

''အေးလေ၊ ဒါဖြင့်လည်း ပြီးရော''

''နေပါဦး၊ ကိုရည်ညွန့်းက ဘယ်က ပြန်လာတာလဲ''

''ဘယ်က ပြန်လာမှန်းတောင် မသိဘူး၊ နှင့်ကို မေးစရာရှိလို့''

''ဘာမေးမှာလဲ''

''နှင်က မာနအရမ်းကြီးတယ်ဆို''

''သိပ်ကြီးတာပေါ့''

''ဘယ်လောက်ထိကြီးလဲ''

''မိုးလောက်ကြီး''

''အဲဒါဆို နှင့်ကို ယောက်ျားလေးတွေက ရည်းစားစကား လိုက်ပြောလို့ မရဘူးပေါ့''

သူမက အံ့ဩသွားဟန်ဖြင့်…

''ရပါတယ်၊ ဘာလို့မရ ရမှာလဲ''

''သိဘူးလေ၊ နှင်က မာနကြီးတော့ ယောက်ျားလေးတွေ ရည်းစားစကားလိုက်ပြောတာကို လက်မခံဘူးလားလို့''





သူမက ခပ်လွင်လွင်ရယ်သည်။

''ကိုရည်ညွန့်းကလဲ အ,လိုက်တာ''

''ဘာဖြစ်လို့လဲ''

''သူတို့ ရည်းစားစကား လိုက်ပြောတာကို လက်ခံမှ ကျွန်မ ဘယ်လောက်မာနကြီးတယ်ဆိုတာကို သူတို့ကို ပြလို့ရမှာပေါ့''

''ဟိုကောင်တွေက နှင့်ကို ရည်းစားစကား ပြောချင်လို့တဲ့''

''ရတယ်လေ၊ လွှတ်လိုက်ပေါ့''

''အေးအေး ဒါဖြင့်လည်း ပြီးရော''

ဝမ်းသာအားရဖြင့် နေမျိုးနှင့် ချမ်းအေးဆီ သူ ပြန်လျှောက်ခဲ့သည်။ သို့သော် သူတို့နှစ်ယောက်ကို မတွေ့ရတော့ချေ။ ဘယ်ရောက်သွားကြသည်မသိ။

''ဟေ့ကောင်တွေ…ဟေ့ကောင်တွေ''

''နေမျိုး''

''ချမ်းအေး''

သူ အော်ခေါ်သော်လည်း မည်သူမှ ထွက်မလာကြ၊ ရှာ၍လည်း မတွေ့။ ချစ်မိုးဆွေကလည်း အပိုင်တွက်ပြီး အိုက်တင်လေးနှင့် လမ်းဆက်လျှောက်နေသည်။

သူ အားနာသလိုလို မျက်နှာပူသလိုလိုဖြစ်မိ၏။

''ဒုက္ခပဲ အရေးထဲမှ ဒီကောင်တွေကလည်း ဘယ်ရောက်သွားမှန်း မသိဘူး။ ငါကလည်း ဟိုမှာ စကားကျွံခဲ့ပြီ''

ဘာလုပ်ရမှန်းမသိဖြစ်နေသေး၏။ နောက်မှ မထူးတော့ဘူးဟု ဆုံးဖြတ်ကာ သူကပဲ ချစ်မိုးဆွေကို ရည်းစားစာတစ်စောင်ရေးလိုက်သည်။

ရည်းစားစကားတော့ မပြောချင်တော့ချေ။ ခုနက အသည်းအသန် အော်ခေါ်နေတာကိုပင် ချစ်မိုးဆွေက မကြား။ အနားကပ်ပြီး ညောင်ညို့ ညောင်ညို့နှင့် ရည်းစားစကား ပြောနေရမှာကို စိတ်မဖြောင့်လှချေ။

ထိုစာနှင့်အတူ ချစ်မိုးဆွေဆီ ပြေးလိုက်သွားလိုက်၏။

''ချစ်မိုးဆွေ…ချစ်မိုးဆွေ''

"ဘာလဲ"

"ဒီစာလေးကို ဖတ်ကြည့်စမ်းပါဟာ"

"ဘာစာလဲ"

"ရည်းစားစာ"

"ဘယ်သူက ကိုရည်ညွန့်ကို ပေးခိုင်းလိုက်တာလဲ"

"မဟုတ်ဘူး၊ ငါရေးတဲ့စာ နင့်အတွက် ရေးတာ"

"ဟင်…ဒါဖြင့် ကိုရည်ညွန့်က ကျွန်မကို ရည်းစားစာပေးတာပေါ့"

"အေး…အဲဒါပဲ ဖြစ်မှာပေါ့"

ချစ်မိုးဆွေက စာကို ဖွင့်ဖတ်၏။ ရည်ညွန့်က ရည်းစားစာကို အင်္ဂလိပ်လို ရေးထားခြင်းဖြစ်၏။

"ကိုရည်ညွန့်စာကလည်း ဘာတွေရေးထားမှန်း မသိဘူး၊ သဲသဲကွဲကွဲမရှိဘူး၊ ရှုပ်ထွေးနေတာပဲ"

မမှတ်မိသော အင်္ဂလိပ်စာလုံးပေါင်းများကို ရောချ၍ ရေးရင်း ရည်ညွန့်၏ ရည်းစားစာက ရှုပ်နေခြင်းဖြစ်သည်။ အမှန်အတိုင်းပြော၍လည်း မဖြစ်သဖြင့်…

"နင့်ကို ငါက အရမ်းချစ်တာကိုးဟ၊ ချစ်လွန်းလို့ နှလုံးသားထဲက စကားတွေဟာ မပီသဘဲ ဗလုံးဗထွေးဖြစ်နေတယ်။ အဲဒါကြောင့် စာက နည်းနည်းရှုပ်သွားတာပါ"

"ဩော်…အဲလိုလား"

ချစ်မိုးဆွေက ပြန်ကြိုက်လိုက်မည်ပြုပြီးမှ မာနကြီးရမှာကို သတိရပြီး မျက်နှာကို ခပ်တင်းတင်းမော့ပစ်လိုက်သည်။

"နေပါဦး၊ ရှင့်လိုလူကို ကျွန်မက ပြန်ကြိုက်ရမှာလား"

"အေးပေါ့၊ နင် ငါ့ကို စာပြန်လေ"

"အိုး…ရယ်တောင်ရယ်ချင်သေး၊ ကျွန်မက အရူးတွေကို စာမရေးဘူးရှင့်"

"ငါကတော့ ရေးတယ်ဟာ၊ ခု ပေးတောင် ပေးလိုက်ပြီ"

"ဘာ…"





ချစ်မိုးဆွေက ဒေါကန်ပြီး သူ့ကို လိုက်ရိုက်လေသည်။ သူ အူယားဖားလျားထွက်ပြေးရ၏။

ချစ်မိုးဆွေက အဝေးကြီးထိ မလိုက်နိုင်ချေ။ ခပ်လှမ်းလှမ်းမှ ခါးထောက်၍ ကျန်ခဲ့ပြီး…

"ဟင်း…ဓါးနှစ်လက်မဟုတ်ရင် အနားမကပ်နဲ့"ဟု ပြော၏။

သူ ပြေးမြဲ ဆက်ပြေးခဲ့ပြီး ချစ်မိုးဆွေ၏ မမြင်ကွယ်ရာရောက်မှ ဗိုက်နှိပ်ပြီး အမောဖြေနေရသည်။ ထိုအချိန်မှာပဲ နေမျိုးနှင့် ချမ်းအေးတို့က ပြုံးခနဲ ရောက်လာပြီး သူ့ကို ရွှန်းရွှန်းစားစားကြည့်ကာ…

"ဟယ်…ခန့်ချောကြီးဟယ်"

"ဗုဒ္ဓေါ"

ထိုအချိန်မှာပဲ အိပ်မက်ကလေး လန့်နိုးသွားလေသည်။ တော်ပါသေး၏။

သေချာတာတစ်ခုကတော့ အိပ်မက်ထဲမှာပင် သူနှင့် ချစ်မိုးဆွေတို့ မချစ်ကြိုက်လိုက်ရချေ။

(၁၆)

ဦးလေးက သူလိုက်မည်၊ ဆွေးနွေးပွဲမှာ သူ ဒိုင်လုပ်မည်ဟု ချည်းပဲ တကဲကဲပြောနေသည်။ ဘယ်လိုမှ တားမရ။ ထို့ကြောင့် သူ ဦးလေးကို ဒိုင်လုပ်ရန် ကိုဝင်းအောင်ပါ လိုက်လာသည်။

ရုံးပိတ်ရက်နှင့်တိုက်ဆိုင်၍ ကိုဝင်းကျော်ကပါ ကော့ပက်ကော့ ပက်နှင့် ပါလာသည်။ သို့သော် သူတို့သုံးယောက်က စားပွဲတစ်လုံးမှာ သပ်သပ်ထိုင်ပါသည်။

လွတ်လပ်စွာ စကားပြော၍ရမည့် စားပွဲတစ်လုံးကို ရည်ညွှန်း က ရွေးထိုင်လိုက်သည်။ သူထိုင်ပြီးလို့မှ မကြာသေးခင် အရင်ဆုံးရောက် လာသူက ဖိုးပြုံးချိုခေါ် ချမ်းအေးဖြစ်သည်။

''အစ်ကိုကြီး ရောက်နေတာကြာပြီလား''

''မကြာသေးဘူး၊ စောစောလေးကမှ''

''ဟိုကောင် နေမျိုး၊ မရောက်သေးဘူးလား''

''မရောက်သေးဘူး၊ ငါတစ်ယောက်တည်း''

''အေးဗျာ၊ ကျွန်တော်လည်း အစ်ကိုကြီးကို တွေ့ချင်နေတာ၊ ဒီရက်ပိုင်းမှာ အစ်ကိုကြီးကိုလည်း ရှာလို့မရဖြစ်နေတယ်''

စကားအဆုံးမှာ ရည်ညွှန်းနှင့် အနီးဆုံးခုံမှာ ဝင်ထိုင်သည်။ ရည်ညွှန်းက လက်ဖက်ရည်ငုံ့သောက်ရင်း...

''ဘာများ ထူးခြားတာရှိလို့လဲ''

''ထူးခြားတယ် အစ်ကိုကြီးရ''

ပြီး မပြောချင်ပြောချင်ဖြစ်နေသည်။ ရည်ညွှန်းက စိတ်ထဲမှာ မသက်သာဖြစ်လာသဖြင့်...

''နေပါဦး၊ မင်းက ငါ့ကို ခန့်ချောကြီးလို့များ ထင်နေသလား''

''ဗျာ...မထင်ပါဘူး''

''အေးအေး ပြီးရော ဆက်ပြော''

ချမ်းအေး ကြောင်တက်တက်ပင်ဖြစ်သွားသည်။ ရည်ညွှန်းက လည်း အိပ်မက်ထဲမှာလိုပင် 'တော်ပါသေးရဲ့'ဟု တွေးမိ၏။

''အစ်ကိုကြီးကို ဟိုတလောက ကျွန်တော် ပြောတယ် မဟုတ်လား။ ချစ်မိုးဆွေက အစ်ကိုကြီးနဲ့ ပေးတွေ့ခိုင်းတယ်ဆိုတာ''

''အေးလေ၊ မင်းကို ဒီယုံတမ်းစကားပြောပြတဲ့သူနဲ့ တွေ့ချင်တယ်ဆိုတာ ငါမှတ်မိပါတယ်''

''ဟုတ်တယ်၊ အဲဒီတုန်းက အစ်ကိုကြီးက ကျွန်တော့်ကို အကြံ ပေးတယ်လေ။ အဖြေပေးမှ ပေးတွေ့မယ်လို့ ပြောလိုက်ဆိုတာ''

''အင်း...အဲဒါ ဘာဖြစ်လဲ''

''ကျွန်တော် သူ့ကို အဲဒီအတိုင်းပဲ ခပ်တင်းတင်း ပြန်ပြော လိုက်တယ်''

''ဟုတ်ပြီ အဲဒီတော့...''

''သူက ကျွန်တော့်ကို အဖြေပေးတယ်လေ''

ရည်ညွှန်းက လက်ထဲမှ လက်ဖက်ရည်ခွက်ကို စားပွဲပေါ်ပြန်ချ ပြီး ကိုယ်ကို မတ်မတ်ထိုင်လိုက်ကာ...

''ဟုတ်လား ဘယ်လိုဖြေလဲ''

''ကျွန်တော့်ကို သူ မချစ်ဘူးတဲ့ဗျ''

''အဲ...''

''ဒါပေမယ့် အဲလိုလည်းဖြေပြီးရော သူက ဆက်တောင်းဆို တယ်။ အစ်ကိုကြီးနဲ့ ပေးတွေ့ရမယ်တဲ့၊ သူ ဖြေပြီးပြီ တဲ့''

''ငါလည်း အဲဒီအတိုင်းပဲ ဟော့ကောင် အစ်ကိုကြီး၊ ကျွန်တော် လည်း အဲဒီအတိုင်းပဲ''





စားပွဲအနီးသို့ မည်သည့်အချိန်က ရောက်နေမှန်းမသိသော ဖိုးဝ (ခေါ်) နေမျိုးက အလောတကြီး ဝင်ပြောသည်။ ပြီး ခုံတစ်လုံးကို ခပ်ကြမ်းကြမ်းဆွဲယူကာ ထိုင်သည်။

ရည်ညွှန်းက နေမျိုးကို...

''မင်းလည်း သူ့အတိုင်းပဲ ခံလာရတာပဲ မဟုတ်လား''

''ဟုတ်တယ်၊ အဲဒါ အစ်ကိုကြီး သူနဲ့ လိုက်တွေ့ရတော့မယ်၊ ဘယ်လိုလဲ တွေ့မှာလား''

ထိုသို့ပြောပြီး စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလိုက်သည်။ စီးကရက်ကို ကိုင်တွယ်ပုံက အချိုးမကျလှ။

''မင်း စီးကရက်မသောက်တတ်ဘူး မဟုတ်လား''

ရည်ညွှန်းကမေးတော့ နေမျိုးက ခေါင်းကြီးကို စိတ်ပျက် လက်ပျက်ညိတ်ပြီး ပြန်ဖြေသည်။

''မသောက်တတ်ဘူး၊ ဒါပေမယ့် အခုတော့ သောက်နေပြီ၊ သူက ကိုယ့်ကို မချစ်ဘူးလို့ ငြင်းလိုက်တော့ စိတ်ညစ်တယ်ဗျာ''

ချမ်းအေးကလည်း...

''ဟုတ်တယ်၊ အစ်ကိုကြီး၊ ကျွန်တော်လည်း ညက ယမကာ အတော်များသွားတယ်။ ခုထိ မပြေသေးဘူး၊ ခေါင်းထဲမှာ အုံ့ခဲနေတာပဲ''

ရည်ညွှန်း ဘာပြန်ပြောရမလဲ မသိ။ နေမျိုးက စောစောက မေးခွန်းကိုပင် ထပ်မေးပြန်သည်။

''ဘယ်လိုလဲ အစ်ကိုကြီး၊ သူနဲ့ လိုက်တွေ့ပေးမှာလား''

''မလိုတော့ပါဘူး''

''ဟင်...ဘာဖြစ်လို့လဲ''

''ဟိုမှာ...သူ...လာနေပြီ''

''ဗျာ...''

''ဟင်...''

နေမျိုးနှင့် ချမ်းအေးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဆိုင်ရှေ့တွင် စက်ဘီးကို အရှိန်သပ်၍ ရပ်နေသော 'ချစ်မိုးဆွေ'ကို မြင်သွားကြသည်။ ထိုင်ရခက် ထရခက်ဖြစ်နေကြသည်။

သူတို့နှစ်ယောက်ကို ချိန်းခိုင်းလိုက်တော့ ချစ်မိုးဆွေ ပါလာလိမ့်မည်ဟု တမင်မပြောပြလိုက်။ ချစ်မိုးဆွေကို ချိန်းစဉ်ကလည်း သူတို့နှစ်ယောက် ပါရှိနေမည်ဟု အသိမပေးခဲ့။

ချစ်မိုးဆွေက စက်ဘီးကို နေသားတကျ ဒေါက်ထောက်ရပ်နေရင်း သူတို့ စားပွဲဝိုင်းကို တစ်ချက်လှမ်းကြည့်သည်။ ချမ်းအေးနှင့်နေမျိုးကို တွေ့သော်လည်း မည်သို့မှ စိတ်လှုပ်ရှားဟန်မပြ။ ခပ်တည်တည်ပင် သူတို့စားပွဲသို့ လျှောက်လာသည်။

ရည်ညွန့်နှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ဝင်ထိုင်သည်။ မနီးမဝေးစားပွဲမှာ ထိုင်နေသော ဦးလေးတို့ အုပ်စုက မသိမသာ အကဲခတ်နေကြသည်။

ချစ်မိုးဆွေက ရည်ညွန့်ကို...

"ရှင် ရောက်နေတာ ကြာပြီလား"

"သိပ်မကြာသေးပါဘူး၊ ခင်ဗျား ဘာသောက်မလဲ၊ ဩော် မှားလို့၊ စားပွဲထိုး သူဟာသူ လာချလိမ့်မယ်၊ ဟုတ်တယ် မဟုတ်လား"

"အင်း...ဟုတ်တယ်၊ ဒါပေမယ့် သောက်တာစားတာက အရေးမကြီးပါဘူး၊ ရှင်ပြောမယ့်စကားကို ကြားချင်လို့ လာတာ"

"ကောင်းပြီ၊ ဒါဖြင့်လည်း ပြောရတာပေါ့"

ချစ်မိုးဆွေက နေမျိုးနှင့် ချမ်းအေးကို မကြည့်ချေ။ သူ့မျက်နှာကိုသာ စေ့စေ့ကြည့်နေ၏။ နေမျိုးနှင့်ချမ်းအေးကလည်း ချစ်မိုးဆွေကို မကြည့်ဘဲ မျက်နှာလွှဲနေကြသည်။ စိတ်မတည်မငြိမ်ဖြစ်နေကြဟန်ရှိ၏။

"ချစ်မိုးဆွေကို ကျွန်တော် ရှင်းရှင်းပဲ မေးမယ်"

"ဘာမေးမလို့လဲ"

"နေမျိုးနဲ့ ချမ်းအေးတို့ ဖုန်းထဲကနေ ယုံတမ်းစကားပြောပြခဲ့ရတဲ့ မိန်းကလေးဟာ ခင်ဗျားလား"

ချစ်မိုးဆွေ၏ မျက်နှာက ဘာမှ ထူးခြားဟန်မပြ။

"ဟုတ်ရင်ဘာဖြစ်သလဲ၊ မဟုတ်ရင်ကော ဘာဖြစ်မလဲ"

ထူးခြားဟန်ပြလာကြသည်က ရန်ကုန်သားနှစ်ယောက်ဖြစ်၏။ နှစ်ယောက်လုံးက ရည်ညွန့်ကို ပြူးတူးပြဲတဲလှည့်ကြည့်ကြ...





"အဲဒီအဖြစ်အပျက်တွေကို အစ်ကိုကြီးက ဘယ်လိုလုပ်သိတာလဲ"

ရည်ညွန့်က သူတို့ကို လက်ကာပြလိုက်ပြီး...

"နေဦး၊ နေဦး မလောနဲ့၊ မင်းတို့ ဘာမှ မပြောနဲ့ဦး၊ ငါပြောမယ်"

"ဟုတ်...ဟုတ်ကဲ့"

နှစ်ယောက်သား စိတ်ကို အတင်းထိန်းချုပ်လိုက်ရဟန်နှင့် ပြန်ငြိမ်သွားသည်။

"ငါက မင်းတို့ရဲ့ ပြဿနာကို ဖြေရှင်းပေးမလို့"

"ဟုတ်...ဟုတ်ကဲ့ အစ်ကိုကြီး"

"လိုအပ်တာရှိခဲ့ရင်လည်း ချစ်မိုးဆွေကို မေတ္တာရပ်ခံပေးမယ်၊ မင်းတို့ရဲ့ မေတ္တာကို သူ စော်ကားလို့ ဘယ်ရမလဲ"

"ဟုတ်...ဟုတ်တာပေါ့ အစ်ကိုကြီး"

နှစ်ယောက်သား ပြန်လည်အားတက်လာကြဟန်ရှိသည်။ ချစ်မိုးဆွေက သိပ်ဂရုမစိုက်ဟန်နှင့် ကော်ဖီခါးခါးကို ငုံသောက်နေ၏။

"ငါ မရှင်းတာတစ်ခု၊ မင်းတို့ကို မေးဦးမယ်"

"ဟုတ်ကဲ့ မေးပါ"

"မင်းတို့နှစ်ယောက်လုံးက အဲဒီကောင်မလေးဆီကို ညတိုင်း ဖုန်းဆက်ပြီး ယုံတမ်းစကားပြောပြတယ်လို့ဆိုတယ်။ အဲဒီကောင်မလေးက မင်းတို့နှစ်ယောက်လုံးနဲ့ ပြိုင်ဆက်သွယ်နေတယ်လို့ ဆိုချင်တာလား"

နေမျိုးက ခေါင်းခါသည်။

"အဲလိုတော့ မဟုတ်ဘူး အစ်ကိုကြီး"

"အဲလိုမဟုတ်ရင် ဘယ်လိုလဲ"

ချမ်းအေးက ဝင်ပြောသည်။

"သူက ကျွန်တော်တို့နှစ်ယောက်ကို တစ်ယောက်တည်းအောက်မေ့ပြီး ဆက်ဆံနေတာ အစ်ကိုကြီး"

"ငါ မရှင်းဘူး"

"ဒီလို အစ်ကိုကြီး၊ ကျွန်တော် အရင်ဦးအောင် ဆက်မိတဲ့

ညဆိုရင် ဟိုကောင်ဆက်လို့ မရဘူး၊ ဖုန်းအင်ဂေ့ချ်ဖြစ်နေတာပေါ့။ ဒီကောင်အရင်ဦးအောင်ဆက်လို့ရှိရင် ကျွန်တော်လည်း အဲဒီအတိုင်းပဲ၊ ဒီကောင်နဲ့ ကျွန်တော်လည်း အဲဒါကို ရှင်းပြီးကြပြီ''

''မင်းတို့နှစ်ယောက်ဖြစ်နေတယ်ဆိုတာကို အဲဒီကောင်မလေးက မသိဘူးလား''

''ဖုန်းလိုင်းက သိပ်ကြည်တာမဟုတ်ဘူးအစ်ကိုကြီး၊ နောက်ပြီး အစ်ကိုကြီးတွေ့တဲ့အတိုင်းပဲ၊ ကျွန်တော်တို့နှစ်ယောက်က စကားပြောရင် အသံကော လေယူလေသိမ်းရောက အတော်လေးတူနေကြတယ်''

ဟုတ်တော့လည်း ဟုတ်သည်။ သူတို့နှစ်ယောက်က အသက်အရွယ်တူရုံ၊ ဝတ်ပုံစားပုံတူရုံသာမက အသံနှင့် ပြောပုံဆိုပေါက်ပါ တူကြသည်။

''အေး...ဟုတ်ပြီ၊ အဲဒါဆိုရင်တော့ ငါ မရှင်းတာတွေ ရှင်းသွားပြီ၊ အရေးကြီးတာဆက်မေးမယ်''

''ဟုတ်...ဟုတ်ကဲ့ အစ်ကိုကြီး''

နှစ်ယောက်လုံး စိတ်လှုပ်ရှားမှုကြောင့် မျက်လုံးများပင် အရောင်လက်နေသည်။ ချစ်မိုးဆွေက တည်တည်ငြိမ်ငြိမ်ပင် ရည်ညွှန်းတို့ သုံးယောက် စကားပြောနေတာကို ထိုင်ကြည့်နေ၏။

အဓိကက ရည်ညွှန်းကို ကြည့်နေခြင်းဖြစ်သည်။ သူနှင့် ဘာမှ မဆိုင်သလိုပင် နေနိုင်စွမ်းသူဖြစ်၏။ အိုကြာကွေ့ရောင်းစားသူက ဂျူနယ် နေတာကို ကြည့်ကောင်းကောင်းနှင့် ဘေးမှ ထိုင်ကြည့်နေသလိုမျိုးပင် ဖြစ်၏။

''ဒီလိုကွာ''

''ဟုတ်ကဲ့''

''မင်းတို့ ဖုန်းပြောနေကျ ကောင်မလေးဟာ ဆုံးသွားပြီလို့ မင်းတို့ သိလိုက်ရတယ်။ အဲဒါကို မင်းတို့ မယုံဘူး၊ တကယ်ဆုံးသွားတာရော မဖြစ်နိုင်ဘူးလား။ မင်းတို့နဲ့ ဖုန်းပြောနေတာကို မကြိုက်ဘူးဆိုရင် တခြားနည်းနဲ့ အဆက်အသွယ်ဖြတ်ပစ်လို့ရတယ်''

ရည်ညွှန်းက စကားကို ခဏနားလိုက်သည်။





နှစ်ယောက်လုံးက သူ့ကို မမိုတ်မသုန်စိုက်ကြည့်နေကြ၏။ ဆက်ပြောလိုက်သည်။

''မသေသေးတဲ့ လူတစ်ယောက်ကို သေပြီပြောပြီး ဖုံးကွယ်လိုက်တာကြီးက အရမ်းဆိုးဝါးကြီးကျယ်မနေဘူးလား''

''ဒါ...ဒါကတော့ ဒီလိုရှိတယ် အစ်ကို''

ချမ်းအေးက ရှင်းချက်ထုတ်၏။

''ကျွန်တော်တို့ကို အဆက်အသွယ်ဖြတ်ချင်တာ တစ်ခုတည်းနဲ့ ဟုတ်ချင်မှ ဟုတ်မယ်၊ သူ့ဘက်မှာ တခြားအကြောင်းတွေလည်း ရှိနေဦးမှာပေါ့''

နေမျိုးကလည်း သူ့အမြင်ကို ဝင်ဖြည့်ပြောသည်။

''နောက်ပြီး ယုံတမ်းစကားပြောနေကျဖြစ်တဲ့ ကျွန်တော်တို့ကို အဲဒီကောင်မလေး ဆုံးသွားပြီလို့ တမင်ယုံတမ်းစကား ပြန်ပြောပြီး ဖြတ်ချပစ်လိုက်တာလည်း ဖြစ်နိုင်တာပဲ။ ကျွန်တော်တို့ကို အမြင်ကပ်လို့ အရွဲ့တိုက်လိုက်တာမျိုးပေါ့ အစ်ကိုကြီးရာ''

ရည်ညွှန်း ပြုံးလိုက်မိသည်။ ခေါင်းကိုလည်း တဆတ်ဆတ် ညိတ်နေမိသည်။

''အင်း ဟုတ်ပြီ၊ မင်းတို့ပြောတာ ငါ လက်ခံပါတယ်၊ ထားပါတော့၊ နောက်တစ်ခုထပ်မေးမယ်''

''ဟုတ်ကဲ့''

''ချစ်မိုးဆွေက မင်းတို့ ဖုန်းထဲက စကားပြောတဲ့ ကောင်မလေးလို့ ဘာကြောင့်ပြောနိုင်တာလဲ၊ ဖုန်းထဲက ကောင်မလေးကို မင်းတို့ မြင်ဖူးတာလည်း မဟုတ်ဘူး''

''ကျွန်တော်တို့တတွေ သူ့ ရန်ကုန်အိမ်ကနေ သဲလွန်စရပြီး ဒီအထိလိုက်လာတာ ဆက်စပ်နေပါတယ်။ သူပါပဲ သေချာပါတယ်''

ရည်ညွှန်းက ချစ်မိုးဆွေကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ချစ်မိုးဆွေက ဘယ်သူ့ကိုမှ မကြည့်ဘဲ စားပွဲခုံကိုသာ စိုက်ကြည့်နေ၏။

''ခု ကာယကံရှင်က မင်းတို့ပြောတာကို လက်ခံသလား''

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး

ခေါင်းခါပြကြ၏။

"ဟင့်အင်း လက်မခံဘူး"

"ဘာဖြစ်လို့တဲ့လဲ"

"ဘာအကြောင်းမှမပြဘူး၊ လက်ကိုမခံတာ"

"သူမဟုတ်ဘူးလို့ ပြောသလား"

"မဟုတ်ဘူး၊ ပြောတာကို နားကို မထောင်ဘူး၊ ဘာတွေလာပြောနေတာလဲလို့ချည်း ဟောက်လွှတ်နေတယ်"

"အခု ဒီမြို့က သူ့အိမ်မှာ ဖုန်းရှိတယ်။ ခါတိုင်း မင်းတို့ဖုန်းဆက်နေကျအချိန်မှာ သူ့ဆီကို မင်းတို့ လှမ်းမဆက်ကြည့်ကြဘူးလား။ ယုံတမ်းစကားပြောချင်လို့ပါလို့ ပြောပေါ့"

နှစ်ယောက်လုံး မျက်လုံးဝိုင်းသွားကြသည်။

"ဟာ...ဟုတ်သားပဲ၊ အစ်ကိုကြီးပြောတဲ့ နည်းလေး အတော်ကောင်းတာပဲ၊ အဲလို လုပ်ဖို့ မေ့သွားတယ်"

ရည်ညွှန်း ရယ်ချင်သွားသည်။ ချစ်မိုးဆွေက မသိမသာ နှုတ်ခမ်းမဲ့လိုက်တာကိုလည်း တွေ့ဖြစ်အောင် တွေ့လိုက်သောကြောင့်ဖြစ်၏။

"အင်း...မင်းတို့ အဲဒီမှာ တစ်ကွက်ဟာသွားတာပဲ၊ အဲလိုသာ လုပ်ခဲ့မိရင် တစ်ခုခုတော့ ထူးခြားနိုင်တယ်။ ထားပါတော့၊ အခုမှတော့ သွားမလုပ်နဲ့တော့ မရတော့ဘူး"

"အစ်ကိုကြီးက သူ့ရှေ့မှာပြောတာကိုးလို့"

"ဟ...မျက်နှာစုံညီရှင်းနေမှတော့ ရှေ့မှာပဲ ပြောရတော့မှာပေါ့ကွ၊ ကဲ...ငါ ဆက်မေးဦးမယ်"

"ဟုတ်ကဲ့"

"ဖုန်းထဲက ကောင်မလေးနောက်ကို မင်းတို့ မမြင်ဘူးဘဲ လိုက်လာကြတယ်။ ချစ်မိုးဆွေကလည်း အတော်လှနေတယ်။ တကယ်လို့ ဖက်တီးမကြီးတစ်ယောက်သာဆိုရင် မင်းတို့ ဒီလိုပဲ ချစ်နိုင်မှာလား"

"ဟာ...အစ်ကိုကြီးကလဲ"

"အစ်ကိုမကြီးနဲ့လေ...ပြော"

"ဒါ...ဒါတော့"





"ကဲ...ထားလိုက်ပါဦး၊ အဓိကအကျဆုံး မေးခွန်းကို မေးမယ်၊ မင်းတို့က ချစ်မိုးဆွေနဲ့ ဖုန်းထဲက ကောင်မလေးကို တစ်ယောက်တည်းလို့ ထင်နေကြတယ်။ တကယ်လို့ မဟုတ်ဘူးဆိုပါစို့၊ မင်းတို့ချစ်တာ ဘယ်သူလဲ"

"ဗျာ"

"နှစ်ယောက်ဖြစ်နေတယ်ဆိုရင် မင်းတို့ ချစ်တာက ဖုန်းထဲက ကောင်မလေးကိုလား...ချစ်မိုးဆွေကိုလား"

နှစ်ယောက်သား မျက်နှာသေလေးများနှင့် ငိုင်သွားကြသည်။ ချစ်မိုးဆွေက ကော်ဖီခွက်ကို ဖွန်းနှင့် ခေါက်လိုက်ရင်း...

"သိပ်ကောင်းတဲ့ မေးခွန်းပဲ"

(၁၇)

နေမျိုးရော ချမ်းအေးရော ဖင်ကုတ်၊ ခေါင်းကုတ်နှင့် ဘာပြောရမည်မှန်း မသိဖြစ်နေကြသည်။ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရွလှုပ်ရွဖြစ်လျက် ချစ်မိုးဆွေကို ကြည့်ကြသည်။ ချစ်မိုးဆွေကလည်း သူတို့ကို စူးစူးရှရှပြန်ကြည့်နေသည်။ နှစ်ယောက်စလုံး မျက်နှာလွှဲသွားကြသည်။

ပြီးတော့ ချစ်မိုးဆွေကို ခိုးကြည့်ကြပြန်သည်၊ ပြီးတော့ ရည်ညွှန်းကို ကြည့်၏။ ပြီးတော့ မျက်နှာလွှဲပြီး ဖင်ကုတ်ခေါင်းကုတ်လုပ်ကြပြန်သည်။

ရည်ညွှန်းက...

''ကဲ...ဒီမေးခွန်းရဲ့အဖြေကို ချစ်မိုးဆွေကိုယ်တိုင်က သိချင်နေတယ်။ မင်းတို့ ဖြေကြလေ''

''ဟို...''

ချမ်းအေးထံမှ စကားစ ထွက်လာသည်။

''အင်း...ဟုတ်ပြီပြော''

''ကျွန်တော် အားမနာတမ်း ပြောရရင်တော့...''

''အေး...ပြော၊ ဘာမှ အားနာနေစရာမလိုဘူး''

''ကျွန်တော်ကတော့ ဖုန်းထဲက ကောင်မလေးကိုပဲချစ်တယ်''

သူ့စကားအဆုံးမှာပင် နေမျိုးက...

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ဟန်ဖြင့် ခပ်ပြတ်ပြတ်





ဝင်ပြောသည်။

''ကျွန်တော် မှန်တဲ့အတိုင်း ဝန်ခံမယ်၊ ဖုန်းထဲက ကောင်မလေးကို စိတ်ဝင်တစားဖြစ်မိပေမယ့် ရမ်းသမ်းမချစ်နိုင်သေးဘူး၊ ချစ်မိုးဆွေကိုပဲ ချစ်တယ်''

ရည်ညွှန်းက ချစ်မိုးဆွေကို ငဲ့ကြည့်သည်။ ချစ်မိုးဆွေ၏ မျက်နှာမှာ လှောင်ပြုံးပါးပါးကလေး ထင်ဟပ်နေသည်၊ နဖူးပေါ်မှ ဆံနွယ်စကို လက်နှင့်သပ်တင်သည်။

ထို့နောက်...

''ကဲ...ကိုရည်ညွှန်း ရှင် သူတို့ကို ဘာဆက်မေးဦးမှာလဲ''

''မေးစရာကုန်ပြီ၊ ပြောပြစရာတွေတော့ ကျန်သေးတယ်''

''ဒါဆိုရင် ကျွန်မ စကားတစ်ခွန်း ဖြတ်ပြောချင်တယ်''

''ပြောလေ''

''ရှင့်ကို မဟုတ်ပါဘူး၊ ဒီလူ့ကို...''

နေမျိုးကို မေးငေါ့ပြ၍ ပြောခြင်းဖြစ်သည်။ တဆက်တည်းမှာပင် နေမျိုးကို တစ်ကိုယ်လုံး ခြုံငုံအကဲခတ်ပြီး...

''ကိုနေမျိုး''

''ပြော...ပြောပါ မိုးဆွေ''

နေမျိုးက တံတွေးပင် နင်နေပုံရသည်။

''ရှင်က ကျွန်မကို ချစ်တယ်တဲ့ ဟုတ်လား''

''ဟုတ်တယ်''

''ရှင် ကျွန်မကို အဲဒီအကြောင်း စာလည်းရေးပြီးပြီ စကားလည်း လိုက်ပြောပြီးပြီနော်''

''ဟုတ်တယ်လေ''

''ဟုတ်ပြီ ရှင်က ချစ်မိုးဆွေကို ချစ်တယ်၊ ချစ်တဲ့အကြောင်းလည်း ဖွင့်ပြောပြီးပြီ ချစ်မိုးဆွေက ရှင့်ကို မချစ်ဘူး၊ မချစ်တဲ့အကြောင်း ပြောပြီးတော့လည်း ငြင်းခဲ့ပြီးပြီ။ အဲဒါကြောင့် ရှင်နဲ့ ချစ်မိုးဆွေရဲ့ ဆက်စပ်မှုက ပြီးဆုံးသွားပြီ''

''ဗျာ''

"ရှင်နဲ့ ကျွန်မနဲ့ ပတ်သက်စရာ ဘာအကြောင်းမှ မရှိတော့ဘူး၊ ဇာတ်လမ်းက ဆုံးနေပြီ"

"ဗျာ..."

နေမျိုးက မျက်စိမျက်နှာအတော်ပျက်နေသည်။ ရည်ညွန့်က သက်ပြင်းတစ်ဝက်တစ်ပျက်ကို မှုတ်ထုတ်ရင်း...

"ဟုတ်တယ် ညီလေး၊ ချစ်မိုးဆွေပြောတာ ရှင်းတယ်။ မင်းက ချစ်မိုးဆွေကို ချစ်တာဆိုရင်တော့ ချစ်မိုးဆွေက မင်းကို ငြင်းခဲ့ပြီးပြီ။ ဒီပွဲမှာ မင်း ဝင်နွှဲချင်လို့ မရတော့ဘူး။ ဒီပွဲကနေ မင်း ထွက်လိုက်ရပြီ"

"အဲ...ဟို..."

နေမျိုး ဘာစကားမှ ဆက်မပြောနိုင်ချေ။ ရည်ညွန့်က ဆက်၍ ပြောလိုက်သည်။

"ချမ်းအေးက ဖုန်းထဲက ကောင်မလေးကို ချစ်တယ်တဲ့။ ချစ်မိုးဆွေကသာ ဖုန်းထဲက ကောင်မလေးဖြစ်ခဲ့ရင် ချမ်းအေးအတွက် အခွင့်အရေးအများကြီးရှိသေးတယ်။ အဲဒီအခွင့်အရေးကို ချစ်မိုးဆွေကလည်း လက်လွှတ်စပယ်ငြင်းလို့မရဘူး။ ချမ်းအေးဘက်က ဇာတ်လမ်းဆက်ခွင့်ရှိသေးတယ်။ ဒီပွဲကို ဆက်နွှဲလို့ရသေးတယ်"

ချမ်းအေး၏ မျက်နှာက ဝင်းခနဲဖြစ်သွားသည်။ အမှန်တော့ နေမျိုးက ထိုအချက်ကို မေ့သွားခြင်းဖြစ်သည်။ ချမ်းအေးက မမေ့။

နေမျိုးကတော့ တစ်ကွက်မှားပြီး ကျဆုံးသွားချေပြီ။ ရည်ညွန့်က ရေနွေးတစ်ခွက်ကို မော့သောက်အပြီး ရယ်ရယ်မောမောနှင့်...

"ကဲ...နေမျိုးကတော့ ကွာတားဖိုင်နယ်မှာ ထွက်သွားရပြီ၊ ချမ်းအေးကတော့ ဆီမီးဖိုင်နယ်ကို တက်ပြီ"

ချမ်းအေးက ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွနှင့်...

"အစ်ကိုကြီး၊ ဒါဆိုရင်လည်း ပွဲကို ဆက်လိုက်ကြရအောင်"

ထိုသို့ပြောပြီးပြီးချင်း နေမျိုးဘက်လှည့်၍...

"ဟေ့ကောင် မင်းက သွားတော့လေကွာ"

"ငါ့ဟာငါ ထိုင်နေတာ ဘာဖြစ်လဲ"

နေမျိုးကလည်း ပေကပ်ကပ်၊ စောင်းငန်းငန်း လုပ်နေသည်။





ထိုင်ရာမှ မထချေ။

"မင်းနဲ့ ဒီပွဲနဲ့ မဆိုင်တော့ဘူး၊ သွားလေကွာ"

"ငါ့ဘာသာငါ ထိုင်ချင်လို့ ဆက်ထိုင်နေတာ၊ ဘာဖြစ်လဲ ထိုင်မှာပဲ"

ထိုသို့ပြောပြီး ချမ်းအေးကို မြင်ပြင်းကပ်ဟန်ဖြင့် ကြည့်၏။ ရည်ညွန့်အသံထွက်၍ ရယ်လိုက်မိသည်။

"စကားမများကြနဲ့၊ နေမျိုး ဆက်ထိုင်ရင်လည်း ထိုင်နေ၊ ချမ်းအေး ပွဲကို ဆက်လိုက်ကြရအောင်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ရည်ညွန့်က စကားကို ဆက်မပြောသေးဘဲ ခဏနားလိုက်သည်။ အားလုံးကလည်း ငြိမ်သက်ပြီး သူ့စကားကို စောင့်နေကြသည်။

ဦးလေးတို့၊ ကိုဝင်းအောင်တို့ ဝိုင်းကလည်း စိတ်ဝင်တစား လှမ်းကြည့်နေကြသည်။ ကောင်တာမှ လူရွယ်ပင်လျှင် ဦးလေးတို့ ဝိုင်းကို သွားပြီး အခြေအနေကို မေးမြန်းစပ်စုနေသည်။

ရည်ညွန့်က ချစ်မိုးဆွေ၏ မျက်နှာကို ငေးစိုက်ကြည့်လိုက်ရင်း...

"ခင်ဗျားကို မေးထားပြီးသား မေးခွန်းကိုပဲ ထပ်မေးရမှာပဲ၊ ခင်ဗျားဟာ ချမ်းအေးနဲ့ တယ်လီဖုန်းထဲက စကားပြောခဲ့တဲ့ ကောင်မလေးလား"

"ရှင်က ဘယ်လိုထင်လဲ"

ရည်ညွန့်က ချမ်းအေးဘက်သို့လှည့်ကာ...

"မင်းကရော ဘယ်လိုထင်လဲ"

"ဖုန်းထဲကနေ ကျွန်တော် ယုံတမ်းစကားပြောပြခဲ့တဲ့ ကောင်မလေးဟာ ချစ်မိုးဆွေပါပဲ"

"အထောက်အထားရှိလား"

"ဖြစ်နိုင်ချေ အထောက်အထားတွေပဲရှိတယ်၊ သူက ဝန်မခံရင်တော့ ကျိန်းသေစွပ်စွဲလို့မရဘူးပေါ့။ ဒါပေမယ့် ကျွန်တော့်ရင်ထဲ နှလုံးသားထဲက သိနေပါတယ်။ ချစ်မိုးဆွေဟာ ဖုန်းထဲက ကောင်မလေးပါ၊

သေချာပါတယ်''

ရည်ညွန့်းက အသက်ပြင်းပြင်းတစ်ချက်ရှူလိုက်ပြီး...

''ကောင်းလိုက်တဲ့စကား၊ ချမ်းအေး မင်းကတော့ နောက်တစ်မှတ်ရသွားပြန်ပြီ၊ ဟုတ်တယ် ချစ်မိုးဆွေဟာ မင်းနဲ့ ဖုန်းပြောခဲ့တဲ့ ကောင်မလေးပဲ''

ငွေငွေကြီးထိုင်နေသော နေမျိုးက လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ချမ်းအေးက...

''ဟော့ကောင် မင်းနဲ့ မဆိုင်တော့ဘူးနော်၊ ဒီပွဲက မင်းထွက်ထားရပြီးပြီ''

နေမျိုးက ဘာမှ ပြန်မပြော။ ချမ်းအေးကို မချမ်းအေးစွာကြည့်ပြီး ပြန်ငြိမ်သွားသည်။

''ဒီလိုကွ''

ရည်ညွန့်းက ဆိုင်အပြင်သို့ လှမ်းငေးကြည့်ရင်း စကားစသည်။ ချစ်မိုးဆွေ အပါအဝင် အားလုံးက သူ့စကားကို စိတ်ဝင်တစား နားစွင့်နေကြသည်။

''ချစ်မိုးဆွေတို့ အမေဟာ စိတ်နေစိတ်ထား ထူးခြားတဲ့ အမျိုးသမီးတစ်ယောက်အဖြစ် ဒီမြို့မှာ လူသိများတယ်။ အစကတော့ အဲဒီလို မဟုတ်ပါဘူး။ အခု ချစ်မိုးဆွေလိုပဲ ပျော်ပျော်ရွှင်ရွှင် ထက်ထက်မြက်မြက် နေတတ်တဲ့ အမျိုးသမီးတစ်ယောက်ပါ။ ချစ်မိုးဆွေတို့ အဖေနဲ့ လက်မထပ်ခင် သူ့မှာ ချစ်သူတစ်ယောက်ရှိခဲ့တယ်။ သူကလည်း အတော်ကလေး စွဲစွဲလမ်းလမ်းချစ်တယ်။ တစ်နေ့မှာ သူ့ချစ်သူက သူ့ကို ခွဲသွားတယ်။ သူ့ကိုယ်သူ သေပြီလို့ သတင်းလွှင့်ပြီး ခွဲသွားတာပဲ။ ဒါပေမယ့် သူ တကယ်မသေဘူးဆိုတာကို ချစ်မိုးဆွေတို့ အမေက သိလိုက်တယ်။ ယောကျ်ားတွေကို အတော်စိတ်နာသွားတယ်''

ချစ်မိုးဆွေက မယုံနိုင်လောက်အောင် အံ့သြနေသော မျက်နှာနှင့် ရည်ညွန့်းကို တမေ့တမော ငေးကြည့်နေသည်။ တစ်စုံတစ်ခု ဝင်ပြောရန် အပြင်မှာ ရည်ညွန့်းက လက်ကာပြီး တားထားသည်။ ခဏနေပါဦး၊ ပြီးမှ ပြောပါဟူသော သဘော။





ထို့နောက် ရည်ညွန့်းက စကားဆက်သည်။

''နောက်တော့ အိမ်က ပေးစားတဲ့ ချစ်မိုးဆွေတို့ အဖေနဲ့ လက်ထပ်တယ်။ ချစ်မိုးဆွေ အခါလည်သမီးမှာပဲ အဖေလုပ်သူကွယ်လွန်တယ်။ ချစ်မိုးဆွေတို့ အမေဟာ သူ့သမီးကို ယောကျ်ားတွေ ပြောလာတတ်တဲ့ ယုံတမ်းစကားကို မယုံကြည်ဖို့ အတင်းအကြပ်သွန်သင်ခဲ့တယ်။ ဒီနေရာမှာ အတင်းအကြပ်ဆိုတဲ့ စကားက အရေးကြီးတယ်။ အဲဒီလို အတင်းအကြပ်သွန်သင်တဲ့အတွက်ကြောင့် ပြောင်းပြန်အကျိုးသက်ရောက်မှု ဖြစ်လာတယ်။ ချစ်မိုးဆွေက ယုံတမ်းစကားကို အင်မတန် စိတ်ဝင်စား နှစ်ခြိုက်တဲ့ မိန်းကလေးဖြစ်လာတယ်''

''နေပါဦး၊ ဒါတွေကို ရှင်က ဘယ်လိုလုပ်သိနေတာလဲ''

''ဆုံးအောင်နားထောင်ပါဦး၊ ဒါတင် ဘယ်ကမလဲ၊ ဒီထက်သိထားတာတွေတောင် ပြောဦးမယ်''

ချစ်မိုးဆွေ ဇဝေဇဝါနှင့် ငြိမ်သွားသည်။

''ရန်ကုန်မှာ ချစ်မိုးဆွေ မင်းတို့နဲ့ ယုံတမ်းစကားပြောကြတာ သူ့အမေကြားရတော့ သူ့အမေက နယ်ကို ပြန်ခေါ်တယ်။ ဟိုတစ်ချိန်က သူခံခဲ့ရသလိုမျိုးပဲ။ ချစ်မိုးဆွေကို မသေဘဲနဲ့ သေတယ်လို့ ပြောပြီး တံခါးပိတ်လိုက်တယ်။ သူ့ကို ကြောက်ရတဲ့ ချစ်မိုးဆွေရဲ့ အဒေါ်တွေကလည်း သူခိုင်းတဲ့အတိုင်း လိုက်ပြောပေးကြတယ်။ ဒီအဖြစ်အပျက်ရဲ့ လိုရင်းကတော့ ဒါပါပဲ''

ချမ်းအေးက ဝမ်းသာအဲလဲပြောသည်။

''အစ်ကိုကြီး၊ ဒါဆို ကျွန်တော် ထင်တာမှန်သွားတာပေါ့''

''အေး မှန်ပါတယ်ဆို အနေအထားကို မင်းသိသွားပြီ။ ဒီပြဿနာကို မင်း ဘယ်လိုဖြေရှင်းမလဲ၊ လောလောဆယ် မင်းတို့ရဲ့ ဖုန်းထဲက ကောင်မလေးက သေသွားပြီ၊ အဲဒီကောင်မလေးကို မင်း ဘယ်လိုပြန်အသက်သွင်းမှာလဲ''

ချမ်းအေးက တစ်ချက်စဉ်းစားဟန်ပြုပြီး...

''ပြဿနာက သူ့အမေအပေါ်မှာ တည်တယ် အစ်ကိုကြီးရဲ့၊ သူ့အမေကို သဘောထားပြောင်းအောင်လုပ်ပေးနိုင်ရင် ပြေလည်သွားလိမ့်

မယ်''

ရည်ညွန့်းက လက်ဖျောက်တစ်ချက်တီးလိုက်ပြီး...

''ဟုတ်ပြီ၊ ဒါပေမယ့် သူ့အမေ စိတ်ပြောင်းအောင် မင်း ဘယ်လိုလုပ်မှာလဲ''

''အင်း...အဲဒါကတော့ အဲဒါကတော့...''

ချမ်းအေး အသည်းအသန် စဉ်းစားနေသည်။ ထိုအချိန်မှာပဲ ဦးလေးတို့ဝိုင်းဆီမှ ခပ်ကြွက်ကြွက် အသံလေးများကို ကြားရသဖြင့် ရည်ညွန့်း လှည့်ကြည့်လိုက်သည်။

''ဩော်...''

သူမပါလျှင် ဘယ်ပြီးလိမ့်မလဲ။ ကိုကျော်သီဟ ရောက်နေခြင်း ဖြစ်သည်။ ဤဝိုင်းသို့ လာမည် တကဲကဲလုပ်နေ၍ ဦးလေးတို့က ဆွဲထား ရခြင်းဖြစ်သည်။ သူ့ခမျာ ဦးလေးတို့ ဝိုင်းမှာပဲ ဝင်ထိုင်ရသည်။

ရည်ညွန့်းတို့ ဝိုင်းကို လှမ်းကြည့်လိုက်၊ ကိုဝင်းအောင်ကို မေးခွန်းတွေ လှည့်မေးလိုက်နှင့် အလုပ်တွေ ရှုပ်နေ၏။

''အစ်ကိုကြီး၊ အဲဒါကိုတော့ ကျွန်တော် အသေအချာ စဉ်းစားမှ ဖြစ်မယ်။ အလွယ်ဖြေလို့မရဘူး၊ ပြေလည်အောင်တော့ ကျွန်တော် ကြည့်လုပ်မှာပေါ့''

''မင်း လုပ်စရာမလိုတော့ပါဘူးကွာ၊ ပြေလည်သွားပါပြီ၊ ချစ်မိုးဆွေတို့ အမေ စိတ်ပြောင်းသွားပါပြီ''

''ဗျာ''

ချမ်းအေးက ဝမ်းသာအားရကြီး ဖြစ်သွား၏။ ချစ်မိုးဆွေ၏ ခန္ဓာကိုယ်က ဆတ်ခနဲ တုန်သွားသည်။ မျက်လုံးစူးစူးလေးများဖြင့် ရည်ညွန့်းကို ကြက်သေသေပြီး ကြည့်နေသည်။ သူမကိုယ်တိုင် မယုံ နိုင်သော အချက်ဖြစ်နေပုံရသည်။

''သူ့အမေက ဘယ်လိုဖြစ်လို့ စိတ်ပြောင်းသွားတာလဲ''

ဝိုင်းထဲမှာ အတူထိုင်ပြီး ပရိသတ်ဖြစ်သွားရသော နေမျိုးက ဤမေးခွန်းကို ဝင်မေးခြင်းဖြစ်သည်။

''ငါ သူနဲ့ သွားတွေ့လိုက်လို့ပေါ့''





''ချစ်မိုးဆွေတို့ အမေနဲ့လား''

''အေးပေါ့''

''ဟင်...အစ်ကိုကြီး ဘယ်လိုများ သွားပြောလိုက်တာလဲ''

''ဩော်...တစ်ခါတုန်းက သူ့ချစ်သူဟာ သေတယ်လို့ သတင်း လွှင့်တာ သက်သက်မဟုတ်ပါဘူး။ တကယ်ကို သေသွားတာပါလို့ သွား ပြောတာ''

''ဟင်...ဟုတ်လား၊ ဘယ်လိုဖြစ်တာတုန်း၊ မသေဘဲနဲ့ သေတယ်လို့ သတင်းလွှင့်ခဲ့တာဆို...''

''ဟုတ်တယ်၊ အဲဒီသတင်းကို လွှင့်ပြီး ချစ်မိုးဆွေတို့ အမေနဲ့ အဆက်အသွယ်ဖြတ်လိုက်တဲ့အချိန်မှာ အဲဒီပုဂ္ဂိုလ်က မသေသေးပါဘူး။ ဒါပေမယ့် ကင်ဆာရောဂါနဲ့ (၆)လအတွင်း သေမယ့်သူ ဖြစ်နေပါပြီ။ အဲဒါကြောင့် သူ့ချစ်သူကို အဲဒီလို ကြေညာပြီး အဆက်အသွယ်ဖြတ်ပစ် လိုက်တာပါ။ ညာချင်လို့ မဟုတ်ပါဘူး။ ချစ်သူ စိတ်မဆင်းရဲစေချင်လို့ ပါ''

''ဟင်...ဟုတ်လား၊ အဲလိုလား၊ အစ်ကိုကြီး သွားပြောတော့ ချစ်မိုးဆွေတို့ အမေက အလွယ်တကူ လက်ခံလား''

''သေဆုံးချိန်၊ ဈာပနမှတ်တမ်းတွေကိုပါ ထုတ်ပြရတာပေါ့ကွာ''

''ဟင် အစ်ကိုကြီးက ဒါတွေ ဘာကြောင့် ဒီလောက် သိနေ ရတာလဲ''

ချမ်းအေး အံ့ဩတကြီးမေးသလိုပဲ ချစ်မိုးဆွေကလည်း...

''ရှင်...ဘယ်လိုလုပ်...''

စကားကို ရှေ့မဆက်၊ ဆုံးအောင် ဆက်မမေးဘဲ နှုတ်ခမ်း နှစ်လွှာကို တင်းတင်းပြန်စေ့သွားသည်။ ချမ်းအေးကို ရည်ညွန့်း ဘာပြန် ပြောမလဲဆိုတာကို စိတ်ရှည်ရှည်ထားပြီး စောင့်နားထောင်နေသည်။ ရည်ညွန့်းက စားပွဲခုံကို လက်ညှိုးနှင့် တတောက်တောက်ခေါက်လိုက် ရင်း...

''ချစ်မိုးဆွေတို့အမေရဲ့ သေဆုံးသွားတဲ့ အဲဒီချစ်သူဟာ ငါ့ဦးလေး အရင်းခေါက်ခေါက်ပါပဲ''

စကားဝိုင်းက ခေတ္တတိတ်ဆိတ်သွားသည်။ ချစ်မိုးဆွေထံမှ သက်ပြင်းချသံသဲ့သဲ့တစ်ခုကို ကြားရသည်။ ခဏကြာမှ ချမ်းအေးက

"အစ်ကိုကြီး၊ စကားလမ်းကြောင်း ပြန်ဆက်ရအောင်၊ ချစ်မိုးဆွေတို့ အမေကလည်း စိတ်ပြောင်းသွားပြီဆိုရင် ကျွန်တော်နဲ့ ချစ်မိုးဆွေရဲ့ ဖုန်းထဲက ဇာတ်လမ်းကို ပြန်ဆက်လို့ရပြီပေါ့"

"အေး…မင်း လွတ်လွတ်ကျွတ်ကျွတ် ဗိုလ်စွဲဖို့နီးပြီ။ ဖိုင်နယ်မှာ နောက်တစ်ယောက်နဲ့ပဲ ယှဉ်ရတော့မယ်"

"ဟင်…နေမျိုးက ထွက်လိုက်ရပြီလေ"

"မင်း ပြန်စဉ်းစားဦးလေ၊ မင်းနဲ့ ချစ်မိုးဆွေတို့ ဖုန်းစပြောဖြစ်တော့ သူ့ကို ယုံတမ်းစကား ပြောမယ့်လူ အောက်မေ့ပြီး မင်းကို မှားဆက်ဆံတာ မဟုတ်လား။ မင်းရှေ့မှာ တစ်ယောက်ရှိနေတယ်လေ။ ချစ်မိုးဆွေကို ယုံတမ်းစကားပြောပြဖို့ မင်းတို့နှစ်ယောက် အရင်ဆက်သွယ်ခဲ့တဲ့လူလေ"

ချမ်းအေး 'အို'ခနဲ ဖြစ်သွားသည်။ မျက်နှာလည်း အိုထွက်သွားသည်။

"အဲဒီ…အဲဒီလူက ဘယ်သူလဲ"

သက်ပြင်းတစ်ချက်နှင့်အတူ ပြောဖြစ်လိုက်သည်။

"ငါပဲ"





(၁၈)

"သမီး"

"ရှင်"

ညှော်ခန်းထဲမှ ချစ်မိုးဆွေ ထိုင်၍ ငိုင်နေချိန်ဖြစ်သည်။ ဘာရယ်မဟုတ်ဘဲ ရင်ထဲမှာ မောနေသည်။ သည်နေ့ လက်ဖက်ရည်ဆိုင်မှာ သူမ ကြားခဲ့ရသော စကားတွေက စိတ်လှုပ်ရှားစရာတွေချည်းပဲဖြစ်၏။

မိန်းမတို့ဣန္ဒြေ ဒေါ်လာပေး၍မရဟူသော စကားအရ ထိန်းနေခဲ့ရသည်။ စိတ်ထဲမှာတော့ အတော်မငြိမ်မသက်ဖြစ်ရ၏။ ကြားရတာတွေကလည်း ရင်တဖိုဖိုချည်းပဲဖြစ်သည်။

ထိုသို့ထိုင်၍ ငိုင်တွေနေမိတုန်း နံ့သာဖြူနံ့များနှင့်အတူ မေမေ ရောက်လာခြင်းဖြစ်၏။

"သမီးကို မေမေ ပြောစရာရှိတယ်"

"ဟုတ်…ဟုတ်ကဲ့ မေမေ၊ မေမေ ဘုရားရှိခိုးလို့ ပြီးပြီလား"

"ပြီးပါပြီ၊ ဒီနေ့ ဘုရားဝတ်ပြုတာကို အချိန်စောပြီး ဖြတ်လိုက်တယ်"

စကားအဆုံးမှာ မေမေက သူမ၏ နံဘေးသို့ ဝင်ထိုင်သည်။

ညှော်ခန်းထဲမှာ လူသူရှင်းလင်းနေ၏။ ကြီးကြီးက အိမ်ပြင်ဝရန်တာမှာ အလှစိုက်ပန်းအိုးတွေကို ပြုပြင်နေသည်။ တုတ်တိုတစ်ချောင်းနှင့် ဟိုထိုး သည်ဆွ လုပ်နေ၏။

"မနေ့ကတည်းက မေမေ သမီးကို စကားပြောမလို့"

"ဟုတ်ကဲ့"

မေမေ့၏ စကားသံက ချိုသာနူးညံ့လှသည်။ မေမေကတော့ ဒီအတိုင်းချည်းပါပဲလေ။ သိမ်မွေ့သလောက် ပြတ်သားလှသူဖြစ်၏။

"ဘုရားရှိခိုးပြီးမှ ပြောမယ်လို့ပဲ။ ဒါပေမယ့် မေမေလည်း ဘုရားခန်းက ထွက်လာရော သမီးက အိပ်နေပြီ"

ရည်ညွှန်းထံမှ ကြားထားပြီးဖြစ်၍ မေမေပြောမည့် စကားကို သူမ ကြိုသိနေပါသည်။

သို့သော် တရားဝင်ဖြစ်အောင် သူမ နားထောင်ရချေဦးမည်။

"ဒီနေ့ကစပြီး သမီး အိမ်ထောင်ရေးကို သမီး လွတ်လွတ်လပ်လပ် စဉ်းစားပါ။ မေမေ ဘာမှ ဝင်မချုပ်ချယ်တော့ဘူး"

မေမေ့ကို လှည့်ကြည့်တော့ မေမေက သူမကို ပြုံးရယ်ကြည့်နေသည်။

"သမီး အံ့သြသွားသလား"

သူမ ဘာမှ ပြန်မပြောမိချေ။ အရှုံးအနိုင်ကြိုကြေညာထားသည်။ ဘောလုံးပွဲကို စောင့်ကြည့်ရသလို ဖြစ်နေသည်။ သိပ်တော့ မအံ့သြလှ။

"ဘာကြောင့်လဲဆိုတော့ မေမေ ရှင်းပြမနေတော့ဘူး။ သမီးရဲ့ အတွေးထဲမှာလည်း သံသရာတွေ ရှည်မနေစေချင်တော့ဘူး။ လိုရင်းကတော့ ခုနက ပြောတဲ့အချက်ပါပဲ။ သမီး အိမ်ထောင်ရေးကို သမီးဘာသာ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပိုင်ခွင့်ရှိသွားပြီ"

ဒီတစ်ခါလည်း ဘာမှ ပြန်မပြောဖြစ်ချေ။ နှုတ်ဆွံ့အနေသော သူမကို ကြည့်ပြီး မေမေက...

"ဘာလဲ သမီး၊ မေမေပြောတာကို မယုံဘူးလား"

"ဟို...ယုံ...ယုံပါတယ်"

"သမီး ဘာတွေ စဉ်းစားနေတာလဲ"

သူမက တစ်ချက်ရယ်လိုက်၏။

"ဘာရယ်မဟုတ်ပါဘူး မေမေရယ်"

မေမေက ပန်းအိုးတွေပြုပြင်ရင်း အပြင်မှ မယောင်မလည် နားထောင်နေဟန်ရှိသော ကြီးကြီးကို တစ်ချက်လှမ်းကြည့်ပြီး ပြုံး၏။

ပြီး...သူမ၏ မျက်နှာကို သေသေချာချာကြည့်ကာ...

"ရန်ကုန်မှာ သမီး ဖုန်းပြောတဲ့ ကောင်လေးနှစ်ယောက် ဒီမြို့ကို လိုက်လာတယ်နော်"

"အင်း...ဟုတ်တယ် မေမေ၊ လိုက်လာကြတယ်"

"သူတို့ကို သမီး သဘောကျသလား"

ချစ်မိုးဆွေက မေမေ့ပခုံးပေါ် ခေါင်းနှင့်မှီလိုက်ရင်း...

"ဟင့်အင်း...သဘောမကျဘူး မေမေ"

"တကယ်လား"

"တကယ်ပါ"

"အေး၊ သူတို့ လိုက်လာကြတာကို မေမေ သိတယ်၊ သမီးအဒေါ် ရေးကြီးသုတ်ပျာနဲ့ ရန်ကုန်ကနေ သမီးကို ဖုန်းဆက်အကြောင်းကြားသေးတယ် မဟုတ်လား။ အဲဒါကိုလည်း မေမေသိတယ်"

"ဟုတ်ကဲ့"

မေမေက သူမကို ပြန်လည်ပွေ့ဖက်ထားလိုက်ရင်း...

"သမီး ဒီကောင်လေးနှစ်ယောက်ကို သဘောမကျတာ သေချာရဲ့လား"

"သေချာပါတယ် မေမေရဲ့"

"ဒါဆို ဟိုတစ်ယောက်ကိုရော..."

"ဘယ်တစ်ယောက်ကိုလဲ..."

"ဟို...ရည်ညွှန်းဆိုတဲ့ ကောင်လေးကိုလေ"

"အာ...မေမေကလဲ"

သူမ ရှက်သွားသည်။ ရင်ထဲမှာလည်း နွေးခနဲဖြစ်သွားသည်။ လက်တစ်ဖက်နှင့် မေမေ့ကို ပြန်ဖက်လိုက်ရင်း ငြိမ်နေမိ၏။ မေမေက သူမကို အကဲခတ်ရင်း ခပ်တိုးတိုးရယ်၏။

"သိပြီ သိပြီ၊ ဒီလောက်ဆို မေမေသဘောပေါက်ပြီ"

သူမ ရှက်ပြုံးကိုသာ ပြုံးနေမိသည်။ ဘာမှ ပြန်မပြောဖြစ်။ မေမေကသာ ဆက်ပြောသည်။

"အဲဒီကောင်လေး မဆိုးပါဘူး၊ အရည်အချင်းရှိပုံရတယ်"

"အင်း...အဲဒါတော့ ဟုတ်တယ်မေမေ၊ အတော်တော်တယ်"

မေမေက ရယ်၏။

"ငါ့သမီးက ဟန်တောင်မဆောင်နိုင်ဘဲကိုး"

"ဟာ...မေမေကလည်း သမီးက အဲဒီလို မဟုတ်ပါဘူး"

"နေပါဦး သမီးရဲ့"

"ရှမ်..."

"မောင်ကျော်သီဟကိုရော မကြိုက်ဘူးလား၊ သူလည်း သမီးကို အနွံအတာခံရှာပါတယ်"

"ဟင့်အင်း၊ သမီး သူ့ကို အစ်ကိုကြီးတစ်ယောက်လိုပဲ ခင်တယ်၊ မေမေ ကြီးကြီးနဲ့ ပေးစားလိုက်ပါလား"

မေမေ ကြောင်တက်တက်ဖြစ်သွားပြီးမှ...

"တယ် ဒီကောင်မလေး"

ထို့နောက် မေမေက မတ်တတ်ထရပ်သည်။

"ကဲ...မေမေ အခန်းထဲ ဝင်တော့မယ်"

"ဟုတ်...ဟုတ်ကဲ့ မေမေ"

မေမေ သူ့အခန်းထဲ သူဝင်သွားတော့မှ ကြီးကြီးက ပျာယီပျာယာ ရောက်လာသည်။

"ဟဲ့...သမီး၊ နင့်အမေ ဘာပြောသွားတာလဲ"

"ကြီးကြီးနဲ့ ကိုကျော်သီဟကို နေရာချထားပေးမလို့တဲ့"

"အမယ်လေးတော်"

ကြီးကြီးက ရင်ဘတ်ကို လက်နှင့်ဖိပြီး အော်၏။ ကိုကျော်သီဟက အိမ်သို့ မကြာမကြာလာလည်သည်။ သူမက အင်တင်တင်ဖြစ်နေသလောက် ကိုကျော်သီဟလာတိုင်း ကြီးကြီးက ပျာပျာသလဲ ဖြစ်နေတတ်သည်။ ထို့ကြောင့် နောက်နေ့ခြင်းဖြစ်၏။

"ကလင်...ကလင်...ကလင်"

ကြီးကြီးက ကောက်ကိုင်လိုက်၏။

"ဟဲလို..."





ချက်ချင်းဆိုသလိုပင် ဖုန်းခွက်ကို လက်နှင့်ပိတ်ပြီး သူမကို ခပ်တိုးတိုးလှည့်ပြောသည်။

"သေခဲဦးမယ်ဟေ့၊ ကျော်သီဟ ဆက်နေတာ"

"သမီး အိမ်မှာ မရှိဘူးလို့ပြောလိုက် ကြီးကြီးရာ၊ သမီး မပြောချင်ဘူး"

"ဟဲ့...လာပြောလိုက်ပါ၊ လူကြီးကို မညာခိုင်းနဲ့"

"မပြောချင်ပါဘူးဆို၊ အိမ်မှာမရှိဘူးလို့ ပြောလိုက်"

"မိဆွေ ငါမညာချင်ဘူးဟယ်"

"အာ...ကြီးကြီးကလည်း တကယ်ပဲ"

သူမ ဆောင့်ဆောင့်အောင့်အောင့်နှင့် ထိုင်ရာမှထတော့ ကြီးကြီးက ဝမ်းသာသွားဟန်ရှိသည်။ သို့သော် သူမက ဖုန်းဆီမသွားဘဲ အိမ်အပြင်သို့ ပြေးထွက်လိုက်သည်။ လမ်းပေါ်မှ ကြီးကြီးကို လှမ်းအော်ပြောလိုက်သည်။

"ကြီးကြီး၊ သမီး လမ်းပေါ်ရောက်နေပြီ၊ အိမ်မှာ မရှိဘူးလို့ ကြီးကြီး ပြောလိုက်တော့၊ ဒါ ညာတာမဟုတ်ဘူး"

စိတ်ပျက်လက်ပျက်နှင့် ကြီးကြီးက သူမ ပြောခိုင်းသည့်အတိုင်းပင် ကိုကျော်သီဟကို ပြောလိုက်သည်။ ဖုန်းချပြီးမှ ချစ်မိုးဆွေအိမ်ထဲ ပြန်ဝင်လိုက်၏။

"မိဆွေ ညည်းကတော့လေ တကယ်ပဲ"

"သမီးမှ သူ့ကို ပြောစရာစကားမရှိဘဲ ကြီးကြီးရယ်"

ကြီးကြီးက သတိတရ ပြန်မေး၏။ သူမပင် အိုးတိုးအမ်းတမ်း ဖြစ်သွားရသည်။

"နေပါဦး၊ ခုနက ညည်းအမေ ညည်းကို ဘာတွေပြောနေတာလဲ"

"သမီးကို ယောက်ျားယူခိုင်းနေတာ"

"ဟယ်...ဟုတ်လား၊ ညည်းက ယူမှာလား"

"ယူမှာပေါ့၊ မိန်းမပဲ ယောက်ျားမယူလို့ ဘာလုပ်ရမှာလဲ"

"ငါ့လို အပျိုကြီး မလုပ်တော့ဘူးလား"

"မလုပ်ပါဘူး၊ ပျင်းစရာကြီး"

"နေပါဦး၊ ညည်းက ဘယ်သူ့ကို ယူမှာလဲ"

"ဟိုနေ့က ကိုကျော်သီဟနဲ့အတူ မနက်အစောကြီး အိမ်ကို ရောက်လာတဲ့လူလေ"

"ဩော်…ဟို အိမ်ရှေ့က လာအော်နေတဲ့ ကောင်လေးလား"

"ဟုတ်တယ်၊ ဟို လွယ်အိတ်လွယ်ထားတဲ့ ချောချောလေးလေ"

"ညည်းကရော ကြိုက်လို့လား"

"အင်း…ယူမှာ"

"သူကရော ညည်းကို ကြိုက်လို့လား"

"ကြိုက်တယ်"

"သူက ဘာအလုပ် လုပ်တာလဲ"

"သူက မှော်ဆရာ လုပ်တယ်"

"ဘာ…"

ကြီးကြီးကို ပြန်ဖြေရှင်းမနေတော့ဘဲ အပေါ်ထပ်သို့ပြေးတက်ခဲ့၏။

အပေါ်ထပ်လေသာဆောင်မှာ တစ်ယောက်တည်းထိုင်ပြီး အတွေးနယ်ချဲ့နေလိုက်မိသည်။

သဘောကောင်းပုံရှိသလောက် တစ်ခါတစ်ခါ မထီတရီနိုင်တတ်သော ရည်ညွန်း၏ မျက်နှာကို မြင်ယောင်နေမိသည်။ သူ့အကြောင်းကို စဉ်းစားတိုင်း ရင်ထဲမှာ နွေးခနဲ နွေးခနဲဖြစ်နေတတ်သည်။

အမှန်တော့ စတွေ့ကြစဉ်ကတည်းက ရည်ညွန်းကို သူမ သဘောကျမိသည်။ ဒီကြားထဲမှာ ဟိုနှစ်ယောက်က လာရှုပ်နေသည်။ မြို့ခံ ကိုကျော်သီဟကတော့ ထားလိုက်ပါတော့။

နေ့လည် လက်ဖက်ရည်ဆိုင်မှာ ဆွေးနွေးကြတော့လည်း ရည်ညွန်းကို သူမ မချင့်မရဲဖြစ်ရသေးသည်။ အဝေးရောက်နောက်ပိုင်း နှစ်ယောက်ထဲမှ တစ်ယောက်ယောက်နှင့် သူမကို အတင်းပေးစားရန် ကြံသလိုဖြစ်နေသည်။

တော်ပါသေးရဲ့။ ထိုနှစ်ယောက်ကို ကွာတားဖိုင်နယ်လောက်က စတက်ခိုင်းပြီး သူက ဖိုင်နယ်မှ စောင့်နေလိုက်၍ ဖြစ်သည်။ သူမကို





ပထမဆုံး ဖုန်းစဆက်သွယ်သူက ရည်ညွန်းဟု သိလိုက်ရတော့ သူမ…ပျော်လိုက်တာ။

"သူကတော့ ဖုန်းမှားတာ မဖြစ်နိုင်ဘူး"

တစ်ကိုယ်တည်း ရေရွတ်မိသည်။

ဟိုနှစ်ယောက်ကတော့ ဖုန်းမှားပြီး သူမဆီ ရောက်လာခြင်း ဖြစ်သည်။ ရည်ညွန်းကတော့ တမင်သက်သက် ဆက်ခြင်းဖြစ်လိမ့်မည်။

"အင်းလေ၊ သူ့ဦးလေး ရည်းစားဟောင်းရဲ့ သမီးဆိုတော့ သူလည်း စိတ်ဝင်စားပေမပေါ့"

ဒီပွဲထဲမှာ ရည်ညွန်းပါဝင်လာခြင်းကို သူမ ဘယ်လို စိတ်ချမ်းသာသွားမှန်းပင် မသိချေ။ နို့မို့ဆိုလျှင် ဟိုအဝေးရောက်နှာဗူးနှစ်ယောက် နှင့်ပင် နှစ်ပါးသွားတွေ၊ သုံးပါးသွားတွေ လုပ်နေရဦးမည်။ စိတ်ရှုပ်၊ အလုပ်ရှုပ်သည်။

နောက်ပြီး ရည်ညွန်းကို ကြိုက်နေမိပြီးမှ သူတို့နှစ်ယောက်ထဲမှ တစ်ယောက်ယောက်ကို အားနာပြီး ယူရလျှင် အင်မတန် ရင်နင့်ကြေကွဲဖွယ်ရာ ဖြစ်လိမ့်မည်။

"ကျွန်တော့်ကို ခွင့်ပြုကြပါဦး ခင်ဗျာ၊ ကျွန်တော် ရန်ကုန်ကို တစ်ခါတည်း ပြန်တော့မယ်"

လက်ဖက်ရည်ဆိုင်မှ ထကြတော့ အရှုံးသမားဖြစ်သွားရသူ နေမျိုးက အားလုံးကို ထိုသို့ နှုတ်ဆက်လှည့်ထွက်သွားသည်။

မျက်စိရှေ့မှောက်ကနေ သူ ပျောက်သွားတော့မှ ရည်ညွန်းက

"မချစ်မိုးဆွေ၊ ဘာပဲပြောပြော သူ့ရဲ့ ဒီစာလေးကို ခင်ဗျား သိမ်းထားလိုက်ပါ"

လွယ်အိတ်ထဲမှ စာတစ်စောင် ထုတ်ပေး၏။ မှော်ဆရာ အမေး၊ အဖြေကဏ္ဍသို့ နေမျိုးက ပေးပို့ထားသောစာဖြစ်သည်။

"ဒီစာက ရှင့်လက်ထဲကို ဘယ်လိုလုပ်ရောက်နေတာတုန်း"

"ကျွန်တော်က မှော်ဆရာလေ၊ ဒီကိစ္စကို သူတို့ဆီကတစ်ဝက်၊ ကျွန်တော့်ဦးလေးရဲ့ ဒိုင်ယာရီကတစ်ဝက် သိခဲ့ရတာပေါ့"

"ဟင် ရှင်က တကယ် အဲဒီဂျာနယ်က မှော်ဆရာလား"

"ဟုတ်ပါတယ်"

"ဟာ...ပျော်စရာကြီးပဲ၊ ကျွန်မ ရှင့်ကို သိပ်ကြိုက်တာ"

"ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်"

"ဘာရှင့်၊ ကျွန်မ ပြောတာက ရှင်ရေးတဲ့ စာတွေကို ကြိုက်တယ်လို့ ပြောတာ"

ထိုသို့ဖြင့် ရင်ခုန်မောလျှစွာ အိမ်သို့ သူမ ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။

ယခု သူမအတွက် ရည်ညွန်းနှင့် ချမ်းအေးတို့ ပြိုင်ပွဲဆက်ကြဦးမည်တဲ့။ အမှန်တော့ ပြိုင်စရာမလိုတော့ပါ။ သူမကတော့ မော်ဆရာကြီး ရည်ညွန်းကိုပဲ ရွေးမည်ဖြစ်သည်။

ထိုသို့ တွေးနေစဉ်မှာပင် အောက်ထပ်မှ ဖုန်းသံနှင့်အတူ ကြီးကြီး၏ အော်ခေါ်သံကို ကြားရ၏။

"သမီး မိဆွေ၊ ဖုန်းလာတယ်"

ဘယ်သူလဲမသိ။ ကမန်းကတန်းပြေးဆင်းပြီး ဖုန်းခွက်ကို ကောက်ကိုင်လိုက်တော့...

"ဟဲလို ချစ်မိုးဆွေလား"

"ဟုတ်ပါတယ်"

"ကျွန်တော် ချမ်းအေးပါ"

"ဪ..."

"အချိန်နည်းနည်းပေးနိုင်မလား မသိဘူး၊ ကျွန်တော် စကားလေး နည်းနည်းပြောချင်လို့"

"ဟုတ်ကဲ့၊ ကျွန်မ အချိန်နည်းနည်းပေးပါ့မယ်၊ နည်းနည်း နားထောင်ပါ့မယ်"

ချမ်းအေး အောင့်သက်သက်ဖြစ်သွားပုံရသည်။ သို့သော် လေအေးကလေးနှင့်ပင် ပြောလာ၏။

"မချစ်မိုးဆွေ၊ နေမျိုးကတော့ ပြိုင်ပွဲက ထွက်သွားရပြီး ကျွန်တော်လည်း ဆက်မပြိုင်တော့ဘဲ အရှုံးပေးလိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ"





"ဟာ...ဟုတ်လား၊ တကယ်လား"

လေသံမှာ ဝမ်းသာအားရဟန်တွေပါသွားသဖြင့် နည်းနည်းတော့ အားနာသွားမိသည်။ တစ်ဖက်မှ ရှူးခနဲ လေမှုတ်သံကို ကြားရ၏။

ကားဘီးပေါက်သံတော့မဟုတ်။ နှာခေါင်းဘီးပေါက်သံပဲဖြစ်၏။ ချမ်းအေး သက်ပြင်းချလိုက်ခြင်းဖြစ်သည်။

"အေးဗျာ၊ ကျွန်တော် စဉ်းစားတယ်။ ကိုရည်ညွန်းကို ကျွန်တော် ယှဉ်နိုင်ဖို့မလွယ်ဘူး၊ ဒီလူကြီးက တကယ့် မာစတာဘရိန်းလေ"

"ဪ...အဲလိုလား"

"ဒါ့အပြင် ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိသေးတယ်။ ကျွန်တော့်အတွက်တော့ ချစ်မိုးဆွေဟာ ကျောင်းစာအုပ်တစ်အုပ်နဲ့ တူနေတယ်"

"အလို ဘာဖြစ်လို့"

"ကျောင်းစာအုပ်ဆိုတာကတော့ ချစ်မိုးဆွေရယ်၊ ကိုယ့်အရွယ် ကိုယ့်ဘဝနဲ့ ရင်းပြီး ဖြတ်သန်းဖန်တီးယူရတဲ့ စာအုပ်မဟုတ်လား။ အောင်အောင်မြင်မြင် ကျော်လွှားနိုင်အောင် ကြိုးစားရတာပဲ၊ ဒါပေမယ့်..."

"အင်း...ပြော"

"ကျောင်းစာအုပ်ထဲမှာ အမှန်လက္ခဏာလည်း ရှိတယ်၊ အမှားလက္ခဏာလည်းရှိတယ်၊ ကျွန်တော့်အတွက်တော့ ချစ်မိုးဆွေဟာ ကျောင်းစာအုပ်ပဲ"

"ဪ..."

"စာမျက်နှာ အသစ်တစ်ရွက် တစ်ရွက်ကိုလှန်တိုင်း ပုစ္ဆာအသစ် အသစ်တစ်ပုဒ်နဲ့ တိုးနေရတယ်။ ချစ်မိုးဆွေကို ကျွန်တော် နားမလည်ဘူး၊ လိုက်မမီဘူး၊ ပြီးတော့ ကိုရည်ညွန်းနဲ့မှ လိုက်ဖက်ညီလိမ့်မယ်လို့လည်း ခံစားရတယ်။ ကျွန်တော့်ထက် ကိုရည်ညွန်းက ပိုထိုက်တန်တယ်လို့ ယူဆပါတယ်။ ပြီးတော့လည်း..."

"ဘာဖြစ်လဲ"

"ဪ...သူက ကိုယ့်ထက်စောခဲ့တဲ့သူ မဟုတ်လား"

(၁၉)

ညနေခင်းက အလင်းမြူမှုန်တို့ဖြင့် စိုညက်လှပနေသည်။ နေလုံးကြီးက မိုးကုတ်စက်ဝိုင်းတစ်ဘက်ကို တအိအိလိမ့်ကျနေသည်။

ကောင်းကင်မှာ တိမ်အဖြူတွေ ဝေ့ကာရွေ့ကာ။ တိမ်တွေကို နောက်ခံထားပြီး အိပ်တန်းပျံငှက်ကလေးများ ပျံသန်းသွားတာကို သူမ ငေးကြည့်နေမိသေးသည်။

အတန်ကြာမှ ဖြည်းဖြည်းချင်း ရှေ့ကို ဆက်လျှောက်ဖြစ်သည်။ အေးအေးလူလူ လမ်းလျှောက်ထွက်လာခြင်းဖြစ်၍ စက်ဘီးကို ယူမလာခဲ့။ ရှေ့ဆီမှာ ရေစီးသန်သော ချောင်းကလေး။ ခရိုးခရိုင်ဖြတ်ထိုးထားသည့် ဝါးတံတားကြီးတစ်ခုရှိသည်။

ချောင်း၏ ဟိုဘက်ဆီမှာ ကျယ်ပြန့်သီညာသော မြက်ခင်းစိမ်းနု၊ ချောင်းကမ်းပါးမှာရပ်ပြီး တသုန်သုန်စီးနေသည့် ချောင်းရေညိုညိုတို့ကို ငေးကြည့်ရတာ အလွန်အရသာရှိသည်။

ချောင်းဆီသို့ သူမ တရွေ့ရွေ့လျှောက်နေမိသည်။ လူက လန်းဆန်းကြည်လင်လျက်ရှိပြီး စိတ်ကလည်း အေးချမ်းသာယာနေသည်။

''ဟင်''

သူမ၏ ရှေ့သို့ စာရွက်ကလေးတစ်ရွက်ကျလာသည်။ ငုံ့ကောက်ကြည့်လိုက်တော့...

''ကျောဘက်ကိုကြည့်''





သူမလည်း တစ်ချိန်က ရည်ညွှန်းလိုပင် ယောင်ရမ်းပြီး နောက်ဘက်သို့ လှည့်ကြည့်မိသေးသည်။ ပြီးမှ သတိရပြီး ပြုံးရယ်မိ၏။

စာရွက်ကလေး၏ ကျောဘက်ကို လှန်ကြည့်လိုက်သည်။ ကလေးလက်ရေးမျိုးဖြင့်...

*မောင်ရည်ညွှန်း + မချစ်မိုးဆွေ*
*သူငယ်တန်း (က)*
*ခကျွေးကျောင်း အမှတ်(၁၅၀၀)*

ဟု ပေါ်တောတောရေးထားလေသည်။

ကပျာကယာ ဘေးဘီကို လှည့်ရှာတော့ ရည်ညွှန်းက သစ်ပင်ကြီးတစ်ပင်နောက်မှ ထွက်လာသည်။ ရယ်ကျဲကျဲနှင့်...

''ခင်ဗျား တစ်ယောက်တည်းလား''

ချစ်မိုးဆွေက မျက်နှာတင်းတင်းနှင့်...

''ရှင်ရော တစ်ယောက်တည်းလား''

''ကျွန်တော်က တစ်ယောက်တည်း''

''ကျွန်မလည်း တစ်ယောက်တည်းပဲ''

ဘာရယ်မဟုတ်ဘဲ ရယ်မိကြသည်။

တစ်ယောက်မျက်နှာကိုလည်း တစ်ယောက် ကြည့်မိကြ၏။

''ဒီစာရွက်ကို ရှင်ရေးထားတာလား''

''ဟုတ်တယ်''

''ဘယ်တုန်းကလဲ''

''စောစောကပဲ ရေးလိုက်တာ၊ ခင်ဗျား လာနေတာမြင်လို့''

''ဩော်...ဒါဆို ဘောလ်ပင်ပါတယ်ပေါ့၊ စာရွက်ကော ပါသေးလား''

ရည်ညွှန်းက ရယ်သည်။

''ကျွန်တော်က စာရေးဆရာ လုပ်ချင်တဲ့ ကောင်ဗျ၊ ကျွန်တော့်ကိုယ်ပေါ်မှာ ဘောလ်ပင်နဲ့ စာရွက်အမြဲတမ်းပါတယ်''

"အဲဒါဆို ကျွန်မကို ခဏပေးစမ်းပါ"

"ဘာရေးမလို့လဲ"

"ရေးပြီးရင် ရှင့်ကို ပြပါ့မယ်"

လမ်းဘေးသစ်မြစ်ဆုံကြီးတစ်ခုပေါ်တွင် ထိုင်ချပြီး ချစ်မိုးဆွေက စာကို ငုံ့ရေးသည်။ ထို့နောက် ရည်ညွန်းကို စာရွက်ကမ်းပေး၏။

"ရော…အဲဒီမှာ ဖတ်ကြည့်"

ရည်ညွန်းက စာကို ဖတ်ရင်း ပြုံးရယ်လာသည်။ စာထဲမှာ ရေးထားတာက…

*ကိုကြီးမော်ဆရာရှင့်…*

*"အမုန်း"၏ အဓိပ္ပါယ်ကို ပြောပြပါ။ ယုံတမ်းစကား မဖြစ်ပါစေနှင့်။ မှန်တမ်းစကားလည်း မဖြစ်ပါစေနှင့်။ ဝတ်ကျေတန်းကျေပြောသော စကားလည်း မဖြစ်ပါစေနှင့်။ အမုန်းအကြောင်းမှလွဲ၍ အခြားမည်သည့်အကြောင်းမှ မပါပါစေနှင့်။ ဆက်ဆက်ဖြေဖြစ်အောင် ဖြေပါ။ မဖြေဘဲလည်း မနေပါနှင့်။*

ရည်ညွန်းက ထိုမေးခွန်း၏အောက်မှာ ချက်ချင်း ပြန်ရေးပေးလိုက်သည်။

*ညီမလေးရေ…*

*အမုန်းအကြောင်းကို ကိုကြီး ပြောပြပါ့မယ်။ ဆက်ဆက် ပြောပြပါ့မယ်။ ဒါပေမယ့် ဒီစကားကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်တွေမှာ နားမထောင်ပါနဲ့။ ကြားရက်တွေမှာလည်း နားမထောင်ပါနဲ့။ တခြားအဆင်ပြေတဲ့ နေ့ရက်မှာ လူကိုယ်တိုင် လာခဲ့ပါ။ အမုန်းအကြောင်း ပြောပြပါ့မယ်။*

ချစ်မိုးဆွေက ထိုအဖြေကို ဖတ်ပြီး နှုတ်ခမ်းကိုမဲ့ကာ…

"ဟဲဟဲ…ဒါကတော့ ယောက်ျားတို့ တတ်အပ်တဲ့ ပညာပဲဗျ"

"အင်း…ဆက်ကြည့်ကြသေးတာပေါ့"

ရည်ညွန်းက စာရွက်ပေါ်မှာ နောက်ထပ်မေးခွန်းတစ်ပုဒ်ကို ထပ်ရေးလိုက်သည်။





***ညီမလေးခင်ဗျား–***

***အချစ်ရဲ့စွမ်းအင်ဟာ ဘယ်လောက်ထိ ကျယ်ပြန့်ပါသလဲ။***

ချစ်မိုးဆွေက စာရွက်ကို ဖျတ်ခနဲဆွဲယူပြီး ချက်ချင်း ပြန်ဖြေသည်။

***အများကြီးပေါ့ရှင်။***

***အဲဒီလိုအချစ်မျိုးဖြစ်မြောက်ဖို့ အချိန်ဘယ်လောက်လိုပါသလဲ ခင်ဗျား။***

***"လက်ခနဲ"လျှပ်စီးတစ်ချက်ပြက်သလောက် အချိန်ကလေး အတွင်းမှာတောင် ဖြစ်နိုင်ပါတယ်။***

ရည်ညွန်းက စပ်ဖြဲဖြဲနှင့်…

***"ဒါဆိုရင် ကျွန်တော့်အပေါ် လက်ခနဲ တစ်ချက်လောက် အချစ်နဲ့ ပြိုးပြက်ပေးပါ ခင်ဗျာ"***

***အများကြီး စောင့်လိုက်ပါဦး၊ အစ်ကိုကြီးရှင့်။***

ရည်ညွန်းက တဟားဟားရယ်သည်။

"ဟားဟား…ခင်ဗျားကလည်း ဒါမျိုးကျ တတ်သားပဲ"

"မော်ဆရာနဲ့ ပေါင်းမှတော့ မော်ဆရာမ ဖြစ်ပြီပေါ့ရှင်"

"ဒါပေါ့ဗျာ၊ ဒါမှသာ ရှေ့သွားနောက်လိုက်ညီမှာပေါ့"

"အောင်မာ ရှင့်စကားက ဘာစကားလဲ"

"အရပ်သုံးဝေါဟာရအရဆိုရင်တော့ လူပျိုစကားပေါ့ဗျာ"

စကားအဆုံးမှာ ရည်ညွန်းက ဝါးတံတားကြီးကို လက်ညှိုးထိုးပြပြီး အဝေးသို့ လှမ်းငေးကာ…

"ဒီတံတားကနေ ကူးသွားရင် ဘယ်ရောက်လဲဗျ"

"ဟိုဘက်ကမ်းကို ရောက်မယ်"

အမှန်တော့ သူမက ဂျစ်တိုက်၍ ဖြေလိုက်ခြင်းဖြစ်သည်။ သို့သော် ရည်ညွန်းက ထိုအဖြေကိုပင် သဘောကျကာ…

"ဟုတ်လား၊ ဒါဖြင့် လာဗျာ၊ ကျွန်တော်တို့ ဟိုဘက်လမ်းကို ကူးကြရအောင်"

တံတားပေါ်မှာလည်း ရည်ညွန့်က ကလေးတစ်ယောက်လို ပေါက်ကရတွေ လျှောက်ပြောနေသည်။

''ခင်ဗျားက တစ်ဦးတည်းသော သမီးဖြစ်သလို ကျွန်တော်ကလည်း တစ်ဦးတည်းသော သားဗျ။ ရန်ကုန်ပြန်ရောက်ရင် မိဘတွေကို ကျွန်တော် အိမ်ထောင်ပြုတော့မယ်ဆိုတဲ့အကြောင်း ပြောလိုက်မယ်။ သူတို့က ကျွန်တော့်ကို မြို့ထဲက တိုက်ခန်းတစ်ခန်းရယ်၊ ဗိုလ်ချုပ်ဈေးက ဆိုင်ခန်းတစ်ခန်းရယ် ပေးလိမ့်မယ်။ ပြီးရင် ခင်ဗျားကို ယူမယ်။ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်မွေးမယ်၊ ပြီးရင် တရုတ်ကလေးတစ်ယောက်ကို ထပ်မွေးမယ်''

သူ့စကားကြောင့် ချစ်မိုးဆွေ လန့်ဖျပ်သွားရသည်။

''ရှင် တရုတ်ကလေး ဟုတ်လား''

''ဟုတ်တယ်''

သူမ စူးစူးဝါးဝါးအော်လိုက်မိ၏။

''ဘယ်လိုဖြစ်လို့ တရုတ်ကလေးကို မွေးရမှာလဲ''

''သူက သုံးယောက်မြောက်လေ''

''အဲဒါနဲ့ ဘာဆိုင်လဲ''

''သတင်းစာထဲမှာ ပါတယ်လေ၊ ခုကမ္ဘာကြီးမှာ ကလေးသုံးယောက်မွေးရင် တစ်ယောက်က တရုတ်တဲ့''

''ဟောတော့...''

ချစ်မိုးဆွေမှာ ပါးစပ်အဟောင်းသားနှင့်သာ ရည်ညွန့်ကို ငေးကြည့်နေရတော့သည်။

ပြီးမှ သတိဝင်လာပြီး...

''နေပါဦး၊ နေပါဦး၊ ကိုယ့်တာသာ အပိုင်တွေ တွက်နေလိုက်တာ၊ ရှင့်ကို ဘယ်သူက ယူမယ်ပြောလို့လဲ''

''ဘာလဲ၊ ခင်ဗျားက အပျိုကြီးလုပ်မှာ မို့လို့လား''

''မလုပ်ပါဘူး၊ ယောကျ်ားကတော့ ယူမှာပေါ့''

''အေးလေဗျာ၊ ကျွန်တော်က ယောကျ်ားပဲဥစ္စာ၊ ကျွန်တော့်ကို ယူပေါ့''





''ရှင် ယောကျ်ားဖြစ်တာနဲ့ပဲ ရှင့်ကို ယူရတော့မှာလား၊ မြန်မာပြည်မှာ ယောကျ်ားတွေ အများကြီး''

ရည်ညွန့်က သူ့ရင်ကို ကော့လိုက်ပြီး...

''ဒီမယ် ခင်ဗျား မှတ်ထား''

''ဘာလဲ''

''မြန်မာပြည်မှာ ယောကျ်ားတွေ များပေမယ့် မှော်ဆရာ တစ်ယောက်တည်းဗျ''

ရည်ညွန့်၏ လေသံက ''ဘူးကလေးနဲ့က အသင့်ချုပ်ပြီးသားဗျ'' ဆိုသော လေသံမျိုးဖြစ်သည်။

ချစ်မိုးဆွေ ခစ်ခနဲ ရယ်လိုက်မိ၏။

ပြီး...

''နေဦး၊ ရှင့်ကို ပြောစရာရှိသေးတယ်''

''ဘာပြောမှာလဲ''

''ချမ်းအေး ပြန်သွားပြီ၊ ရှင်သိလား''

''မသိဘူး၊ ဒါပေမယ့် မပြန်လို့ သူက ဘာဆက်လုပ်ရမှာလဲ''

''အင်း ရှင်ကတော့ လေသံမာနိုင်မှာပေါ့လေ၊ သူကတော့ ပြောပါတယ်၊ ရှင့်ကို အရှုံးပေးခဲ့ပါတယ်တဲ့''

တစ်ဖက်ကမ်းသို့ ရောက်ကြပြီဖြစ်သည်။ မြက်ခင်းစိမ်းစိမ်းပေါ်နင်းလျှောက်သွားကြရင်း...

''သူက ဘာဖြစ်လို့ အရှုံးပေးတာတဲ့လဲ''

''ရှင်ဟာ သူ့ထက် စောတဲ့သူဖြစ်နေလို့တဲ့၊ ပထမလူကို ဦးစားပေးတဲ့ သဘောပေါ့လေ''

''သြော်...''

ရည်ညွန့် တစ်ချက် ငိုင်သွားသည်။ စိတ်ထဲမှာ အုံ့အုံ့ပျပျ ခံစားလိုက်ရသည်။ နေမျိုးနှင့် ချမ်းအေးတို့၏ မျက်နှာကို မြင်ယောင်ပြီး ရင်တွင်းစကား တချို့ကို ပြောဖြစ်သည်။

နေမျိုးနဲ့ ချမ်းအေးတို့ရေ

ငါ မင်းတို့ကို မတရားလုပ်ခဲ့တာ မဟုတ်ပါဘူး။ ယုံတမ်းစကားတွေကို ချစ်တတ်တဲ့ ကောင်မလေးအတွက် ဒီစကားကို ပြောခဲ့တာပါ။

တကယ်တော့ မင်းတို့အရင် သူ့ကို ဖုန်းပြောခဲ့တဲ့သူဆိုတာ ငါ မဟုတ်ပါဘူး။ မဟုတ်ဘဲနဲ့ ငါပြောခဲ့တာပါ။ ညာတာ မဟုတ်ပါဘူး။ ယုံတမ်းစကားလေးတစ်ခွန်း ပြောလိုက်တာပါ။

ငါ့ဘဝမှာ ပထမဆုံးပြောဖူးတဲ့ ယုံတမ်းစကားပဲ။ တိုတိုလေးပါကွာ။ တစ်ခွန်းတည်းရယ်ပါ။ ဒါပေမယ့် မင်းတို့အားလုံး အငိုက်မိသွားတယ်။ မင်းတို့တွေက ယုံပြီး ငါ့ကို အရှုံးပေးလိုက်ကြရတယ်။

ကောင်မလေးက ယုံပြီး ငါ့ကို ပြန်ချစ်တယ်။ ယုံတမ်းစကားကို အသုံးပြုပြီး ပြိုင်ရတဲ့ပွဲမှာ အားလုံးအပေါ်မှာ တရားမျှတခဲ့ပါတယ်။

"ဟိတ်"

"ဟင်..."

ချစ်မိုးဆွေက ရည်ညွန့်၏ လက်ကို ကိုင်လှုပ်ကာ...

"ဘာငိုင်နေတာလဲ"

"မငိုင်ပါဘူး"

"ဟိုးမှာကြည့်စမ်း၊ လှတယ်"

သူမ လက်ညှိုးညွှန်ရာသို့ ရည်ညွန့် လိုက်ကြည့်လိုက်သည်။ နေဝင်ချိန်၏ အနီဖျော့ဖျော့ကောင်းကင်ပေါ်မှာ ငှက်ကလေးနှစ်ကောင် တူယှဉ်တွဲပြီး လှပစွာ ပျံသန်းသွားတာကို တွေ့လိုက်ရလေသည်။

လေးစားစွာ...

တာရာမင်းဝေ

၂၈-၃-၂၀၀၀

# ကျေးဇူးတင်ပါသည်။

မြန်မာပြည်သား

Thank You